# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၃)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးအနက်ဂုဏ်ပြုသတ်မှတ်ထားသော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။ ဤရက်မြတ်အချိန်အခါကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**"ရေလိုအပ်မှုများပြားသည့် စပါးအခြေခံ သီးနှံပုံစံများနေရာတွင် ဈေးကွက်ဝယ်လိုအားရှိသော တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးမှုပုံစံကို ပြောင်းလဲစိုက်ပျိုးရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၁) ကျင်းပစဉ်။ သတင်းစဉ်

# CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူရန် ညွှန်ကြားထားပြီးဖြစ်

နေပြည်တော် မတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✤

**၂၀၂၁ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏**

# ရာသီဥတုပြောင်းလဲမှုနှင့်လျော်ညီစွာ

၂၁ ရာစုနှစ်ဦးပိုင်းမှစကာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများက သိသိသာသာ ထင်ထင်ရှားရှားဖြစ်လာသည်။ ပုံမှန်မဟုတ်သည့် ရာသီဥတု၏အပြောင်းအလဲနှင့် အကျိုးဆက်များကို ကမ္ဘာ့နိုင်ငံအသီးသီးတို့ ခံစားကြရသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို ခံစားရသည်ဟု ဆိုရာတွင် ကောင်းကျိုးထက် ဆိုးကျိုးကို ပို၍ ခံစားနေကြရခြင်းဖြစ်သည်။ ယင်းသို့သော နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးရသလို ဂေဟစနစ်များလည်း ယိုယွင်းရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုက်ရိုက်ထိခိုက်စေသည့်အတွက် စားနပ်ရိက္ခာထုတ်လုပ်မှုကိုလည်း လျော့နည်းကျဆင်းစေသည်။ ရာသီဥတုပြောင်းလဲခြင်းက မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးအပေါ် အဓိက အမှီပြုနေရသည့် နိုင်ငံအတွက် လွန်စွာအရေးကြီးသည်။ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးရေးပုံစံနှင့် သီးနှံပုံစံတို့ကို ပြောင်းလဲရန်မှာ အရေးတကြီး လိုအပ်ချက်ဖြစ်လာသည်။ မုတ်သုံမိုးကို မှီခို၍ စိုက်ပျိုးနေရသော စပါးစိုက်ပျိုးမှုသည် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲမှုများကြောင့် စိုက်ပျိုးမှုပုံစံ ပြောင်းလဲရန်နှင့် စပါးမျိုးကိုလည်း ရာသီဥတုအခြေအနေနှင့်ကိုက်ညီမည့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်လာသည်။

မိုးလေဝသပညာရှင်များ၏ အဆိုအရ မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုသည် အကြမ်းဖျင်းအားဖြင့် ယခင်က ၁၄၄ ရက်ခန့် ရှိရာမှ နောက်ပိုင်းတွင် ၁၀၅ ရက်ခန့်သာ ရှိလာသည်ဟု ဆိုသည်။ နှစ်စဉ် မိုးရေချိန်များကို နှိုင်းယှဉ်လေ့လာပါက နောက်ပိုင်း ဆယ်စုနှစ်တွင် မိုးရေချိန်လက်မ ပိုမိုများပြားသော်လည်း နေရာကွက်၍ မိုးကြီးသည့်နေရာတွင် ကြီးကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်း၊ မိုးခေါင်ခြောက်သွေ့သည့်နေရာ၌ ခြောက်သွေ့ခဲ့ခြင်း စသည့်ပုံမမှန်သော ရာသီဥတုသာ ဖြစ်သည်။ ယင်းသို့သော အခြေအနေများက ရေရှည်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်ပေါ်လာမည်ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ စီးပွားဖြစ် သီးနှံစိုက်ပျိုးမှုပုံစံတို့ကို ဒေသအလိုက်သုတေသနပြုဖော်ထုတ်ရန်နှင့်တောင်သူလယ်သမားများအား နည်းပညာအကူအညီများ ပေးအပ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ စပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့်စပါး၊ သက်တမ်းတိုသည့်စပါး၊ မိုးခေါင်မှုဖြစ်ပေါ်ပါက ရေငတ်ဒဏ်ခံနိုင်သည့်စပါး၊ ဈေးကွက်တွင်လည်း ရောင်းတန်းဝင်သည့် စပါးမျိုးဖြစ်ဖို့ လိုသည်။ စိုက်နည်းစနစ်တွင်လည်း ပျိုးသက်နုကောက်ကွက်ကြဲစိုက်ပျိုးခြင်း၊ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကြဲခင်းစနစ်စိုက်ပျိုးခြင်း နည်းလမ်းတို့ကို ကျင့်သုံးနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။ စပါးအပြီး စိုက်ပျိုးမည့် သီးထပ်သီးနှံကိုလည်း ရာသီဥတုအခြေအနေ၊ ဈေးကွက်အခြေအနေတို့အပေါ် မူတည်ပြီး ပုံစံချစိုက်ပျိုးသွားရန် အကြံပြုထားသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် တောင်သူလယ်သမားတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ဖြစ်သည်။ ရာသီဥတုဟူသည် သဘာဝဖြစ်စဉ်တစ်ရပ်ဖြစ်သည့်အလျောက် လူသားတို့က လိုသလိုပြုပြင်ဖန်တီး၍မရနိုင်ဘဲ ရာသီဥတုနှင့် လိုက်လျောညီထွေအောင်သာ ပြောင်းလဲကြရမည်ဖြစ်သည်။ လူသားတို့၏ အသိပညာ၊ အတတ်ပညာ၊ လုံ့လဝီရိယတို့ဖြင့် သဘာဝတရားကို ရင်ဆိုင်ကျော်လွှားကာ လူ့ဘောင်ဘဝ သာယာဝပြောရေး ဖန်တီးဖော်ဆောင်ကြရာတွင် တောင်သူလယ်သမားတို့၏ စွမ်းပကားဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရေးသည်လည်း လူသားကမ္ဘာအတွက် အသက်သွေးကြောလိုအပ်ချက်ပင် ဖြစ်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေး ခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကိုလေးဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံ<br>တိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာစောပြုံးနိုင်<br>ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာတင်မောင်ထွန်း<br>ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာတင်ထွန်း<br>ပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာခင်သီတာ<br>ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်း<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာသက်လွင်<br>ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၇) | ဒေါက်တာ အောင်ကျော်<br>ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

❒ *ရှေ့ဖုံးမှ*

လယ်ယာကဏ္ဍ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက်သာမက ကျေးလက်နေပြည်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကကျောရိုးလုပ်ငန်းကြီးဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ တိုးတက်ပြောင်းလဲမှုပုံသဏ္ဌာန်ကို ဖော်ဆောင်လျက်ရှိသည့်အတွက် လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ၏ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာဖူလုံရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်၊ ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိစေရန် အပင်ပန်းခံကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ပေးကြသည့် နိုင်ငံ၏ထမင်းရှင်၊ ကျေးဇူးရှင်ကြီးများဖြစ်ကြသော တောင်သူလယ်သမားကြီးများအား နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းထားသည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ပံ့ပိုးကူညီထောက်ပံ့မှုများကို ထိရောက်အောင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် စိုက်ပျိုးသီးနှံများအတွက် တောင်သူလယ်သမားများအား အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ကြေးများကို ကျပ် ၂၃.၆၈ ဘီလီယံ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် တောင်သူလယ်သမားများဈေးကွက်တွင် မျှတသည့်ဈေးနှုန်းရရှိနိုင်ရန် အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်သတ်မှတ်ခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းစနစ်ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်ရေးအပြင် တစ်ဖက်တွင်လည်း တောင်သူလယ်သမားများအတွက် သွင်းအားစုရရှိရေးနှင့် ဈေးကွက်သေချာစေမည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာနိုင်ရေးအတွက် တွန်းအားပေးလျက်ရှိပြီး ယင်းစနစ်အား တစ်ပြေးညီကျင့်သုံးနိုင်မည့် လုပ်ထုံးလုပ်နည်းကို ချမှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လယ်ယာကဏ္ဍကြီးအနေဖြင့် အရည်အသွေးကောင်း သီးနှံ၊ အသားနှင့် ငါးများ ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ဒေသရေမြေနှင့်လျော်ညီသည့် သီးနှံ၊ သားငါးများ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်မည့် ခေတ်မီနည်းပညာဖြန့်ဖြူးရေး၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်ကူးစက်မှုများ ကာကွယ်ထိန်းချုပ်ရေး၊ လယ်ယာ သားငါး ကုန်စည်များ ပြည်တွင်း/ ပြည်ပဈေးကွက်များသို့ ချောမွေ့စွာ ကူးသန်းရောင်းဝယ်နိုင်ရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

လယ်ယာကဏ္ဍကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားကြီးများ ဈေးကောင်းရမည့် အရည်အသွေးကောင်း သီးနှံများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ ရေသတ္တဝါများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်းနှင့် နည်းပညာပေးခြင်းများအပြင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP) ၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP) ၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) တို့ကို ကျင့်သုံးရေး ဆောင်ရွက်ခြင်း၊ Myanmar's GAP Protocol and Guideline များ ထုတ်ပြန်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လက်ရှိကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသီးကြွေခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုအမျိုးမျိုးကြောင့် တောင်သူလယ်သမားအများစု၏ လူမှုစီးပွားဘဝကို ထိခိုက်မှုများရှိနေပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) တွင် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်မှလည်း သစ်တောပြုန်းတီးမှုကာကွယ်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာ အဆင့်အတန်းနိမ့်ကျမှု လျော့နည်းစေရေးအတွက် မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ရေရှည်စိုက်ပျိုးနိုင်ပြီး မြေဆီလွှာအရည်အသွေး တိုးတက်မြင့်မားလာစေမည့် သီးနှံစိုက်ပျိုးနည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးသွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိအားဖြင့် အသားတင်စိုက်ပျိုးမြေဧက (၂၉.၅၉) သန်း ဖြစ်သော်လည်း ယင်းမြေပေါ်တွင် တောင်သူလယ်သမားကြီးများက ရာသီအလိုက် သီးထပ်၊ သီးညှပ်များလည်း စိုက်ပျိုးလျက်ရှိသဖြင့် နှစ်စဉ်သီးနှံစိုက်ပျိုးဧက စုစုပေါင်းမှာ ဧက (၄၈) သန်း ကျော်ဖြစ်ပါသည်။ တိုးတက်လာသော နိုင်ငံ့လူဦးရေ၏ နေ့စဉ်စားနပ်ရိက္ခာဖူလုံရန်အတွက် တောင်သူလယ်သမားကြီးများက စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်ပြီး ရာသီအလိုက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံမျိုးများကို စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း မြင့်မားလာစေမည်ဖြစ်ပါသည်။ ထို့အပြင် မြေယာအသုံးချမှုတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ မိသားစုဝင်ငွေကို တိုးတက်စေသည့်အပြင် နိုင်ငံအတွက် စားနပ်ရိက္ခာကို ဖူလုံပိုလျှံစေမည်ဖြစ်သဖြင့် စိုက်ပျိုးမြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုကြပါရန် တိုက်တွန်းအပ်ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ယခုရာစုနှစ်အတွင်းမှာပင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံအမျိုးအစား၊ သီးနှံပုံစံ၊ စိုက်ပျိုးနည်းစနစ် စသည်တို့ကို ပြောင်းလဲစိုက်ပျိုးနိုင်မည့်အစီအမံများကို ရေတိုရေရှည် စီမံချက်များချမှတ်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ညီညွတ်စွာပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက်ရှိပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံ ဧက (၂၄) သိန်းခန့်ကို တည်ဆောက်ပြီး ဆည်တမံနှင့် အခြားရေရရှိရေးလုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေမှု ဆောင်ရွက်လျက်ရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုလျော့ပါးရေးအတွက် နိုင်ငံတစ်ဝန်းတွင် ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းပေါင်း (၄၅၁၉) ခုကို ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လယ်မြေဧက (၃) သန်းကို ကာကွယ်ပေးနိုင်ခဲ့ပါသည်။

ကုန်ဆုံးခဲ့သည့်နှစ်များအတွင်း မုတ်သုံမိုးရွာသွန်းရက်နှင့် မိုးရေချိန်နည်းပါးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် မိုးရေရရှိမှုလျော့နည်းလျက်ရှိသဖြင့် တည်ဆောက်ပြီး ရေလှောင်တမံများ၏ ရေသိုလှောင်မှုပမာဏ လျော့ကျလျက်ရှိပါသည်။ သိုလှောင်ဖြန့်ဖြူးပေးလျက်ရှိသောရေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဆည်ရေပေးမြောင်းများ ပြုပြင်တည်ဆောက်မှုအပြင် ရေပေးဝေမှုစနစ်များ ပိုမိုကောင်းမွန်ရန် လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် ရေကိုအလေအလွင့်လျော့ပါးပြီး ထိရောက်စွာခွဲဝေသုံးစွဲနိုင်ရန် တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်နိုင်သော ရေအသုံးချသူအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိရာ ပြည်နယ်/ တိုင်းဒေသကြီး (၁၃) ခုတွင် အဖွဲ့ပေါင်း (၈၁၈၈) ခုကို တောင်သူလယ်သမား (၂၃၈၇၅၀) ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ တောင်သူလယ်သမားကြီးများအနေဖြင့် ရေအသုံးချသူအစုအဖွဲ့များတွင် ကိုယ်တိုင်ပါဝင်ပြီး သီးနှံစိုက်ပျိုးမှုအတွက် ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချကြရန်နှင့် လေလွင့်ဖြုန်းတီးမှုမဖြစ်စေရေး အလေးဂရုပြု ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

တစ်ဖက်တွင်လည်း ရေလိုအပ်မှုများပြားသည့် စပါးအခြေခံသီးနှံပုံစံများနေရာတွင် ဈေးကွက်ဝယ်လိုအားရှိသော တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးမှုပုံစံကို ပြောင်းလဲစိုက်ပျိုးရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေရရှိမှုနည်းပါးလာပြီး ဆည်ရေသိုလှောင်မှု ပုံမှန်ထက်လျော့နည်းသဖြင့် ရေကို အကျိုးရှိရှိ အသုံးချစေလိုပါသည်။ နိုင်ငံတော်မှလည်း ဒေသအလိုက် သင့်လျော်သော သီးနှံစိုက်ပျိုးမှုပုံစံများကို စံပြကွက်များတည်ထောင်ပြီး ပညာပေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ စိုက်ပျိုးမွေးမြူသူတောင်သူလယ်သမားကြီးများအနေဖြင့် ဈေးကွက်ရရှိပြီး ဝင်ငွေမြင့်မားသော လယ်ယာစီးပွားလုပ်ငန်းများကို ရွေးချယ်ပြီး ပြောင်းလဲဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုအခြေအနေအရ သဘာဝဘေးအန္တရာယ်များ၊ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါ ကျရောက်မှုအခြေအနေများကို ရင်ဆိုင်နေရလျက်ရှိပြီး နိုင်ငံနှင့်ပြည်သူပြည်သားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေအနေများယုတ်လျော့မှု နည်းနိုင်သမျှနည်းပါးအောင် စွမ်းဆောင်ကြိုးပမ်းလျက်ရှိပါသည်။ အထူးသဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ မြို့ပြနှင့်ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏စွမ်းဆောင်ရည် တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးလိုပါသည်။

နိုင်ငံအဝန်းရှိ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ စွမ်းအားကို ရယူပေါင်းစု၍ လယ်ယာထုတ်ကုန်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ပြီး၊ မြေပြုပြင်မျိုးစေ့ချ စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ လုပ်ငန်းစဉ်အဆင့် အားလုံးတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် တောင်သူလယ်သမားများလည်း လက်တွေ့ပါဝင် လုပ်ဆောင်ခွင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေးအတွက် သမဝါယမကဏ္ဍအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စိတ်စေတနာအပြည့်အဝဖြင့် ရိုးသားဖြူစင်စွာ ကြိုးစားဆောင်ရွက်ကြသည့် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားလူမှုစီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားပြီး နိုင်ငံ၏အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူလက်တွဲကြိုးပမ်းပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**“ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ညီညွတ်စွာပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက်ရှိ”**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ❖ CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန် ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ထားသည့်ဓာတ်ပုံများ အထူးသဖြင့် လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

### သက်ညှာစွာ ဆောင်ရွက်လျက်ရှိ

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကျပ်အတည်း ထိန်းချုပ်မှု၊ တခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိကြောင်း။

### နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လို

ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ သက်တမ်းမှာလည်း ဥပဒေအရ လဲလှယ်ရမည့်အချိန်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့်လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကို တွေ့ရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေး ကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေးအရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့် ဖြစ်စဉ်မျိုးများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည် ရှိနိုင်ကြောင်း၊ ဒီမိုကရေစီ ရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန် လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### အားကစားပွဲများကို ပြန်လည်ကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ထားကြောင်း၊ စီးပွားရေးကဏ္ဍ တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကောင်စီအဆင့်ဆင့်အနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသည် ကိုဗစ်ရောဂါဖြစ်ပွား ထိခိုက်မှုနည်းနိုင်ပြီး ငွေပြန်ရလွယ်ကူသည့် ရောင်းကုန်လုပ်ငန်း ဖြစ်သည့်အတွက် တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်း ကြိုးစားဆောင်ရွက်ရေး အားပေးရန်လိုကြောင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဦးတည်ချက်များလည်း ချမှတ်ပေးထားကြောင်း၊ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ကျန်းမာရေးဦးတည်ချက်ပါရှိကြောင်း၊ ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် ပြင်ပတွင်ကစားရသည့် အားကစားပွဲများကို ပြန်လည်ကျင်းပရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းရန် လိုအပ်ကြောင်း၊ ယင်းအားကစားနည်းမှာ အပိုပစ္စည်းမလိုအပ်ဘဲ အားကစားပြုလုပ်နိုင်သည့် ကိုယ်ခံပညာ အားကစားနည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ရိုးရာအားကစားနည်းများကိုလည်း အားပေးရန် လိုအပ်ကြောင်း။

### ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်

CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ထားသည့် ဓာတ်ပုံများ အထူးသဖြင့် လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများ ဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း။

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေကြေးသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအချို့မှ စိစစ်တွေ့ရှိချက်များကို တင်ပြရာတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးသုံးစွဲရန် နိုင်ငံတော်ထည့်ဝင်ငွေနှင့် ပြည်သူလူထု လှူဒါန်းငွေများကို အခြားမသက်ဆိုင်သည့် နေရာများတွင် သုံးစွဲထားသည်ကို တွေ့ရကြောင်း၊ ယင်းသို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

သတင်းစဉ်

သုံးစွဲမှုမှာ ဘီလီယံများစွာရှိကြောင်း၊ ငွေကြေးအလွဲသုံးစားပြုလုပ်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ စိစစ်ဖော်ထုတ်လျက်ရှိကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီရယ်၊ ဦးစိုင်းလုံးဆိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့က အသင်းအဖွဲ့များသို့ ဥပဒေနှင့်မညီဘဲ နိုင်ငံခြားငွေများဝင်ရောက်နေမှုနှင့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များနောက်ကွယ်မှ လူနှင့်ငွေကြေးပံ့ပိုးနေမှုများအား အရေးယူဆောင်ရွက်ရန်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား ဥပဒေနှင့်မညီသည့်အတွက် အရေးယူဆောင်ရွက်ရန်နှင့် ပြည်ပအဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့နေသည့်ကိစ္စ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများ အမြန်ဆုံးစစ်ဆေးထုတ်ပြန်သွားရေးကိစ္စ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်ကိစ္စ၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ နိုင်ငံတကာသို့ တင်ပို့နိုင်ရေးကိစ္စ၊ နိုင်ငံတကာတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာသံတမန်များအား ပြန်လည်စိစစ်ရန်ကိစ္စ၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးကိစ္စ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရေးကိစ္စ၊ လယ်ယာမြေသန်းခေါင်စာရင်း ကောက်ယူရေးကိစ္စ၊ ကျေးရွာ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးကိစ္စ၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ပြည်ပတွင် စျေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ရောင်းချခွင့်ရရှိရေး ဆောင်ရွက်ပေးရန်ကိစ္စ၊ ပြီးခဲ့သည့်အစိုးရလက်ထက်က အဂတိလိုက်စားမှုများအား ဖော်ထုတ်အရေးယူရန်ကိစ္စ၊ ပြည်သူ့ဆေးရုံကြီးအချို့တွင် တာဝန်ရှိသူများက ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ဥပဒေနှင့်မညီဘဲ ခွင့်ပေးနေသည့်ကိစ္စ၊ ဝန်ထမ်းများ CDM လှုပ်ရှားမှုများကို ပြည်တွင်း၌ ဦးဆောင်နေသူများနှင့် ပြည်ပမှအကြံပေးနေသူများအား ဖော်ထုတ်အရေးယူရန်ကိစ္စ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုအခြေအနေနှင့် ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်နေမှုအခြေအနေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ တိုက်ပွဲရှောင်ဒေသများတွင် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် COVID-19 ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

### အရေးယူ ဆောင်ရွက်လျက်ရှိ

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပ အထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်း ရှိ၊မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့်ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊

*စာမျက်နှာ ၅ သို့*

# ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားနေ

COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြောင်း၊ တစ်ဖက်တွင်လည်း ကာကွယ်ဆေးရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေပြီး စာချုပ်အရရောက်ရှိရမည့် ကာကွယ်ဆေးများလည်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းနိုင်ရန် စနစ်တကျခွင့်ပြုပေးထားကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပညာလည်းသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍လည်း တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ပြည်သူများစနစ်တကျလိုက်နာရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားနေပါကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

**“ အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့်ညီ၊ မညီ၊ ပြည်ပ အထောက်အပံ့နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင်ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ် ”**

*စာမျက်နှာ ၄ မှ*

မဲမသမာမှုများနှင့် စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင်ပါဝင် ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မြန်မာ့အားကစားများအား စနစ်ကျပြီး အဆင့်မီသည့် အားကစားများဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နယ်စပ်ဂိတ်အားလုံးနီးပါးအား ဖွင့်လှစ်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ပြီး အာမခံချက်ရှိသည့် လူမှုစီးပွားဘဝရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင်ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၆ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## သတင်းကြေညာချက်

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ပမြန်မာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ပြည်ပတာဝန်ထမ်းဆောင်သည့် သတ်မှတ်ကာလပြည့်မြောက်သည့်အချိန်တွင် မြန်မာနိုင်ငံ (နိုင်ငံခြားရေးဝန်ကြီးဌာန) သို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ပတာဝန်ထမ်းဆောင်ရန် သတ်မှတ်ကာလပြည့်မီသည့် ဝန်ထမ်းများအား ပြည်ပမြန်မာသံရုံးများသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်လေ့ရှိပါသည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောင်းရွှေ့အမိန့်စာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်လိုသည့်ရည်ရွယ်ချက်ဖြင့် ပြည်တွင်း/ပြည်ပရှိ ဝန်ထမ်းများအား စိတ်ဓာတ်ပျက်ပြားစေရန်၊ ဝန်ထမ်းအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်နှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် facebook အပါအဝင် လူမှုကွန်ရက်များပေါ်တွင် ဖန်တီးလှုံ့ဆော်ရေးသား ဖော်ပြနေကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ လုပ်ကြံဖန်တီးလှုံ့ဆော်နေသော အကြောင်းအရာများသည် မှန်ကန်မှုမရှိသော သတင်းမှားများသာဖြစ်ပါသည်။

အဆိုပါ ဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းကိစ္စရပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပုံမှန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# အဏ္ဏဝါပြင်ကျယ် ရေလှိုင်းများထက် ကျော်လွန်၍

## သိဃ်သူ

ယမန်နှစ် ၂၀၂၀ ပြည့်နှစ် နှစ်လယ်ကာလ။ မလေးရှားရောက် မြန်မာလူမျိုးများအသိုင်းအဝိုင်းအတွင်း ဝမ်းနည်းကြေကွဲဖွယ်၊ တုန်လှုပ်ချောက်ချားဖွယ် သတင်းဆိုးကြီးများ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို ပျံ့နှံ့လာခဲ့သည်။ တစ်လမျှပင် မကြာသည့်ကာလအတွင်း မလေးရှားရောက် မြန်မာရွှေ့ပြောင်းလုပ်သားများ တစ်ဦးပြီး တစ်ဦး ကြိုးဆွဲချသတ်သေခဲ့ကြရာ ရှစ်ဦးအထိ ရှိခဲ့သည်။ သူတို့အားလုံးသည် မလေးရှားသို့ တရားမဝင်ရောက်ရှိနေကြသူ လူငယ်လူရွယ် အရွယ်ကောင်းများဖြစ်ကြပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သူတစ်ပါးတိုင်းပြည်တွင် နေထိုင်ရပ်တည်ရန် ခက်ခဲလာခဲ့ရာမှ ကူကယ်ရာမဲ့ဘဝဖြင့် နေ့စဉ်ဘဝကို စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ဖြတ်သန်းကြရင်း နောက်ဆုံးတွင် မျှော်လင့်ချက်တို့ကိုရော အသက်တို့ကိုပါ စွန့်လွှတ်သွားခဲ့ကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ လှိုင်းရိုက်ခတ်မှုပြင်းထန်ချိန် မလေးရှားတွင် လော့ခ်ဒေါင်းချလိုက်သည့်အတွက် စက်ရုံ၊ အလုပ်ရုံများကို ပိတ်လိုက်ရပြီးနောက် ထောင်နှင့် သောင်းနှင့်ချီသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ဒုက္ခများ စတင်လာခဲ့ခြင်းဖြစ်သည်။ အလုပ်လက်မဲ့ဖြစ်သွားခြင်း၊ မိမိတို့နေထိုင်ရာနေရာများမှ မောင်းထုတ်ခံရခြင်း၊ ဝင်ငွေမရှိတော့သလို စားစရာလည်း မရှိတော့ခြင်း၊ အထောက်အထားမဲ့နေထိုင်သူများဖြစ်သဖြင့် နေရပ်သို့ပြန်ရန် အခွင့်အလမ်းမရှိတော့ဟု ယူဆကြပြီး စိတ်ဓာတ်များအောက်ဆုံးအထိ ကျဆင်းခဲ့ရာမှ အသက်ရှင်သန်လိုစိတ်တို့ပါ ကုန်ဆုံးခဲ့ကြခြင်းလည်း ဖြစ်သည်။

### တရားဥပဒေ၏ အကာအကွယ်မရနိုင်

အာဆီယံနိုင်ငံများအနက် မလေးရှားသည် စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းသည့်နိုင်ငံများထဲတွင် ပါဝင်သည်။ အရှေ့တောင်အာရှဒေသမှ ပေါ်ထွက်လာသော အာရှ၏ စီးပွားရေးကျားတစ်ကောင်လည်းဖြစ်သည်။ ထုံးစံအတိုင်းပင် စီးပွားရေးဖွံ့ဖြိုးသည့် နိုင်ငံဆီသို့ သူ့လောက်စီးပွားရေး မဖွံ့ဖြိုးသည့်နိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများ အမြောက်အမြားဝင်ရောက်ကြသည်။ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များစွာတို့လည်း အများအပြားသွားရောက်ကြသည်။ ပင်ပန်းသည့် အလုပ်လုပ်ရသည်ချင်းတူလျှင်ပင် သူတို့ဆီမှာ အလုပ်လုပ်ရခြင်းက ဝင်ငွေများစွာပိုခြင်းကြောင့်ဖြစ်သည်။ ကျေးလက်ဒေသများတွင် ထိုင်း၊ မလေးရှားစသည့်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် သားသမီးများရှိသောအိမ်က သူများအိမ်တွေထက် သိသိသာသာ ထင်ထင်ရှားရှားရှိသည်။ အလုပ်ကောင်းလျှင် ကောင်းသလို သွပ်မိုး၊ အုတ်ပတ်ကား၊ ကြွေပြားခင်း၊ စလောင်းနှင့် ဆိုလာနှင့် အရောင်အသွေးပြောင်သည်။ ဆိုင်ကယ်စီးတာချင်းတူလျှင်ပင် ပို၍ကောင်းသည့် ဆိုင်ကယ်ကိုစီးနိုင်သည်။ အလှူကြီးအတန်းကြီး ပေးနိုင်သည်။ သို့ဖြင့် မြန်မာ့ကျေးလက်၊ မြို့ရွာများစွာတို့မှ လူငယ်လူရွယ်မောင်မယ်များ ထိုင်းနှင့် မလေးရှားသို့ ရောက်အောင်ထွက်ကြသည်။ ပြည်ပအလုပ်အကိုင် အေဂျင်စီများကလည်း ကျေးရွာများ အရောက် ကောက်သင်းကောက်သလို လူရှာကြသည်။ သည်အထဲမှာ တရားမဝင် လူပွဲစားများကလည်း ပါဝင်သည်။ သူတို့ကလည်း “အောက်လမ်း” မှ သွားသည့်နည်းဖြင့် ပို့ဆောင်ပေးကြသည်။ လောကီပညာအောက်လမ်းသည် ညစ်ညမ်းကြမ်းတမ်းအောက်တန်းကျကာ ကြောက်စရာကောင်းသလို လူပွဲစားတို့၏ တရားမဝင်လူကုန်ကူးသည့် “အောက်လမ်း” မှာလည်း ကြောက်စရာကောင်းသည်။ တရားမဝင်သွားရောက်ကြခြင်းဖြစ်သည့်အတွက် တရားဥပဒေ၏ အကာအကွယ်ကို မည်သည့်နေရာတွင်မှ မရနိုင်။ အသက်၊ အရှက်နှင့် လူ့ဂုဏ်သိက္ခာ စသည်တို့ကို လမ်းခရီးတစ်လျှောက်လုံးတွင် လူမှောင်ခိုသမားတို့၏လက်၌ ဝကွက်၍ အပ်ထားကြရခြင်းဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်၊ ထိုင်း-မလေးရှား နယ်စပ်စသည်ဖြင့် နယ်စပ်ဒေသများကို တောလမ်းခရီးများမှ ဖြတ်သန်းကြရခြင်း၊ ထိုင်းနှင့် မလေးရှားနိုင်ငံများအတွင်း လူမှောင်ခိုတို့၏ ကားများပေါ်တွင် ပုန်းလျှိုးကွယ်လျှိုး လိုက်ပါကြရခြင်း၊ ၎င်းတို့ထားသည့်နေရာများတွင် ပုန်းကွယ်နေထိုင်ရခြင်း၊ ၎င်းတို့အတွက် အခြေအနေမကောင်းပါက တောထဲတွင် စွန့်ပစ်ခဲ့ခြင်း၊ မိန်းကလေးများကို လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း စသည်ဖြင့် လူမှောင်ခိုလောကမှ အနိဋ္ဌာရုံ ဇာတ်လမ်းများစွာတို့မှာ မြန်မာ-ထိုင်း-မလေးရှား နယ်စပ်တို့၌ ပွဲတင်ထပ်နေသည်။

### ခေတ်သစ်ကျေးကျွန် ရေလုပ်သားများ

အမေရိကန်က သတ်မှတ်သည့် တရားမဝင်လူကုန်ကူးမှု အများဆုံး နိုင်ငံများစာရင်းတွင် မလေးရှားလည်းပါဝင်ခဲ့သည်။ လူမှောင်ခိုကုန်ကူးသည့်လုပ်ငန်းသည် မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးခြင်းနှင့် လက်နက်မှောင်ခိုကုန်ကူးခြင်းလုပ်ငန်းများကဲ့သို့ပင် လွန်စွာအကျိုးအမြတ်များပြီး နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများလည်း ဖြစ်သည်။ ယင်းလုပ်ငန်းများတွင် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေတတ်သလို အကျင့်ပျက်အရာရှိအချို့လည်း ပါဝင်ပတ်သက်နေတတ်သည်။ ထိုင်းနှင့် မလေးရှားနယ်စပ် လူကုန်ကူးမှုများတွင် တရားမဝင်သွားရောက်သူများကို ရင်းဂစ် ၆၀၀ (အမေရိကန်ဒေါ်လာ ၁၇၀ ခန့်)မျှနှင့် လူမှောင်ခိုများထံရောင်းချကြပြီး လူမှောင်ခိုသမားများက တစ်ဖန် ၎င်းတို့ ဝယ်ယူလက်ခံထားသည့် တရားမဝင်ရွှေ့ပြောင်းအလုပ်သမား (လူမှောင်ခိုသားကောင်) ထံမှ တစ်ဦးလျှင် ရင်းဂစ် ၂၀၀၀ ခန့် (အမေရိကန် ဒေါ်လာ ၅၇၀) ခန့် တောင်းခံကြကြောင်း၊ မပေးနိုင်သူများကို အမျိုးသားဆိုပါက ပင်လယ်ငါးဖမ်းသင်္ဘောများသို့ အပြီးအပိုင် ရောင်းချလိုက်ကြပြီး အမျိုးသမီးဆိုပါက ဇိမ်ခန်းများဆီသို့ လိင်ကျေးကျွန်အဖြစ်ရောင်းချလိုက်ကြသည်။ အရှေ့တောင်အာရှ ပင်လယ်ငါးဖမ်းလုပ်ငန်းမှ ခေတ်သစ်ကျေးကျွန် ရေလုပ်သားများမှာ လုပ်ခလစာမရဘဲ စားစရာအနည်းငယ်မျှအတွက်သာ ပင်ပန်းဆင်းရဲကြီးစွာ အလုပ်လုပ်ကြရပြီး အကြောင်းကြောင်းကြောင့် ဆက်လက်အလုပ်မလုပ်နိုင်တော့သည့်အချိန်တွင် ပင်လယ်ရေသင်္ချိုင်းသို့ ပို့ဆောင်ခံခဲ့ကြရသည်။

မည်သို့ပင်ဆိုစေ အထက်တွင်ဖော်ပြခဲ့သည့် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားတို့ ကြုံရတတ်သည့် ကံမကောင်း အကြောင်းမလှမှုတို့မှ လွတ်ကင်းကာ မလေးရှားသို့ ချောမွေ့စွာ ရောက်ရှိပြီး အလုပ်အကိုင်ရရှိသွားကြသူတို့မှာ မြန်မာနိုင်ငံတွင်ရှိစဉ်က ၎င်းတို့မက်ခဲ့ကြသည့် အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ခွင့်ရကြသည်။ မိသားစုထံ ငွေပြန်ပို့ကာ ကြွေးဆပ်သူကဆပ်၊ ပေါင်နှံ့ထားခဲ့သည်များ ကို ပြန်ရွေးသူကရွေး၊ ရွှေဝယ်၊ မြေဝယ်၊ အိမ်ဝယ်၊ အိမ်ပြင်၊ လှူကြတန်းကြနှင့်။ မလေးရှားရောက် နိုင်ငံခြားသားအလုပ်သမားများတွင် အင်ဒိုနီးရှားလူမျိုးတို့က အများဆုံး။ မြန်မာလူမျိုး ငါးသိန်းခွဲခန့်ရှိသည့်အနက် တစ်သိန်းခုနစ်သောင်းခန့်သာ တရားဝင်သွားရောက်သူများဟု ဆိုသည်။ ကျန်သူများမှာ အထောက်အထားမဲ့၊ တရားမဝင်သူများဖြစ်သည်။

တစ်ကမ္ဘာလုံး မည်သူမျှမျှော်လင့်မထားခဲ့ကြသည့် ကိုဗစ် – ၁၉ ကပ်ရောဂါကြီး ကမ္ဘာတစ်လွှားပျံ့နှံ့ကူးစက်မှုဖြစ်ပွားလာသည့်အခါ နိုင်ငံတကာကူးသန်းသွားလာမှုတို့ ရပ်ဆိုင်းသွားသည်။ နယ်စပ်ဒေသဖြတ်သန်းသွားလာမှုတို့ကိုလည်း တားဆီးပိတ်ဆို့ကြသည်။ မြို့ကြီးများကို အလုံပိတ်လိုက်ကြသလို စက်မှုဇုန်များ၊ စက်မှုမြို့များနှင့် စက်ရုံအလုပ်ရုံများကိုလည်း ပိတ်သိမ်းလိုက်ကြရသည်။ တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာခွင့်မပြုတော့သလို စုဝေးနေထိုင်မှုများကိုလည်း ခွင့်မပြုတော့။ ယင်းသို့သောအခြေအနေတွင် မလေးရှား၌ မြန်မာအများအပြားပိတ်မိနေခဲ့သည်။ ကယ်ဆယ်ရေးလေယာဉ်ဖြင့် စေလွှတ်ခေါ်ယူမှုတွင် တရားဝင်သွားရောက်ခဲ့သူများ၊ မြန်မာနိုင်ငံသား အထောက်အထားရှိသူများ၊ အထောက်အထားမဲ့ မြန်မာအနည်းငယ်တို့ကိုသာ ခေါ်ယူနိုင်ခဲ့ပြီး အကြောင်းကြောင်းဖြင့် မလေးရှားတွင် ကျန်ရစ်ခဲ့သူ မြန်မာများစွာတို့ရှိနေဆဲ။ တရားဝင်နေထိုင်မှု သက်တမ်းကျော်လွန်နေသူ အိုဗာစတေးများ၊ မလေးရှား လူဝင်မှုကြီးကြပ်ရေး၏ ရှာဖွေစစ်ဆေးဖမ်းဆီးမှုများကြောင့် လ.ဝ.က ထိန်းသိမ်းရေးစခန်း (Immigration Detention Centres) များတွင် ရောက်ရှိနေသူများ အပါအဝင် မြန်မာနိုင်ငံသို့ ပြန်လိုသူ သောင်းနှင့် ချီရှိနေပြီး ကယ်ဆယ်ရေးလေယာဉ်ဖြင့် စိစစ်ခေါ်ယူမှုတွင် တစ်ကြိမ်လျှင် လူ ၁၅၀ မှ ၁၇၀ ဝန်းကျင်သာ ရှိခဲ့သည်။

မိမိတို့၏ သွေးသားရင်းချာနိုင်ငံသူ နိုင်ငံသားများ ရေခြားမြေခြားတွင် နေ့စဉ်ခံစားနေကြရသည့် ဒုက္ခ၊ နေရပ်ပြန်လို၍ အဆိုပြုသူ သောင်းဂဏန်းတွင် ပြန်လည်ခေါ်ယူနိုင်မှုက တစ်ကြိမ်လျှင် ရာဂဏန်းမျှသာ။ ယင်းအခြေအနေနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် လွှတ်တော်ကာလတွင် တပ်မတော်သားကိုယ်စားလှယ်က မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေး တင်ပြခဲ့သော်လည်း ခွင့်ပြုချက်မရခဲ့။ အမှန်စင်စစ် တပ်မတော်အနေဖြင့် မိမိတွင် ရှိနေသည့် အရင်းအမြစ်များ၊ နည်းလမ်းများဖြင့် မိမိတို့သွေးချင်း

စာမျက်နှာ ၇ သို့

> **“ထိုင်းနှင့် မလေးရှားနယ်စပ် လူကုန်ကူးမှုများတွင် တရားမဝင်သွားရောက်သူများကို ရင်းဂစ် ၆၀၀(အမေရိကန်ဒေါ်လာ ၁၇၀ ခန့်) မျှနှင့် လူမှောင်ခိုများထံ ရောင်းချကြပြီး လူမှောင်ခိုသမားများက တစ်ဖန် ၎င်းတို့ ဝယ်ယူလက်ခံထားသည့် တရားမဝင် ရွှေ့ပြောင်းအလုပ်သမား (လူမှောင်ခိုသားကောင်) ထံမှ တစ်ဦးလျှင် ရင်းဂစ် ၂၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၅၇၀) ခန့် တောင်းခံကြကြောင်း၊ မပေးနိုင်သူများကို အမျိုးသားဆိုပါက ပင်လယ်ငါးဖမ်းသင်္ဘောများသို့ အပြီးအပိုင် ရောင်းချလိုက်ကြပြီး အမျိုးသမီးဆိုပါက ဇိမ်ခန်းများဆီသို့ လိင်ကျေးကျွန်အဖြစ် ရောင်းချလိုက်ကြ ”**



မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ တပ်မတော်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာစဉ်။

# ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၅ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးညီညီစိုး — မွန်ပြည်နယ်တရားလွှတ်တော်
(၂) ဦးသိန်းကိုကို — ကရင်ပြည်နယ်တရားလွှတ်တော်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၆ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်ညိုမီစံ — မွန်ပြည်နယ်တရားလွှတ်တော်
(၂) ဒေါ်ခင်စိမ်းဝင်း — ကရင်ပြည်နယ်တရားလွှတ်တော်
(၃) ဦးကျော်စွာငြိမ်း — ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
(၄) ဦးဝင်းမြိုင် — ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၇ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ထွန်းခိုင်အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၈ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

(၁) ဒေါက်တာ ဇော်ဝင်း
(၂) ဒေါက်တာ ငွေစန်း
(၃) ဦးအောင်နိုင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*စာမျက်နှာ ၆ မှ*

ညီအစ်ကို မောင်နှမများကို ဒုက္ခတွင်းမှ မြန်မြန်ဆန်ဆန် ကယ်ထုတ်လိုခြင်းသာဖြစ်ပြီး နိုင်ငံရေးအမြတ်ထုတ်ရန် အကြံအစည် တစ်ရွေးသားမျှပင်မပါ။ တပ်မတော်၏တင်ပြချက် ပယ်ချခံရသော်လည်း နိုင်ငံရပ်ခြားမှာ ဒုက္ခရောက်နေကြသည့် မိမိတို့နိုင်ငံသူ နိုင်ငံသားတို့၏ ခံစားရမှုများက ရပ်တန့်မနေဘဲ အချိန်နာရီတိုင်းမှာ ....။

လူနှစ်ရပ်ခန့်အမြင့်ရှိ သံဆန်ခါ၊ သွပ်ဆူးကြိုးများဖြင့် ဝိုင်းပတ်ကာရံထားပြီး လူများပြည့်ကျပ်နေလေ့ရှိသည့် မလေးရှားလူဝင်မှုကြီးကြပ်ရေး၏ ထိန်းသိမ်းရေးစခန်းများ၏ အနိဋ္ဌာရုံများက ရံဖန်ရံခါ သတင်းများအဖြစ်ပေါ်ထွက်လာလေ့ရှိသည်။ အဆိုပါ စခန်းများတွင် မလေးရှားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်ကြသည့် နိုင်ငံခြားသားများကို ထိန်းသိမ်းထားသည်။ စခန်းတွင် ထိန်းသိမ်းခံထားရသူအချင်းချင်း ဂိုဏ်းဖွဲ့ဗိုလ်ကျ နှိပ်စက်မှုများ၊ တစ်ခါတစ်ရံတွင် သတ်ဖြတ်မှုများ၊ စခန်းမှ တာဝန်ရှိသူများ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အကျင့်ပျက်မှုများက ဟောလိဝုဒ်မှ ရိုက်ကူးသည့် အကျဉ်းထောင် ရုပ်ရှင်များထဲမှအတိုင်းဖြစ်သည်ဟု အဆိုပါ ထိန်းသိမ်းရေးစခန်းများမှ ပြန်လည်လွတ်မြောက်လာသူ အချို့၏ ပြောကြားချက်များကို ကြားခဲ့ရဖူးသည်။ ယင်းကဲ့သို့သော ဒုက္ခများကို ခံစားနေရသူများအဖို့မူ အချိန်နာရီနှင့်အမျှပင် ပင်ပန်းဆင်းရဲနေကြလိမ့်မည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ (ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ) ၌ကျင်းပခဲ့ရာတွင် "ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်မှာကြားခဲ့သည်။ ယင်း လမ်းညွှန်မှာကြားချက်နှင့်အညီ မလေးရှားသို့ အသွားအပြန်ခရီးစဉ်တစ်ခုလုံးအတွက် လိုအပ်သော အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများကို ထောင့်စေ့အောင် စီမံဆောင်ရွက်ပြီးနောက် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တပ်မတော်(ရေ)၏ အကြီးဆုံးစစ်ရေယာဉ်ကြီး(မုတ္တမ)၊ ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့သည်။ ရည်မှန်းချက်တာဝန်သည် မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ မပြန်နိုင်သည့် မိမိနိုင်ငံသားများကို ပြန်လည်ခေါ်ယူရန်။ ဦးတည်ရာအရပ်သည် မလေးရှားနိုင်ငံ လူမွတ် ရေတပ်ဆိပ်ကမ်းသို့ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပမည့် ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### အခက်အခဲများစွာရှိ

ရှေးဦးစွာ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းအပ်နှင်းခြင်း ခံရသည့် ရဟန်းတော် ၆၉၉ ပါး၊ သီလရှင် ၆၀ နှင့် လူပုဂ္ဂိုလ် ၁၄၅ ဦး စုစုပေါင်း ၉၀၄ ပါး/ဦး ရှိရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရ နေပြည်တော်တွင် တစုတစည်းတည်း အခမ်းအနားဖြင့် ဆက်ကပ်ချီးမြှင့်မည်ဆိုပါက Social Distancing အရ နေရာချထားရန် အခက်အခဲများစွာရှိပါသဖြင့် သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်များဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆ ပါးနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၄ ပါး စုစုပေါင်း ဆရာတော်ကြီး အပါး ၃၀ တို့ကိုသာ မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ မဟာဗိမာန်တော်ကြီး၌ နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ဆက်ကပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ကျန်ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့် ရဟန်းတော် ၆၄၇ ပါး၊ သီလရှင် ၅၈ ပါးနှင့် သာသနာပြုဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁၉ ဦး စုစုပေါင်း ၇၂၄ ပါး/ဦးတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၏ အစီအစဉ်ဖြင့် မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်တားဆီးရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်ချက် (SOP)များနှင့်အညီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သတ်မှတ် နေရာများတွင် ဆက်ကပ် လှူဒါန်းသွားမည် ဖြစ်ပါကြောင်း။

### ဆက်ကပ်လှူဒါန်း

နေပြည်တော် ကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုင်ငံတော်အဆင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် တိုက်ဆိုင်နေပါသဖြင့် နိုင်ငံတော်အဆင့် အခမ်းအနား ကျင်းပပြီးနောက် မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန် တော်ကြီး၌ပင် ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ပဘွဲ့ခံ ရဟန်းတော် ၂၂ ပါး၊ သီလရှင် ၂ ပါး၊ လူပုဂ္ဂိုလ် ၁ ဦး စုစုပေါင်း ၂၅ ပါး/ဦးတို့ကို ယခင်နှစ်နည်းတူ ပင့်ဖိတ်ခြင်းမပြုတော့ဘဲ သက်ဆိုင်ရာသံရုံးများမှ တစ်ဆင့် နိုင်ငံအလိုက် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁၂၅ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်လာနိုင်သည့် အခြေအနေသို့ ရောက်ရှိမှသာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ လမ်းညွှန်ချက်နှင့်အညီ ဘွဲ့တံဆိပ်များ ချီးမြှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ကျင်းပမည့်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီကို ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးက ဖွဲ့စည်းပေးခဲ့ပြီး ဦးစီးကော်မတီအနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုတို့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများအား ကျန်းမာရေးဆိုင်ရာ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကြိုဆိုပင့်ဆောင်ရေးနှင့် စိတ်ချမ်းမြေ့စွာ သီတင်းသုံး နေထိုင်နိုင်ရေး ကိစ္စ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေး ကိစ္စ၊ မြန်မာ့တိုင်းရင်း ဆေးခန်းနှင့် အနောက်တိုင်း ဆေးခန်းများ ဖွင့်လှစ်ထားရှိရန်ကိစ္စ၊ Thermal Scanner များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ စီစဉ်ထားရှိရန်ကိစ္စ၊ လုံခြုံရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရေး သက်ဆိုင်ရာ ဆပ်ကော်မတီ အသီးသီးအလိုက် အထူးဂရုပြု လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သံဃာတော်များပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေး ဆပ်ကော်မတီ၊ အခမ်းအနား ကျင်းပရေးနှင့် အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီတို့၏ဥက္ကဋ္ဌ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က လည်းကောင်း၊ ညှော်ခံ ဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်း ပြင်ဆင်ရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများကလည်းကောင်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီး အလိုက် တာဝန်ယူဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်း

တင်ပြ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့အနေဖြင့် ယခင်နှစ်များက အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးကုသိုလ်ယူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာကို ပြည်သူ့အတွက် အကျိုးရှိစွာ သုံးစွဲနိုင်စေရေးဆောင်ရွက်


**နေပြည်တော် မတ် ၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများရှိ ဝန်ထမ်းများ တွေ့ဆုံပွဲကို မတ် ၁ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကိုလိုက်နာရန်နှင့် နိုင်ငံ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို အသိအမှတ်ပြု/ မှတ်တမ်းတင်ပါကြောင်း ဦးစွာပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်များကို ဝန်ထမ်းအဆင့်ဆင့်အား ညွှန်ကြားပေးရန် မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (Road Map) (၅) ရပ်၊ ဦးတည်ချက်(၉)ရပ်ကို အောင်မြင်သည်အထိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက လုပ်ငန်း






ဆောင်ရွက်မှု အခြေအနေ၊ ဝန်ထမ်းအင်အား အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြည်သူ့ဘဏ္ဍာကို ပြည်သူ့အကျိုးအတွက် အကျိုးရှိစွာ သုံးစွဲနိုင်စေရေးကို ဆောင်ရွက်ပေးရခြင်းသည် စာရင်းစစ်ချုပ်ရုံးများ၏ တာဝန်ဖြစ်သည့်အတွက် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် တာဝန် ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒေသစာရင်းစစ်ချုပ်ရုံးများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိအရာထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက် စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသား လူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဝန်ထမ်းတာဝန်ကို နားလည်ပေးပါ

**မင်းပြည့်**

**ငယ်ပေါင်းကြီးဖော် သူငယ်ချင်းက ပေးပို့လာတဲ့ "Please CDM" ဆိုတဲ့ ဖုန်းမက်ဆေ့ စာသားလေးဖတ်ရင်း စိတ်ထဲတစ်မျိုးခံစားသွားမိပါတယ်။ ဖုန်းမက်ဆေ့ ကနေသာမက အရင်နေ့တွေကလည်း "မင်းကလည်း ဝန်ထမ်းမလုပ်ရလည်း ထမင်းမငတ်ပါဘူးကွာ" ဆိုကာ တစ်မျိုး၊ "သူငယ်ချင်း CDM မလုပ်သေးဘူးလား၊ မလုပ်ရင် သူငယ်ချင်းမဟုတ်တော့ဘူး၊ စတာနော်၊ နောက်တာနော်၊ တကယ်ပြောတာ" ဆို၍ အပြုံး React နဲ့က တစ်ဖုံ မက်ဆင်ဂျာကနေ ပေးပို့ထားပါတယ်။**

ကျွန်တော့်သူငယ်ချင်း ပေးပို့လာတဲ့ စာသားတွေ ဖတ်ကြည့်ရင်း ဘာစာမှလည်း သူ့ထံ မပြန်ဖြစ်ပါ။ ကျွန်တော်တို့ အသက်အရွယ်က အတန်းပညာကုန်၊ ဘွဲ့ရလို့ လုပ်ငန်းခွင်ဝင်တဲ့အရွယ်၊ အရာရာကို စဉ်းစားဆင်ခြင်ရတဲ့ အရွယ်မို့ စိတ်ထဲကနေ "ဩော်... သူငယ်ချင်း မင်း မရင့်ကျက်သေးပါလား"လို့သာ ကျွန်တော် ပြောမိခဲ့ပါတယ်။ ကျွန်တော့် သူငယ်ချင်းက နိုင်ငံ့ဝန်ထမ်းမဟုတ်သူမို့ ဝန်ထမ်းဆိုတာ နိုင်ငံ့ဝန်ကို ထမ်းရတာ၊ အများဝန်ကို ထမ်းဆောင်ရတာ မလွယ်ဘူးလို့ အခုအချိန်မှာဆိုပါရင်လည်း ဝန်ထမ်းမဟုတ်တဲ့ သူငယ်ချင်း အပြည့်အဝနားလည်နိုင်မယ် မထင်။ တစ်ချိန်တော့ သူငယ်ချင်းကို သေသေချာချာ ရှင်းပြချင်မိပါတယ်။

"နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရဖြစ်ပါစေ၊ အစိုးရယန္တရားရဲ့ အစိတ်အပိုင်းတွေပါ။ အစိတ်အပိုင်း တစ်ခုချင်း ကောင်းအောင် ဆောင်ရွက်ရင် အစိုးရယန္တရားတစ်ခုလုံး ကောင်းမှာဖြစ်ပါတယ်။ ဘယ်အစိုးရတက်တက် ဆင်းဆင်း၊ ရှိနေ၊ ဆောင်ရွက်နေရတာက ဝန်ထမ်းတွေပါ။ ဝန်ထမ်းအဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာနတွေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ နိုင်ငံ့ဝန်ကိုထမ်းရတာ ဖြစ်ပါတယ်"

အခုချိန်မှာ ကျွန်တော်ကတော့ နေ့စဉ်ရုံးတက်နေပါတယ်။ ရုံးတက်မပျက်ဘဲ ဌာနကနေ ကျွန်တော့်ကို တာဝန်ပေးထားတဲ့ စီမံရေးရာ ကိစ္စရပ်တွေကို တာဝန်မပျက် ထမ်းဆောင်နေပါတယ်။ စီမံရေးရာ ကိစ္စရပ်တွေဟာ ပြီးဆုံးသွားတယ် မရှိဘဲ တစ်နေ့တာ၊ တစ်ပတ်တာ၊ တစ်လတာ စသဖြင့် နှစ်ပတ်လုံး လည်ပတ်နေတာ ဖြစ်ပါတယ်။

### အခက်အခဲမရှိစေဖို့

ဌာနမှာ ကျွန်တော့်တာဝန်ကတော့ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီး ပင်စင်ယူတော့မယ့် ဆရာကြီး၊ ဆရာမကြီးနဲ့ ဝန်ထမ်းတွေရဲ့ ပင်စင်ကိစ္စတွေ၊ လက်ရှိ တာဝန်ထမ်းဆောင်နေသူတွေရဲ့ ခွင့်ကိစ္စတွေကို အခက်အခဲမရှိစေဖို့ ဆောင်ရွက်နေပါတယ်။ သူငယ်ချင်း ဖြစ်စေချင်သလို CDM လုပ်ပြီး ပင်စင်ယူမယ့် ဌာနက နိုင်ငံ့ဝန်ထမ်းတွေကို ဒီအစိုးရမှာ မလုပ်ပါ၊ ဟိုအစိုးရကျမှ ပင်စင်လာယူပါလို့ ကျွန်တော် ပြောလို့မရပါ။

ဝန်ထမ်းဦးရေများပြားတဲ့ ကျွန်တော်တို့ ပညာရေးဌာနမှာ အသက် ၆၀ အထိ နိုင်ငံ့တာဝန်ထမ်းခဲ့ပြီးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေ သက်ပြည့်ပင်စင်ယူမှာတွေ ရှိပါတယ်။ ဘဝရဲ့အချိန်တော်တော်များများကို ကျောင်းသား ကျောင်းသူတွေနဲ့ ကုန်လွန်ပြီးတော့ အသက် ၆၀ ပြည့်ကာ တာဝန်ပြီးဆုံးတော့မယ့် ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ရသင့်ရထိုက်တဲ့ လုပ်သက်ဆုငွေ၊ ပင်စင်လစာတွေအတွက် အခက်အခဲ မရှိစေရမှာက ကျွန်တော့် တာဝန်ပါ။

ဒီလိုပဲ ဌာနမှာ ကျန်းမာရေးအရ နာမကျန်းပင်စင်ယူမယ့်သူတွေ၊ အကြောင်း အမျိုးမျိုးကြောင့် နှစ်ပြည့် ပင်စင်ယူမယ့်သူတွေဆိုတာ ဌာနမှာ အမြဲရှိနေတာမို့ သူတို့အတွက် ကျွန်တော် တာဝန်ကို ထမ်းဆောင်ရမှာပါ။ "တာဝန်အရ"ဆိုတဲ့ စကားကိုသာ ဆိုရပါမယ်။ ကျွန်တော်ကတော့ တာဝန်နဲ့အတူ စေတနာနဲ့ပါ လုပ်ပေးခဲ့ပါတယ်။

အဘယ်ကြောင့်ဆိုသော် ပင်စင်စား ကျွန်တော့် အဖေနဲ့ အမေတို့လို ပြည်သူတွေအတွက်ပါ။ ပင်စင်ထုတ်ရက်ဆို ပင်စင်ထုတ်ဖို့ တပြင်ပြင်ဖြစ်နေတဲ့ အဖေနဲ့အမေရဲ့ပုံရိပ်က ကျွန်တော့်ကို လွှမ်းမိုးပြီးသားပါ။ အလုပ်အတူတူ လုပ်ခဲ့ကြတဲ့ လုပ်ဖော် ကိုင်ဖက်ဟောင်းတွေနဲ့ ပင်စင်ထုတ်ရင်း စကားဆိုဖို့၊ လှူဖို့တန်းဖို့ စသဖြင့် ကိစ္စအမျိုးမျိုးအတွက် ပင်စင်ထုတ်ရက်နီးတိုင်း တက်ကြွနေတဲ့ အဖေနဲ့ အမေတို့ကို ကြည့်ရင်း ကျွန်တော် CDM မလုပ်ချင်ပါ။ လုပ်ဖို့ဆန္ဒလည်း မရှိပါ။ တာဝန်ကိုသာ ကျေပွန်အောင် ထမ်းရွက်ချင်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရဖြစ်ပါစေ၊ အစိုးရယန္တရားရဲ့ အစိတ်အပိုင်းတွေပါ။ အစိတ်အပိုင်း တစ်ခုချင်း ကောင်းအောင် ဆောင်ရွက်ရင် အစိုးရယန္တရားတစ်ခုလုံး ကောင်းမှာဖြစ်ပါတယ်။ ဘယ်အစိုးရ တက်တက်ဆင်းဆင်း၊ ရှိနေ၊ ဆောင်ရွက်နေရတာက ဝန်ထမ်းတွေပါ၊ ဝန်ထမ်းအဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာနတွေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ နိုင်ငံ့ဝန်ကိုထမ်းရတာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်း၊ လိုက်နာရမယ့် လမ်းညွှန်ချက်တွေကလည်း ရှိပြီးသားပါ၊ နိုင်ငံရေးအရ ရောက်ရှိလာတဲ့ မူဝါဒညွှန်ပြသူ ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေ ဥပဒေနဲ့မညီလို့ အရေးယူခံရတာတွေ ဝန်ထမ်းတွေ မြင်ဖူးတွေ့ဖူး ကြားသိဖူးသူများပြီးသားမို့ အချင်းချင်းညွှန်းစရာ လိုမယ်မထင်ပါ။ ဘယ်လိုအခြေအနေမှာမဆို ကျန်ရှိဆောင်ရွက်နေရတာက နိုင်ငံ့ဝန်ထမ်းအများစုသာ ဖြစ်ပါတယ်။

### ပေးအပ်ထားတဲ့တာဝန်ထမ်းဆောင်ရမယ်

ဘယ်လို ခံယူချက်မျိုးနဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်လာပါစေ၊ နိုင်ငံ့ဝန်ထမ်းဖြစ်လာတဲ့အခါ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရမယ်လို့ ခံယူထားခဲ့ပါပြီ။ ဒါကြောင့်မို့လည်း တာဝန်နဲ့အတူ တတ်အားသမျှ ကြိုးပမ်းပြီး ဝန်ထမ်းကောင်းအဖြစ် ရပ်တည်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်အား၊ ကြိုးစားအားထုတ်မှုဟာ သူများတွေ အဆင်ပြေအောင် ရည်ရွယ်ထားတဲ့အတွက် ကောင်းတဲ့အကျိုးတရားကို ပြန်ခံစားရမယ်လို့ ယုံကြည်ထားပါတယ်။

CDM လုပ်မှ သစ္စာရှိတယ်၊ နိုင်ငံနဲ့ ပြည်သူကို ချစ်တယ် ထင်တဲ့သူတွေကိုလည်း စဉ်းစားပေးစေလိုပါတယ်။ ပြည်သူ့အတွက် အထောက်အကူပြုအောင် လုပ်ငန်းတာဝန်တွေ မပြတ်ထမ်းဆောင်ရတဲ့ ဝန်ထမ်းတွေဟာ သဘောထားမတူညီမှုကြားမှာ တာဝန်ကျေဖို့ ရုန်းကန်နေရတဲ့အခြေအနေတစ်ခုပါ။ လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်လို့ ယူဆပြီး မျှတမှုမရှိဘဲ ပြောဆိုသူတွေရဲ့ ဝေဖန်မှုတွေကလည်း များပြားနေပါတယ်။

ပြည်သူ့ဝန်၊ နိုင်ငံ့ဝန်ကို ထမ်းဆောင်နေသူ ဝန်ထမ်းတွေကို လုပ်ငန်းဆောင်တာတွေ ပိုကောင်းအောင် အကြံပေး ပြောဆိုခွင့် ရှိပါတယ်။ ဒါပေမယ့် အပြုသဘောဆောင်တဲ့ အကြံပေးချက်တွေနဲ့ ဝန်ထမ်းကောင်းတွေက နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်ဖို့ လမ်းပြပေးစေလိုပါတယ်။ "ဟိုလို လုပ်ပ့ါလား၊ ဒီလိုလုပ်ပ့ါလား၊ ငါလည်း မလုပ်တတ်ဘူး"ဆိုတဲ့ ဘေးပြောတွေကို ချင့်ယုံစေလိုပါတယ်။ ခုချိန်မှာ ဆန္ဒမတူ၊ သဘောထားမတူဖြစ်နေတဲ့ ဝန်ထမ်းအချင်းချင်းကိုလည်း နားလည်ပါတယ်။

### လွတ်လပ်စွာပြောဆိုခွင့်ပေးထား

ဒီမိုကရေစီသဘောတရားက လူတိုင်းကို လွတ်လပ်စွာ ပြောဆိုလုပ်ပိုင်ခွင့် ပေးထားပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ လွတ်လပ်မှုက သူတစ်ပါး လွတ်လပ်မှုကို ထိခိုက်စေမယ်ဆိုရင် မကောင်းနိုင်ပါ။ ငါနဲ့မတူ ငါ့ရန်သူဆိုသည့် သဘောတရားမျိုး မစွဲကိုင်စေလိုပါ။

ဒါကြောင့် ဒီမိုကရေစီ အနှစ်သာရကို နှစ်သက်သူတိုင်းဟာ အချင်းချင်း လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်၊ ဆွေးနွေးနိုင်တာမို့ ကိုယ်ချင်းစာနားလည်ပေးနိုင်မယ်လို့ ထင်မိပါတယ်။

ကျွန်တော်ကတော့ နိုင်ငံကို ချစ်တာ၊ ပြည်သူကို ချစ်တာ ဘယ်လောက်ကြီးပါလို့ အွန်လိုင်းကနေ မဖော်ကျူးတော့ပါ။ ဖေ့စ်ဘွတ်ကနေ လေနဲ့ပဲ "ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ" ဆိုပြီး တခြားသူတွေကိုလည်း အကြံမပေးတတ်ပါ၊ အွန်လိုင်းကနေ ချစ်ပြမှ ခေါ်မယ့်၊ ပြောမယ့် အတုအယောင်ကြိုက်တွေကိုလည်း အလိုမရှိတော့ပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ကောင်းကျိုးအတွက် ပေးအပ်ထားတဲ့ တာဝန်ကို ကျေပွန်အောင် ကြိုးစားရင်း ကျေးဇူးပြုသွားပ့ါမယ်လို့သာ ကတိပြုနိုင်ပါတော့တယ်။ ။

# နိုင်ငံရေးလုပ်တဲ့သူနဲ့ နိုင်ငံပျက်စီးရေးလုပ်တဲ့သူ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ် စကားပြောခန်း (၄)

ဒေါင်

> **“သွေးထိုးလိုက်၊ လှုံ့ဆော်လိုက်နဲ့ နိုင်ငံပျက်စီးအောင် ကြံစည်အားထုတ်ပြီး လူထုကို လမ်းပေါ်အတင်း ထွက်ခိုင်းလိုခိုင်း၊ ဝန်ထမ်းတွေကို အလုပ်အတင်းအကျပ် မဆင်းခိုင်းတာနဲ့ အရှက်တကွဲအကျိုးနည်းဖြစ်အောင် စော်ကားလှောင်ပြောင်နေတာ၊ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နေတဲ့ လုံခြုံရေးတာဝန်ရှိသူတွေကို ဝတ္တရားနှောင့်ယှက်နေတာတွေကတော့ နိုင်ငံရေးမဟုတ်ဘူးရှင့်။ နိုင်ငံပျက်စီးရေးသမားတွေပေါ့။ သူတို့က နိုင်ငံရေးသမားဆိုပြီးပြောနေပေမယ့် လမ်းပေါ်မှာအသေမခံဘူး။ သေပေးနိုင်မယ့်သူကိုပဲ လမ်းပေါ် တွန်းတင်ပေးကြတာ”**

“မစာဥရေ... ဗျို့ ... မစာဥ”

ကိုသံချောင်း၏ အလေ့ာတကြီးအော်သံကြောင့် မစာဥ အတော်စိတ်ဆိုးမိ၏။ တစ်ရပ်ကွက်လုံး စိုးရိမ်မကင်းဖြစ်နေပါတယ်ဆိုမှ အသံပြာကြီးနဲ့ ခေါ်နေတာ..

“အိမ်ထဲမဝင်ဘဲ အိမ်ဝကနေ အော်နေရတာလဲ ကိုသံချောင်းရဲ့။ ရှင့်မှာလည်း ဆန္ဒပြရင်း လူကွဲလာတာကျနေတာပဲ။ ကဲ..ပြော ဘာကိစ္စရှိလဲ..”

“အပျိုကြီး ဒီကနေ့ လမ်းပေါ်မထွက်ဘူးလားဗျ။ ကျွန်တော်က ခင်ဗျားကိုစိတ်ပူလို့ အပြေးလာခဲ့တာ။ လမ်းပေါ်မှာ ဆန္ဒပြနေသူတွေ လွတ်များတယ်ဗျာ။ စည်းကမ်းမဲ့တာတွေလည်း မြင်ရတယ်။ ပစ်သံ ခတ်သံတွေလည်း ကြားတယ်”

“မငြိမ်းချမ်းမှုတွေပေါ့ ကိုသံချောင်းရယ်။ ကျွန်မလည်း နားစွင့်နေတာ။ ကျွန်မတို့ ပြည်သူတွေလည်း အခုလိုကာလ မဖြစ်စေချင်ပါဘူး။ လမ်းပေါ်ထွက်ပြီး စည်းမဲ့ကမ်းမဲ့ ဆန္ဒပြနေတာတော့ မကြိုက်ချင်ဘူးရှင့်။ စည်းကမ်းရှိရှိ ဒီမိုကရေစီယဉ်ကျေးမှုရှိရှိလုပ်ကြ ကိုင်ကြစေချင်တာပဲ။ အခုဟာက ဝရမ်းထုတ်တဲ့သူတွေက အရှောင်အတိမ်းဂျက်စီဂျိမ်းပဲ။ လူငယ် ဂျန် – ဇက်တွေကိုကျတော့ မြှောက်ပေးနေတာ စိတ်ပျက်မိတယ်။ အွန်လိုင်းကနေ လက်သီးပုန်းပြပြီး ရေးချင်တာတွေရေး၊ လှုံ့ဆော်ချင်သလို လှုံ့ဆော်နေကြတယ်။ တာဝန်ရှိသူတွေက သတိပေးတာတွေ အထပ်ထပ်လုပ်တာတောင် ရပ်ကွက်တွေထဲလည်း မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေ မြင်လာရပြီ”

“အပျိုကြီးကသာပြောနေ ဖေ့စ်ဘွတ်ခ်မှာတော့ သူ့ရဲကောင်းသည် ပြေးသည် ဆိုပြီးတော့တောင် ပြောကြတယ်။ သူရဲကောင်းမှန်ရင် ပြေးသင့်ပြေးထိုက်တဲ့အချိန် ပြေးတယ်တဲ့ မစာဥရဲ့။ ကျန်စစ်သားက အဖမ်းမခံဘဲပြေးတော့ ခင်ဦးနဲ့ရေစက်ဆုံသတဲ့လေ။ အဲဒီတော့ ပြေးဖို့မတွန့်ဆုတ်ရဘူးတဲ့လေ”

“ကြံကြီးစည်ရာရှင် ပေါက်တတ်ကရတွေ ပြောတတ်ကြတာ။ ကျန်စစ်သားရဲ့ ရာဇဝင်မှာ ပြေးရင်းတွေ့တာက သမ္မုလပါရှင့်။ အခုခေတ် ဖေ့စ်ဘွတ်ခ်သူရဲကောင်းတွေကတော့ မသွားခင်က ပြေးနှင့်နေတာပါ။ လူငယ်တွေကိုသာ အတင်းလမ်းပေါ် ထွက်ခိုင်းနေကြတာ”

“မစာဥ ပြီးခဲ့တဲ့ရက်က သတင်းထူးတာ သိပြီးပြီမဟုတ်လား။ ကုလမှာ မြန်မာအမျိုးသားတစ်ယောက်ပြောသွားတာလေ။ လက်သုံးချောင်းထောင်ပြီး သူ့သဘောထားကို ဖော်ပြသွားတာတဲ့”

### နှစ်ဖက်အမြင်နဲ့ကြည့်ရတယ်

“သတင်းတွေကြည့်ရင် နှစ်ဖက်အမြင်နဲ့ကြည့်ရတယ် ကိုသံချောင်းရဲ့။ ကျွန်မက နိုင်ငံပိုင်မီဒီယာတွေလည်း ကြည့်တယ်။ ပြင်ပသတင်းတွေကိုလည်း ယှဉ်ပြီးကြည့်တယ်။ ပြောရရင်တော့ မျှမျှတတကြည့်တာပေါ့ရှင်။ နောက်တစ်နေ့ အဲဒီဆရာကြီးကို နိုင်ငံခြားရေးဝန်ကြီးဌာနက စည်းမျဉ်းတွေနဲ့အညီ ထုတ်ပယ်လိုက်တာတော့ ရှင်လည်း သိမှာပေါ့။ ဒီသတင်းတင်မဟုတ်ဘူး။ နောက်ကွယ်က အချက်အလက်တွေကိုလည်း ကျွန်မက လိုက်ကြည့်တယ်ရှင့်”

“တယ်ဟုတ်တဲ့ မစာဥပါလား။ နောက်ကွယ်မှာ ရှိသေးသတဲ့လားဗျာ”

“ယူအန်မှာ အဲဒီနေ့က အင်ဖော်မယ်ဘရီဖင် (Informal Briefing) လုပ်တယ်လေ။ ရှင်သိအောင်ပြောရရင် အင်ဖော်မယ်ဆိုတာက တရားဝင်မဟုတ်ဘူးပေါ့ရှင်။ အလွတ်သဘောခေါ်မလားပဲ။ အဲဒီလိုအလွတ်သဘောတွေ့ကြရင် အခုကျွန်မတို့ စကားပြောသလိုပဲပေါ့ရှင့်။ ထွေရာလေးပါးပြောလို့ရတာပေါ့။ ယူအန်မှာ တာဝန်ကျနေတဲ့ ကိုယ်စားလှယ်တွေက မြန်မာနိုင်ငံအခြေအနေနဲ့ ပတ်သက်ပြီး ပြောဆိုကြတာပေါ့ရှင်။ အံ့သြစရာကောင်းတာတစ်ခု အဲဒီပွဲမှာ မြင်ရတယ်ရှင့်”

“အဲဒီလောက်တော့ ကျွန်တော်လည်း သိပါတယ်ဗျာ။ မြန်မာနိုင်ငံက ကုလဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးဆိုသူက ပြောသင့်ပြောထိုက်တဲ့ နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ ဦးတည်ချက်တွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို မပြောဘဲ CRPH ဆိုတဲ့ တရားမဝင်တဲ့ အဖွဲ့ကော်မတီတစ်ခုရဲ့ သတင်းစကားကို ပြောခဲ့တာမဟုတ်လား”

### အားရပါးရဆွေးနွေးနေကြတာ

“အဲဒီလောက်နဲ့တော့ ကျွန်မက တကူးတကပြောနေပါ့မလားရှင့်။ သတင်းအချက်အလက်ခေတ်ကြီးမှာ အားလုံးက သိပြီးသားတွေပဲ။ အဓိကပြောချင်တာက အဲဒီမှာ ရခိုင်ဒေသကပြဿနာတွေကို ကိုယ်စားလှယ်အားလုံးက ကျယ်ကျယ်လောင်လောင် ပြောနေကြတာရှင့်။ အစတုန်းကတော့ မြန်မာ့လက်ရှိနိုင်ငံရေးကို အားလုံးက တက်တက်ကြွကြွ ပြောကြမယ် ထင်နေတာ။ အမှန်က မြန်မာနိုင်ငံမှာ တပ်မတော်က အာဏာထိန်းလိုက်တဲ့အကြောင်း၊ ဖမ်းဆီးခံရသူတွေ ပြန်လွှတ်ဖို့နဲ့ တပ်မတော်က အာဏာထိန်းသိမ်းထားတယ်ဆိုပြီး ပြောတာကနည်းနည်း၊ ဒီမိုကရေစီကို တန်ဖိုးထားဖို့နဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီတွေအကြောင်းကို များများပြောတာရှင့်။ ဒုက္ခသည်လေးတွေအကြောင်းကိုလည်း အားရပါးရဆွေးနွေးနေကြတာရှင့်။ မပြီးသေးဘူး ကိုသံချောင်းရေ...ကျွန်မတို့ နိုင်ငံကပဲ ဘင်္ဂါလီတွေကို အကြမ်းဖက်နေခဲ့ကြပုံမျိုးလည်း ထည့်ပြောသွားကြတာရှင့်”

“ဒါတော့ကျွန်တော်လည်း မသိဘူးဗျ။ ခင်ဗျားတို့ အမျိုးသမီးတွေက စပ်စုတဲ့နေရာတော့ ရေဆုံးရေဖျားပဲ။ အဲဒီလို အကြောင်းအရာပြောဆိုမှုတွေကိုတော့ ကန့်ကွက်သူမရှိကြဘူးလားဗျာ။ ဒါနဲ့ အဲဒီအစည်းအဝေးကဘယ်လိုရလဒ်ဖြစ်နိုင်သလဲ”

### သတင်းဖြန့်သူတွေ

“မပြောဘူးရှင့်။ သတင်းဖြန့်သူတွေက လိုရာဆွဲပြီးသာ ရေးကြတာ၊ အပြည့်အစုံကို ဝေဖန်ပိုင်းခြားသူက အတော်လေးနည်းတယ် ကိုသံချောင်းရေ။ ဒီအစည်းအဝေးရဲ့ ရလဒ်က အင်ဖော်မယ်ဖြစ်လို့ သိပ်ထူးခြားဖို့ မရှိနိုင်ဘူးရှင့်။ မိန့်ခွန်းအစမှာကတည်းက အွန်လိုင်းပေါ်မှာ ဖွဲ့ထားတဲ့အဖွဲ့ကို ကိုယ်စားပြုပါတယ်ဆိုမှတော့ မြန်မာနိုင်ငံရဲ့ သဘောထားကို မဟုတ်တော့တာပေါ့ရှင်။ ဖြစ်နိုင်တဲ့ရလဒ်ဆိုရင် အဲဒီနေ့မှာတက်ရောက်တဲ့ ကုလအထူး သံတမန်ကနေ ကုလအတွင်းရေးမှူးချုပ်ကို ပြောပြမယ်။ အတွင်းရေးမှူးချုပ်က အဖွဲ့ဝင်တွေကို ပြောမယ်။ လုံခြုံရေးကောင်စီမှာ ပြောမယ်။ အထပ်ထပ်ပြောပြီးရင် ထုံးစံအတိုင်း ဝေဖန်သည်၊ ပြစ်တင်သည်၊ ကန့်ကွက်သည်တို့ လာမှာပေါ့ရှင့်”

“အပျိုကြီး ခင်ဗျား အထည်တွေ ဘာတွေရောင်းမနေနဲ့ဗျ။ နိုင်ငံရေးသမား လုပ်ပါလား။ ခင်ဗျား တော်တော်ကို နိုင်ငံရေးအမြင်တွေရှိလာတာ”

“ဖေ့စ်ဘွတ်ခ်ကို ဘဝလို့ထင်တဲ့သူတွေထဲတော့ ကျွန်မ မပါဘူး။ ဒါပေမယ့် ကျွန်မက သတင်းတစ်ခုတက်လာတိုင်း နှစ်ဖက်ချိန်တွေးတယ်။ ရှာဖတ်တယ်။ မရှင်းရင် ကွန်းမန့်မှာ မေးတယ်။ သိပ်ကိုပြောချင်ဆိုချင် ဆွေးနွေးချင်လာရင် ဂရုဖ်တွေထဲမှာ ဆွေးနွေးငြင်းခုံနေတာဆိုတော့ တော်တော်လေး သိလာရတာပါ။ ရှင်က ကျွန်မကို နိုင်ငံရေးသမားလုပ်ခိုင်းတာလား။ ကျွန်မက အခု နိုင်ငံရေးသမစစ်စစ်တော်ရေ။ ကျွန်မတင်မဟုတ်ဘူး ရှင်လည်း နိုင်ငံရေးသမားပဲ။ ရှင်တင်မဟုတ်ဘူး လူတိုင်းနိုင်ငံရေးသမားဖြစ်နိုင်တာရှင့်”

### နိုင်ငံအတွက် ထမ်းဆောင်

“ဟိုးပါ အပျိုကြီးရယ်။ အဲဒီလိုဆိုရင် ခင်ဗျားဆက်ပြောမှာ ကျွန်တော်ကသိပြီးသား။ နိုင်ငံ့ဝန်ထမ်းတွေလည်း ကျရာတာဝန်ကို နိုင်ငံအတွက်ထမ်းဆောင်တယ်။ အဲဒါ နိုင်ငံရေးလုပ်တာ၊ အိမ်ရှင်မတွေ ဟင်းချက်တာကလည်း နိုင်ငံရေးပဲလေ၊ စားဖို့ချောင်နိုင်ငံရေးပေါ့ဗျာ။ ဆရာဝန်၊ သူနာပြုတွေ ပြည်သူတွေကို ဆေးကုပေးတာလည်း နိုင်ငံရေးပဲ၊ ပရဟိတသမားတွေ စေတနာနဲ့ လုပ်တာလည်း နိုင်ငံရေးပဲပေါ့။ ပြည်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးရှိအောင်လုပ်သူအားလုံးဟာ နိုင်ငံအရေးကို ကျေပွန်အောင် ထမ်းဆောင်နေတဲ့ နိုင်ငံရေးသမားတွေပေါ့လို့ ပြောမှာမဟုတ်လား”

### လမ်းပေါ် တွန်းတင်ပေးကြတာ

“အဲသလောက်တော့ သိဦးမှပေါ့ ကိုသံချောင်းရယ်။ ထပ်ပြောလိုက်ဦးမယ်။ သွေးထိုးလိုက်၊ လှုံ့ဆော်လိုက်နဲ့ နိုင်ငံပျက်စီးအောင် ကြံစည်အားထုတ်ပြီး လူထုကို လမ်းပေါ်အတင်း ထွက်ခိုင်းလိုခိုင်း၊ ဝန်ထမ်းတွေကို အလုပ်အတင်းအကျပ် မဆင်းခိုင်းတာနဲ့ အရှက်တကွဲအကျိုးနည်းဖြစ်အောင် စော်ကားလှောင်ပြောင်နေတာ၊ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နေတဲ့ လုံခြုံရေးတာဝန်ရှိသူတွေကို ဝတ္တရားနှောင့်ယှက်နေတာတွေကတော့ နိုင်ငံရေး မဟုတ်ဘူးရှင့်။ နိုင်ငံပျက်စီးရေးသမားတွေပေါ့။ သူတို့က နိုင်ငံရေးသမားဆိုပြီး ပြောနေပေမယ့် လမ်းပေါ်မှာအသေမခံဘူး။ သေပေးနိုင်မယ့်သူကိုပဲ လမ်းပေါ် တွန်းတင်ပေးကြတာ”

“ဟုတ်ပါပြီဗျာ။ မစာဥကတော့ တကယ့်ကို နိုင်ငံရေးသမား မစာဥပါပဲ...”

စကားပင်မဆုံးသေးမီ သူတို့လမ်းအတွင်းသို့ လူတစ်စုပြေးလွှားဝင်ရောက်လာသည်။ အနောက်မှာ တိုက်ရိုက်ထုတ်လွှင့်ဖို့ ရိုက်ကူးသူတွေလည်း ပါလာ၏။ သပိတ်လမ်းကြောင်းများ ပြိုကွဲလာပုံရသည်။ လမ်းမပေါ်တွင် ပြေးလွှားနေသော လူအုပ်ကြီးကိုကြည့်ကာ တိုင်းပြည်မတည်ငြိမ်သေးသရွေ့ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ဖို့ အရေး အလှမ်းဝေးမည်ကို စိုးရိမ်မိသူနှစ်ဦးကား တစ်ဦးနှင့်တစ်ဦး ယခင်လိုပင် မကျီစယ်နိုင်တော့ပြီဟုသာ….။ ။

# တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းများဖြစ်ကြောင်း ကြေညာခြင်း

၁။ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လ ၉ ရက်နေ့တွင် စတင်ကာ အာဏာတည်ခဲ့ပါသည်။

၂။ အလုပ်သမားများသည် အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းလိုပါက ယင်းဥပဒေပုဒ်မ ၉ ၊ ၁၀ ၊ ၁၁ နှင့် ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

၃။ မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားအဖွဲ့အစည်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိပါသည်။

၄။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းအမည်ခံ ဖွဲ့စည်းထားသော အောက်ပါအဖွဲ့အစည်းများသည် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမဟုတ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊
( ခ) အလုပ်သမားအချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့၊
( ဂ) အနာဂတ်အလင်းတန်းဆုံမှတ်အဖွဲ့၊
(ဃ) Action Labour Right ၊
( င) All Myanmar Trade Union’s Network ၊
( စ) Agriculture Freedom of Myanmar ၊
(ဆ) Association for Labour Development (ALD) ၊
( ဇ) Federation of Garment Workers Myanmar ၊
(ဈ) Freedom and Labour Action Group ၊
(ည) Labour Power Group ၊
( ဋ) We Generation Network ၊
( ဌ) ရောင်ခြည်ဦးအလုပ်သမားအဖွဲ့၊
( ဍ) သွေးစည်းညီညွတ်သောသမဂ္ဂများအဖွဲ့ချုပ်(မြန်မာ) STUM ၊
( ဎ) အလုပ်သမားသမဂ္ဂများပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Cooperation Committee of Trade Unions – CCTU ) ၊
(ဏ) မြန်မာနိုင်ငံလုံးဆိုင်ရာ ရေနံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊
(တ) စက်မှုလုပ်ငန်းဆိုင်ရာ အမျိုးသမီးအလုပ်သမားများအစည်းအရုံး (Industrial Women Worker Organization – IWWO )။

၅။ သို့ဖြစ်၍ ဖော်ပြပါ အဖွဲ့အစည်းများသည် တရားဝင်အဖွဲ့အစည်းများမဟုတ်ကြောင်း၊ ယင်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်းနှင့် ဆက်လက်လှုပ်ရှားဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၆၇၉၈ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၄၃၅၆၃ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၈၅၁၉ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၄၈ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၁၂၇၆ ဦး ဖြစ်သည်။

၃။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်မြို့နယ် မဲရုံပေါင်း ၂၂၇ ရုံ | ၂၂၆၇၉၈ | ၁၄၃၅၆၃ | ၃၈၅၁၉ | ၁၅၄၈ | ၂၁၂၇၆ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဂန့်ဂေါမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့၊ ကြို့ပင်ကောက်မြို့၊ ငါးသိုင်းချောင်းမြို့နှင့် မြဝတီမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



## ရေဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့် ရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ချီးမြှင့်ပွဲ တက်ရောက်

**ပုသိမ် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းရဲတပ်ဖွဲ့ဝင်များကို အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်၊ ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့ဆောင်ရွက်ရမည့် တာဝန်များကို မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် လိုအပ်ချက်ပေါက်မြောက် အောင်မြင်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တပ်ဖွဲ့ဝင်များသည် သာမန်ဝန်ထမ်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့် သစ္စာ၊ သမာဓိ၊ သတ္တိဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေကြခြင်းအပေါ် အလေးအနက်ထား ဂုဏ်ယူပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဥပဒေဘောင်အတွင်းမှ နိုင်ငံတော်ကိုမျက်နှာမူ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်က နိုင်ငံတော်အတွက် အရေးကြီးဆုံးဖြစ်သည့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးထားကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ပုဂ္ဂလိကလုံခြုံရေးကိုလည်း ဂရုပြုဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းမှူးနှင့် ဒုတိယတိုင်းမှူးတို့က အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ကြရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်းနှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မောင်မောင်မြင့်(ပြန်/ဆက်)**

# အေးချမ်းသာယာရေးအတွက် အလေးထားပြီး ပြည်သူအကျိုးကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက်

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် မန္တလေးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ (ယာပုံ)





အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးခရိုင်၊ မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများအနေဖြင့်လည်း မိမိ ခရိုင်၊ မြို့နယ်များတွင် ပြန်လည်ရှင်းပြစေလိုကြောင်း မိမိတို့တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း လုပ်ငန်းတာဝန်များ ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီး စသည်ဖြင့် အဆင့်ဆင့်တိုးတက်အောင်လုပ်မှ နိုင်ငံတော်တိုးတက်မည်ဖြစ်ကြောင်း၊ ကျေးရွာမှ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆင့်အေးချမ်းသာယာမှ နိုင်ငံအေးချမ်းသာယာမည်ဖြစ်၍ အေးချမ်းသာယာရေးအတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူလုပ်ကိုင်နေရသည်မှာ ပြည်သူ့အတွက်ဖြစ်ကြောင်း၊ မိမိတာဝန်ယူစဉ် ကာလအတွင်း မိမိစွမ်းအားနှင့် မိမိတို့ပြည်သူအကျိုးအတွက် ဆောင်ရွက်ရာတွင် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု ဖွဲ့စည်းထားသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများဖြင့် ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ ပါဝင်သည့် ဌာနဆိုင်ရာများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအတိုင်း တာဝန်ထမ်းဆောင်စေလိုကြောင်း၊ မြို့မိမြို့ဖအဖွဲ့ဝင်များအနေဖြင့်လည်း မိမိရပ်ရွာ မိမိမြို့အတွက် စေတနာထား ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ဘာသာသာသနာအတွက် အလေးထားဆောင်ရွက်ရန်လိုပြီး ဆရာဒကာ လက်တွဲလုပ်ဆောင်ခြင်း၊ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ ဆွမ်းကွမ်း အခက်အခဲမရှိရန် ဆောင်ရွက်ခြင်းများပြုလုပ်ရန်လိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တက်ရောက်လာသော မန္တလေးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များအား ပြန်လည်တင်ပြကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁**

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Quick Impact Project – QIP) ၅ ခု အတွက် နားလည်မှုစာချွန်လွှာ (MoU) များကို ဆောလျင်စွာ လက်မှတ် ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးသည်။




အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူများအတွက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေမည့် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများဖြစ်သော ဘေလီတံတား တည်ဆောက်ခြင်း၊ မြို့နယ်ခန်းမဆောင် တည်ဆောက်ခြင်း၊ အသေးစား လေစွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာ E-Library တည်ဆောက်ခြင်းနှင့် အပူပိုင်းဇုန်တွင် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေရေး စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် MoU များ လျင်မြန်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက ၎င်းတို့နှင့် သက်ဆိုင်သည့် စီမံကိန်းဆိုင်ရာ MoU များ လက်မှတ်ရေးထိုးရေးအတွက် တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဝန်းသို မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသော မြိုင်ဇေယျာကျေးရွာ၊ ဒုန်းဒုတ်ကျေးရွာ၊ ချမ်းမြသီတာကျေးရွာနှင့် အင်ပုဒ်ကုန်းကျေးရွာများသို့ ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့်အဖွဲ့သည် မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုများကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စက်ရေတွင်းတူးဖော်နေမှုအခြေအနေမှာ မြိုင်ဇေယျာကျေးရွာတွင် ပေ ၉၀ ၊ ဒုန်းဒုတ်ကျေးရွာတွင် ပေ ၃၄၀ ၊ ချမ်းမြသီတာကျေးရွာတွင် ပေ ၂၂၀၊ အင်းပုဒ်ကုန်းကျေးရွာတွင် ပေ ၁၆၀ တူးဖော်ရောက်ရှိနေပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များအပေါ် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသော သိန်းသန်း ရတီကုမ္ပဏီနှင့် အောင်ခန့်ဝင်းကုမ္ပဏီတို့မှ တာဝန်ရှိသူများထံ မှာကြားခဲ့ပြီး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများတွင် မြိုင်ဇေယျာကျေးရွာ၌ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တင်ဒါအောင်မြင် ငွေ ၁၂ ဒသမ ၇၅သန်းဖြင့် သိန်းသန်းရတီကုမ္ပဏီက လည်းကောင်း၊ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဒုန်းဒုတ်ကျေးရွာတွင် တင်ဒါအောင်မြင်ငွေ ၁၂ ဒသမ ၃၈ သန်းနှင့် အင်းပုဒ်ကုန်းကျေးရွာတွင် တင်ဒါအောင်မြင်ငွေ ၁၂ ဒသမ ၃၆ သန်းတို့ဖြင့် အောင်ခန့်ဝင်းကုမ္ပဏီက လည်းကောင်း၊ ချမ်းမြသီတာကျေးရွာတွင် ပြည်ထောင်စုဘတ်ဂျက်(မွမ်းမံ)ဖြင့် တင်ဒါအောင်မြင်ငွေ ၁၀ ဒသမ ၂၀ သန်းဖြင့် သိန်းသန်းရတီကုမ္ပဏီက လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဝန်းသိုမြို့နယ်အတွင်း ဘတ်ဂျက်အသီးသီးဖြင့် ရေရရှိရေးလုပ်ငန်းအတွက် ကျေးရွာပေါင်း ခုနစ်ရွာတွင် စုစုပေါင်းဘတ်ဂျက် ငွေကျပ် ၈၅ ဒသမ ၂၀ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း ပြောကြားချက်အရ သိရသည်။

**မွေးကြျူဇင်**

## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်း သတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည် ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

# ဗြိတိန်နိုင်ငံတွင် လူဦးရေ ၃၀ ရာခိုင်နှုန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးပထမဆုံးအကြိမ် ထိုးနှံပေးပြီးဖြစ်

လန်ဒန် မတ် ၁

**ဗြိတိန်နိုင်ငံတွင် လူဦးရေ၃၀ ရာခိုင်နှုန်းနီးပါးကို ပထမအကြိမ်အဖြစ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးပြီဟု သိရသည်။ ဗြိတိန်နိုင်ငံရှိ လူဦးရေသန်း ၂၀ ကျော်မှာ ပထမအကြိမ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ပြီး အဆိုပါ အရေအတွက်မှာ တိုင်းပြည်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိသည်။**

ဗြိတိန်အစိုးရအဖွဲ့သည် အဆိုပါကြေညာမှုကို ဖေဖော်ဝါရီ ၂၈ရက်တွင် ပြုလုပ်ခဲ့သည်။ အမျိုးသားကျန်းမာရေးဝန်ဆောင်မှု၊ စေတနာ့ဝန်ထမ်းများနှင့် တိုင်းပြည်၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် ပါဝင်ခဲ့ကြသော အခြားသောလူများ၏ ကြိုးပမ်းမှုကြောင့် ယခုကဲ့သို့အောင်မြင်မှု ရရှိလာခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ဗြိတိန်အစိုးရ၏ ရည်မှန်းချက်မှာ ဇူလိုင်လကုန်ပိုင်းတွင် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးပင်ဖြစ်သည်။

ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသည့်သူများသည် ၁၂ ပတ်အတွင်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူရမည်ဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

ဇန်နဝါရီလအတွင်း တိုင်းပြည်အတွင်းကူးစက်မှုနှုန်းမှာ ၆၀၀၀၀ အထိရှိခဲ့ပြီး ဗီဇပြောင်းကူးစက်မှုနှုန်းကြောင့် ယင်းအရေအတွက်အထိ ရှိလာခြင်းဖြစ်သည်။ အာဏာပိုင်များက တင်းကျပ်သည့်စည်းကမ်းများ ချမှတ်ခဲ့ခြင်းကြောင့် ကူးစက်မှုများပြန်လည်ကျဆင်းခဲ့သည်။

ဗြိတိန်အစိုးရသည်ကိုဗစ် –၁၉ ကြောင့် ထုတ်ပြန်ထားသော တင်းကျပ်သည့် စည်းကမ်းများကို တဖြည်းဖြည်းလျှော့ချသွားရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**




ကာကွယ်ဆေးထိုးပေးရာစင်တာအပြင်ဘက်တွင် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။




ဖိလစ်ပိုင်နိုင်ငံသို့ ကိုဗစ် –၁၉ ကာကွယ်ဆေးများရောက်ရှိလာသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံမှုစတင်

**မနီလာ မတ် ၁**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုကို မတ်လ ၁ ရက်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဆီနိုဖမ်း ကိုဗစ်–၁၉ ကာကွယ်ဆေး ပထမအသုတ် ရောက်ရှိပြီးနောက် တစ်ရက်အကြာတွင် ကာကွယ်ဆေးထိုးနှံမှု လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ အထွေထွေရောဂါကုဆေးရုံကြီး၏ ညွှန်ကြားရေးမှူး ဂျီရာဒိုလက်စ်ဂါပီက ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုကို ပထမဆုံးခံယူခဲ့သည်။ ဖိလစ်ပိုင်ပြည်သူများ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လုံခြုံစိတ်ချစွာဖြင့် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံမှုကို ခံယူကြရန် တိုက်တွန်းခဲ့သည်။

သိပ္ပံအချက်အလက်များအပေါ် မူတည်၍ ဆီနိုဖမ်းကာကွယ်ဆေးထိုးနှံရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကာကွယ်ဆေးကို ဖိလစ်ပိုင်မှ ကျွမ်းကျင်သူများက သီတင်းခြောက်ပတ်ကြာ လေ့လာမှုများ ပြုလုပ်ခဲ့ကြကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၎င်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးပြီးနောက်မနီလာမြို့အနီးပတ်ဝန်းကျင်တွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးမှုများ စတင်ခဲ့သည်ဟု သိရသည်။

ယနေ့သည် မျှော်လင့်ချက်အသစ် တင်နိုင်သည့် သမိုင်းဝင်နေ့ဖြစ်ကြောင်း ကိုဗစ် – ၁၉ ကြောင့် တစ်နှစ်ကြာ အမှောင်ထုထဲတွင် နေထိုင်ရပြီးနောက် မျှော်လင့်ချက် လင်းရောင်ခြည် ရရှိလာပြီဖြစ်ကြောင်း သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရို့ခ်က ပြောသည်။

လာမည့်ရက်များအတွင်း တိုင်းပြည်၏ အခြားသော အစိတ်အပိုင်းများတွင်လည်း ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုများစတင်တော့မည်ဟု ဖိလစ်ပိုင် ကျန်းမာရေးဌာနက ပြောသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေး ဒုတိယအကျော့ ထိုးနှံမှုစတင်

**နယူးဒေလီ မတ် ၁**

အိန္ဒိယနိုင်ငံတွင် မတ် ၁ ရက်၌ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၅၅၁၀ ထပ်တိုးလာပြီးနောက် တစ်နိုင်ငံလုံးအနှံ့ကိုဗစ် –၁၉ ကူးစက်ခံရသူပေါင်း ၁၁၁၁၂၄၄၁ ဦးအထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသည့်အချက်အလက်များအရ သိရသည်။

တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၁၀၆ ဦး ထပ်တိုးလာခဲ့ပြီးနောက် သေဆုံးသူစုစုပေါင်းမှာ ၁၅၇၁၅၇ ဦးရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး ဒုတိယအကျော့ထိုးနှံမှုကို မတ် ၁ ရက်တွင် စတင်ခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည်လည်း ပထမဆုံးအကြိမ် Covaxin ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုကို ခံယူခဲ့သည်။

အသက် ၆၀ နှင့်အထက် လူများကို ဒုတိယအကျော့ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ တိုင်းပြည်တစ်လွှားလူပေါင်း ၁၅ သန်းကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

အိန္ဒိယအစိုးရသည် တိုင်းပြည်တစ်ဝန်း ကိုဗစ် –၁၉ ရှိ မရှိ ဆေးစစ်မှုများကို အရှိန်အဟုန်မြှင့်တင်ကာဆောင်ရွက်ခဲ့ပြီး ယခုအချိန်အထိ လူပေါင်း ၂၁၇ သန်းကို ဆေးစစ်ပေးခဲ့ပြီး ဖြစ်သည်။ မြို့တော်ဒေလီသည် ကိုဗစ် – ၁၉ အဆိုးရွားဆုံးကူးစက်ခံရသည့် မြို့တစ်မြို့ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်က ဒေလီမြို့တွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၉၇ ဦးတွေ့ရှိခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးနှစ်မျိုးကို ခွင့်ပြုပေးထားကြောင်း သိရသည်။

**ဆင်ဟွာ**




အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူနေစဉ်။

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၅၅ ဦးကျော် ထပ်မံတွေ့ရှိ

**ဆိုးလ် မတ် ၁**

တောင်ကိုရီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ ရက်က ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၅၅ ဦးကျော် ထပ်မံတွေ့ရှိခဲ့ပြီးနောက် တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၉၀၀၂၉ ဦးရှိလာခဲ့သည်။

နေ့စဉ်ကူးစက်မှုနှုန်း ၄၀၀ အောက်တွင် ကျရောက်လာသည်မှာ နှစ်ရက်ရှိလာပြီဖြစ်သည်။ သို့သော်လည်း ဆိုးလ်မြို့အနီးတစ်ဝိုက်နှင့် ဂယောင်းဂီပြည်နယ်တို့တွင် နိုဝင်ဘာ ၈ ရက်မှစတင်ကာနေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၀၀ အထက်တွင် ရှိနေခဲ့သည်။ ကူးစက်ခံရသူ ခုနစ်ဦးမှာ ပြည်ပမှ ကူးစက်ခံရသူများ ဖြစ်သည်။ ကိုဗစ် – ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူနှစ်ဦး တိုးလာသည့်အတွက် သေဆုံးသူပေါင်း ၁၆၀၅ ဦး ရှိလာပြီး သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၇၈ ရာခိုင်နှုန်းတွင် ရှိသည်။


အပြည့်အဝပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၈၁၀၇၀ ရှိသည့်အတွက် ပြန်လည်ကျန်းမာလာသည့်နှုန်းမှာ ၉၀ ဒသမ ၀၅ ရာခိုင်နှုန်းတွင် ရှိသည်။ တောင်ကိုရီးယားတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကို ဖေဖော်ဝါရီ ၂၆ ရက်တွင်စတင်ခဲ့ပြီး လူပေါင်း ၂၁၁၇၇ ဦးကို ကာကွယ်ဆေးတစ်ကြိမ်ထိုးပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြတဲ့ အစ္စရေးနိုင်ငံ၏ ကိုဗစ် - ၁၉ ကာကွယ်ဆေး လျင်မြန်စွာ ထိုးနှံပေးမှု

—— ကေကေစိုး ——

အစ္စရေးနိုင်ငံတွင် ကမ္ဘာ့အမြန်ဆုံး ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံမှုကို ပြုလုပ်နေရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် အစ္စရေးနိုင်ငံသား တစ်ဝက်နီးပါးကို ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်သည်။ အစ္စရေး ဆေးဘက်ဆိုင်ရာ သုတေသနပြုချက်အရ ဖိုက်ဇာ-ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးမှာ ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာရသည့် ဆိုးရွားသည့် လက္ခဏာများနှင့်သေဆုံးမှုများကို မျှော်မှန်းထားသည်ထက် ပို၍ လျှော့ချပေးနိုင်ကြောင်း၊ အရွယ်ရောက်ပြီးသူ အားလုံးအတွက် လုံခြုံစိတ်ချရမှုရှိကြောင်း ဆိုးရွားပြင်းထန်သည့် ဘေးထွက်ဆိုးကျိုး များမှလည်း ကင်းဝေးကြောင်း ထွက်ပေါ်လာခဲ့သည်။



ဂျေရုဆလင်မြို့တွင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံရန်အတွက် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

**သက်သေပြလျက်ရှိ**

အစ္စရေးသိပ္ပံနည်းကျ ရလဒ်များက အစ္စရေးကျန်းမာရေး အရာရှိများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိခင်ဖြစ်သူများအတွက်လည်း ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်ကို လမ်းဖွင့်ပေးရန်အတွက် ခွင့်ပြုပေးလျက်ရှိသည်။

အစားအသောက်ခံတတ်မတည့်မှုပြဿနာနှင့် ရင်ဆိုင်နေရသူများ အတွက်ပါ လုံခြုံစိတ်ချရမှုရှိသည်ဟု သိရသည်။ ထို့ပြင် ကာကွယ်ဆေးမှာ သက်ကြီးရွယ်အိုများအတွက်ပါ လုံခြုံစိတ်ချရမှုရှိကြောင်း သက်သေပြလျက်ရှိသည်။ ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကိုလည်း ဖယ်ရှားပြီးသားဖြစ်မည်ဖြစ်သည်။ အစ္စရေးနိုင်ငံတွင် အသက် ၅၀ နှစ်နှင့်အထက် လူပေါင်း ၉၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသား ဖြစ်သည်။

**အချက်အလက်များ ပြန်လည်မျှဝေပေးခဲ့**

အစ္စရေးနိုင်ငံတွင် အနည်းဆုံးလူဦးရေ ၄ ဒသမ ၆ သန်းကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးပြီဖြစ်ပြီး ၃ ဒသမ ၃ သန်း ကျော်မှာမူ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်သည်။ ဖိုက်ဇာကုမ္ပဏီကလည်း အစ္စရေးနိုင်ငံသို့ ကာကွယ်ဆေးများ အလျင်အမြန် ပေးပို့ပေးခဲ့ပြီး အပြန်အလှန်အားဖြင့် အစ္စရေးနိုင်ငံဘက်ကလည်း ကာကွယ်ဆေးထိုးထားသည့် အချက်အလက်များကို ပြန်လည်မျှဝေပေးခဲ့သည်။

အဆိုပါ အချက်အလက်များကို တက္ကသိုလ်များမှ သိပ္ပံပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဖိုက်ဇာကုမ္ပဏီတို့ထံ မျှဝေပေးခဲ့သည်။ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုများကို ခြေရာခံလိုက်နိုင်ရေး အချက်အလက်များ ပေးပို့ခြင်းဖြစ်သည်။ လက်တွေ့စမ်းသပ်မှုမှ အပြင်လောကတွင် အမှန်တကယ် ကာကွယ်ဆေးများထိုးနှံမှုလုပ်ဆောင်သည့်အခါ ကွဲပြားခြားနားသည့်ရလဒ်များရရှိလာကြသည်ဟု ဟီဘရူးတက္ကသိုလ်မှ ကူးစက်ရောဂါပညာရှင် ဟာဂိုင်လီဗင်းက ပြောသည်။

> “အစ္စရေးနိုင်ငံသည် ကိုဗစ် - ၁၉ ကာကွယ်ဆေးကို အလျင်အမြန် ထိုးနှံပေးနိုင်သော်လည်း ပုံမှန်ဘဝသို့ ပြန်ရောက်ရန်အတွက် ကမ္ဘာကြီးကို စံနမူနာအဖြစ် မပြသနိုင်သေးပေ။ တိုင်းပြည်အတွင်း ကူးစက်မှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဗီဇပြောင်း ကိုဗစ် - ၁၉ ကူးစက်မှုအန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်”

**သဘောထားကွဲလွဲမှုများဖြစ်ပေါ်**

ကာကွယ်ဆေး ထိုးနှံမှုများမှ ရရှိလာသည့်အချက်အလက်များအရ ယင်းကာကွယ်ဆေးမှာ သေဆုံးမှုနှုန်းနှင့် ရောဂါဖြစ်ပွားမှုနှုန်းကို ကောင်းမွန်စွာ ကာကွယ်ပေးနိုင်စွမ်းရှိပြီး ယင်းသတင်းစကားသည် ကမ္ဘာကြီးအတွက် ကောင်းသောသတင်းစကားပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း သုတေသနရလဒ်များသည် ဗီဇပြောင်းကိုဗစ် -၁၉ အတွက် ယခုကာကွယ်ဆေးမှာ မည်သို့အကာအကွယ်ပေးသလဲ ဟူသည့် မေးခွန်းအပါအဝင် အချို့သော အရေးပေါ်ဖြေဆိုရမည့် မေးခွန်းများအတွက် အဖြေမရှိသေးပေ။ ကာကွယ်ဆေးထိုးပြီးသည့် အချို့သောသူများတွင် ကူးစက်မှုဖြစ်ပေါ်ရသည့်အကြောင်းအရင်း ပေါ်တွင်လည်း ကျွမ်းကျင်ပညာရှင်များ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**နမူနာအဖြစ် မပြသနိုင်သေး**

အဓိကအချက်မှာ ကူးစက်ပျံ့နှံ့မှု လျော့ကျလာခြင်းပင် ဖြစ်သည်။ အစ္စရေးနိုင်ငံသည် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အလျင်အမြန် ထိုးနှံပေးနိုင်သော်လည်း ပုံမှန်ဘဝသို့ ပြန်ရောက်ရန်အတွက် ကမ္ဘာကြီးကို စံနမူနာအဖြစ် မပြသနိုင်သေးပေ။ တိုင်းပြည်အတွင်း ကူးစက်မှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဗီဇပြောင်းကိုဗစ် -၁၉ ကူးစက်မှုအန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။ အစ္စရေးက သိမ်းပိုက်ထားသည့် ပါလက်စတိုင်းနယ်မြေများတွင်လည်း လူဦးရေ အမြောက်အမြားကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံ မပေးရသေးချေ။

**ဝေဖန်မှုများ ပြင်းထန်လျက်ရှိ**

အဆိုပါ ပါလက်စတိုင်းနယ်မြေများသို့ ကိုဗစ် - ၁၉ ကာကွယ်ဆေးများ ပိုမိုထောက်ပံ့ပေးခြင်းမရှိသည့်အတွက်အစ္စရေးကို ပြည်တွင်းပြည်ပမှဝေဖန်မှုများ ပြင်းထန်လျက်ရှိသည်။ အစ္စရေးနိုင်ငံတွင် ဒီဇင်ဘာလနှောင်းပိုင်းက စတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုများကို လုပ်ဆောင်ပေးခဲ့ပြီး လျှပ်တစ်ပြက်ကောက်ယူထားသည့် လေ့လာမှုများကို မီဒီယာများတွင် ဖော်ပြကြသည်။ အစ္စရေးနိုင်ငံတွင် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးပြီးသော သူများအပေါ်တွင် လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီလအစောပိုင်းတွင် သိသာထင်ရှားသည့် လေ့လာချက် ထွက်ပေါ်လာခဲ့သည်။

**အရေးကြီးဆုံးရလဒ်**

ဝိုက်ဇ်မင် သိပ္ပံအင်စတီကျုမှ ပါမောက္ခတစ်ဦးဖြစ်သူ အရမ်ဆီဂေါ်နှင့်အဖွဲ့တို့ လေ့လာမှုအရ အစ္စရေးတွင်အသက် ၆၀ နှင့် အထက်လူများတွင် ကာကွယ်ဆေးထိုးပြီးဖြစ်ပြီး ၄၁ ရာခိုင်နှုန်း ကိုဗစ် -၁၉ ကူးစက်မှုကို လျှော့ချပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါ လေ့လာမှုရလဒ်ကို ဂျာနယ်တွင်ဖော်ပြနိုင်ရေးအတွက် ဆက်လက်စောင့်ဆိုင်းနေဆဲဖြစ်သည်။ အခြားသော သိပ္ပံနည်းကျရလဒ်များနှင့် ဆေးရုံမှ တာဝန်ရှိသူများ၏ အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကိုဗစ် -၁၉ လူနာဆောင်အတွင်း တက်ရောက်ကုသရမှု နည်းပါးလာသည်ကို တွေ့ရသည်။ အဆိုပါရလဒ်သည် အစ္စရေးနိုင်ငံအတွက် အရေးအကြီးဆုံးရလဒ်များပင် ဖြစ်သည်။ ကျန်းမာရေးစနစ် မပြိုလဲသွားစေရေးအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းမှာ တစ်ခုတည်းသောအောင်မြင်မှုပင်ဖြစ်သည်ဟု တဲလ်အဗစ်မြို့ရှိ ဆောရာစကီဆေးဘက်စင်တာမှ အကြီးအကဲဖြစ်သူ ရွန်နီဂမ်ဇုက ပြောသည်။

**နောက်ထပ်လေ့လာမှုများ ဆက်လက်ပြုလုပ်သင့်**

၎င်း၏လူနာဆောင်မှ ကိုဗစ် -၁၉ လူနာများမှာ နှစ်လအတွင်း သုံးပုံပုံနှစ်ပုံအထိ လျော့ကျသွားသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အသက် ၅၀ နှစ်နှင့်အထက် လူပေါင်း ၉၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပြီးသည်မှာ မှန်သော်လည်း ကူးစက်မှုနှုန်းမှာ မြင့်တက်နေဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစ္စရေးကျန်းမာရေးဝန်ကြီးဌာနနှင့် ဖိုက်ဇာကုမ္ပဏီတို့၏ နောက်ထပ်လေ့လာမှုများအရ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသည့်နောက် ရောဂါလက္ခဏာ ဆိုးဆိုးရွားရွားခံစားရမှုများနှင့် သေဆုံးမှုများကို ၉၃ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်ဟု ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဖော်ပြခဲ့ကြသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ၉၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ဟု အစီရင်ခံတင်ပြကြသည်။ သို့သော်လည်း ရောဂါလက္ခဏာမပြဘဲ ကူးစက်မှုများရှိနေနိုင်သေးသဖြင့် နောက်ထပ်လေ့လာမှုများ ဆက်လက်ပြုလုပ်သင့်သည်ဟု အကြံပြုထားကြသည်။

**အဟန့်အတားများဖြစ်ပေါ်**

အစ္စရေးနိုင်ငံ၏ လျင်မြန်စွာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ်ကို တစ်ကမ္ဘာလုံးက စောင့်ကြည့်လျက်ရှိပြီး အခြားသော နိုင်ငံများတွင်လည်း ကိုဗစ် -၁၉ကာကွယ်ဆေးထိုးနှံမှုများ မစတင်နိုင်သေးဘဲ ပြည်သူအများစုကလည်း အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကို စိတ်ပျက်မှုများ ကြီးထွားလာကြသည်။ သို့သော်လည်း အစ္စရေးနှင့်အခြားနိုင်ငံများကြားတွင် ကွဲပြားခြားနားမှုများစွာရှိသည်။ အဓိကမှာ ကာကွယ်ဆေးမလုံလောက်မှုပြဿနာပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအပါအဝင် အခြားသော နိုင်ငံများမှာ ကာကွယ်ဆေးထောက်ပံ့ပေးမှုတွင် မလုံလောက်မှုပြဿနာကြောင့် ကာကွယ်ဆေးထိုးနှံပေးရေးတွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိသည်။ ။

ဝါရှင်တန်ပို့စ်

## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး



**မုံရွာ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ယနေ့ နံနက် ၁၀ နာရီကစတင်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမတွင် မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၅၀၀ ဦးအား မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးကြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူများသည် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

### ၁-၃-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၂၅၆၇၄၂ | ၁၉၆၉၄၃၃၇ | ၅၂၅၇၈၀ |
| ၂။ | အိန္ဒိယ | ၁၁၁၁၂၂၄၁ | ၁၀၇၈၆၄၅၇ | ၁၅၇၁၉၅ |
| ၃။ | ဘရာဇီး | ၁၀၅၅၁၂၅၉ | ၉၄၁၁၀၃၃ | ၂၅၅၀၁၈ |
| ၄။ | ရုရှား | ၄၂၅၇၆၅၀ | ၃၈၂၃၀၇၄ | ၈၆၄၅၅ |
| ၅။ | ဗြိတိန် | ၄၁၇၆၅၅၄ | ၂၉၀၅၃၁၇ | ၁၂၂၈၄၉ |
| ၆။ | ပြင်သစ် | ၃၇၅၅၉၆၈ | ၂၅၄၈၆၈ | ၈၆၄၅၄ |
| ၇။ | စပိန် | ၃၁၈၈၅၅၃ | ၂၆၄၇၄၄၆ | ၆၉၁၄၂ |
| ၈။ | အီတလီ | ၂၉၂၅၂၆၅ | ၂၄၀၅၁၉၉ | ၉၇၆၉၉ |
| ၉။ | တူရကီ | ၂၇၀၁၅၈၈ | ၂၅၇၂၂၃၄ | ၂၈၅၆၉ |
| ၁၀။ | ဂျာမနီ | ၂၄၅၀၂၉၄ | ၂၂၅၅၅၀၀ | ၇၀၆၈၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၄၁၃၁၄ | ၁၁၅၁၉၁၅ | ၃၆၃၂၅ |
| ဖိလစ်ပိုင် | ၅၇၈၃၈၁ | ၅၃၄၃၅၁ | ၁၂၃၂၂ |
| မလေးရှား | ၃၀၂၅၈၀ | ၂၇၅၉၀၃ | ၁၁၃၅ |
| မြန်မာ | ၁၄၁၉၁၆ | ၁၃၁၄၈၇ | ၃၁၉၉ |
| စင်ကာပူ | ၅၉၉၄၈ | ၅၉၈၂၃ | ၂၉ |
| ထိုင်း | ၂၆၀၃၁ | ၂၅၃၂၄ | ၈၃ |
| ဗီယက်နမ် | ၂၄၄၈ | ၁၈၇၆ | ၃၅ |
| ကမ္ဘောဒီးယား | ၈၂၀ | ၄၇၇ | ၀ |
| ဘရူနိုင်း | ၁၈၆ | ၁၈၁ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

### မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုံ့ဆော်မှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှု များသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုံ့ဆော်မှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လှုံ့ဆော်မှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် ဆောင်ရွက်လာသဖြင့် လုံခြုံရေးရဲတပ်ဖွဲ့များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၁**

အဖျက်အမှောင့် လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသဖြင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**ထပ်မံသတင်းထုတ်ပြန်**

အဆိုပါ ထုတ်ပြန်ချက်တွင် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ပဲခူးမြစ်ကူးတံတားအနီး၌ လူစုလူဝေးဖြစ်ပွားမှုနှင့် (စိန်ဟင်း) ကုန်စုံဆိုင်၌ ပစ္စည်းများဝင်ရောက် ဖျက်ဆီးမှုတို့နှင့်ပတ်သက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆောင်ရွက်မှု အခြေအနေနှင့် ဖြစ်စဉ်အပေါ် အသေးစိတ်ထပ်မံ စိစစ်ခဲ့မှုအခြေအနေအား ထပ်မံသတင်းထုတ်ပြန်ထားခြင်း ဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ပဲခူးမြစ်ကူးတံတားအနီး၌ လူစုလူဝေး အင်အား ၁၀၀၀ ကျော်ခန့်သည် စုဝေးရောက်ရှိကာ အော်ဟစ်ဆူပူပြီး တုတ်၊ အုတ်ခဲများကိုင်ဆောင်ပြီး အဓိကရုဏ်းဆန်ဆန် ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၁၂၀ ဖြင့် ညှိနှိုင်းဖြေလျှော့တားဆီးခြင်း၊ ထုတ်ပြန်ထားရှိသော အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာလူစုခွဲပါရန် အကြိမ်ကြိမ်မေတ္တာရပ်ခံသတိပေးပြောကြားခဲ့သည်။

သို့ရာတွင် လူစုလူဝေးအနေဖြင့် လိုက်နာမှုမရှိသဖြင့် လူစုလူဝေးကိုင်တွယ် ထိန်းသိမ်းနည်းလုပ်ငန်းစဉ်အတိုင်း မီးခိုးဖြူဗုံး (၆) လုံး၊ ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် (၁၂) ချက်အား ခြောက်လှန့်ပစ်ခတ်ကာ ပထမအကြိမ် လူစုအားဖြိုခွဲ၍ ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၁၄) ဦး၊ အမျိုးသမီး (၂) ဦးတို့အား ထိန်းသိမ်းခဲ့သည်။

**ရန်ပြုနိုင်ရေး ကြိုးစား**

ထိုသို့ ထိန်းသိမ်းခဲ့မှုအပေါ် ကျေနပ်မှုမရှိသည့် လူစုလူဝေးအနေဖြင့် အုတ်ခဲကျိုးများ၊ ကျောက်ခဲများနှင့် လေးခွတို့ကို အသုံးပြုကာ အဓိကရုဏ်းမှ အကြမ်းဖက်မှု အသွင်သဏ္ဍာန်အဖြစ်သို့ ကူးပြောင်းကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုနိုင်ရေး ကြိုးစားပြုမူခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီရုံးအရှေ့အထိ အဆင့်ဆင့်ပြန်လည်ဆုတ်ခွာခဲ့ရပြီး လူစုလူဝေးများက အနီးကပ်အကြမ်းဖက်လာသဖြင့် အသံမြည်ဗုံး (၁၆) လုံး၊ မီးခိုးဖြူဗုံး (၆၀) ဖြင့် ခြောက်လှန့် ပစ်ခတ်ခြင်းများဆောင်ရွက်ခဲ့ရာ လူစုလူဝေးအားကိုင်တွယ် ထိန်းသိမ်းနည်းအရ မောင်းပြန်ရိုင်ဖယ် (၁) လက်အသုံးပြုကာ အပေါ်သို့ထောင်ဖောက် ခြောက်လှန့်ခြင်းမှ နောက်ဆုံးအဆင့်အနေဖြင့် မလွှဲမရှောင်သာ ပစ်ခတ်ထိန်းသိမ်းမှုများကို ဆောင်ရွက်ခဲ့ရာ ဆူပူသူလူစုလူဝေးမှ ဦးစီးခေါင်းဆောင်ပြုလုပ်သူ အမျိုးသား (၂) ဦး ထိခိုက်သေဆုံးကာ အမျိုးသား (၁၄) ဦး၊ အမျိုးသမီး (၂) ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။



ပဲခူးမြို့အတွင်း အကြမ်းဖက်ဖျက်ဆီးထားမှုများကို တွေ့ရစဉ်။

အလားတူ ဖြစ်စဉ်ကဲ့သို့ ပဲခူးမြို့နယ် ဈေးပိုင်းရပ်ကွက် ရန်ကုန်-မော်လမြိုင် အမှတ်(၂) လမ်းမကြီးဘေးတွင်တည်ရှိသော (စိန်ဟင်း) အိမ်သုံးပစ္စည်း ကုန်စုံဆိုင် (၅) ထပ် အဆောက်အအုံသို့ ဆူပူသူလူစုလူဝေး (၁၅၀) ကျော်ခန့်သည် နေ့လယ် (၂)နာရီခွဲအချိန်တွင် ရောက်ရှိလာကာ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကုန်စုံဆိုင် အပေါ်ထပ်မှ လက်နက်ဖြင့် ပစ်ခတ်သည် ဆိုသည့် ကောလာဟလသတင်းများအရ ဆိုင်အတွင်းဝင်ရောက် ဖျက်ဆီးခြင်း၊ ပစ္စည်းများအား ထုခွဲခြင်း၊ ဆိုင်အတွင်းမှပစ္စည်းများအား လမ်းပေါ်သို့သယ်ထုတ် မီးရှို့ကာ ထိန်းမနိုင်သိမ်းမရတော့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ တောက်လျှောက်ဖြစ်ပွားလာခဲ့သဖြင့် လူစုလူဝေးကိုင်တွယ်ထိန်းသိမ်းမှု လုပ်ငန်းစဉ်အတိုင်း မလွှဲမရှောင်သာ ပစ်ခတ်ထိန်းသိမ်းရာမှ ဆူပူသူ အမျိုးသား (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်များနှင့် ပတ်သက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးအား ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်ရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့သော်လည်း အဓိကရုဏ်းပုံစံမှ အကြမ်းဖက်မှုသို့ တိုးမြှင့်ကာ ဆက်လက်ဆောင်ရွက်နေမှုကြောင့် ပစ်ခတ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

**ရှောင်ကြဉ်ရန် အသိပေးထား**

လူသေဆုံးမှု ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်ကာ လိုအပ်သည့် လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဓိကရုဏ်းဖြစ်ပွားရေးကို ဦးတည်ဆောင်ရွက်နေသူများအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်မှုပုံစံသို့ ပြောင်းလဲဆောင်ရွက်နေမှု အခြေအနေအား ပြည်သူလူထုအနေဖြင့် အသိသတိနှင့် ယှဉ်တွဲကာ ရှောင်ကြဉ်ကြပါရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**




ပဲခူးမြို့ရှိ စိန်ဟင်းကုန်စုံဆိုင်အား ဝင်ရောက်ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# ထားဝယ်မြို့တွင် ဆူပူသူ လူစုလူဝေးက လုံခြုံရေးတပ်ဖွဲ့ဝင်များအား နီးကပ်စွာထိပ်တိုက်ရင်ဆိုင်ရန်ပြု

**နေပြည်တော် မတ် ၁**

ထားဝယ်မြို့တွင် ဖေဖော်ဝါရီလ ၂၈ ရက်က ဗိုလ်ချုပ်လမ်း၌ လူစုလူဝေးအင်အား ၁၀၀၀ ကျော်ခန့်သည် စုဝေးဆန္ဒပြရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများက သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ လူစုခွဲနိုင်ရေး အကြိမ်ကြိမ်သတိပေးညှိနှိုင်းဖြေလျှော့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဆူပူသူလူစုလူဝေးအနေဖြင့် လူစုခွဲမှုမရှိဘဲ အကြမ်းဖက်ဆန်စွာ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုလာပြီး လုံခြုံရေးတပ်ဖွဲ့အနေဖြင့် နီးကပ်စွာထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုခံရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့်





အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ယင်းသို့ ပစ်ခတ်လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ဆူပူသူလူစုလူဝေးများက လူစုခွဲမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထပ်မံရန်ပြုလာသည့် အခြေအနေအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နောက်သို့ ဆုတ်ခွာခဲ့ရပြီး လူစုလူဝေးကိုင်တွယ် ထိန်းသိမ်းနည်း လုပ်ငန်းစဉ်များနှင့်အညီ မလွှဲမရှောင်သာ ပစ်ခတ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရသည်။

၎င်းဖြစ်စဉ်တွင် အမျိုးသား (၃) ဦး ထိခိုက်သေဆုံးခဲ့ပြီး အမျိုးသား (၁)ဦးအား သက်ဆိုင်ရာ ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးခဲ့ကြောင်း၊ သေဆုံးမှုများအတွက် သက်ဆိုင်ရာရဲစခန်းများတွင် သေမှုသေခင်းရေးဖွင့်ထားရှိပြီး လိုအပ်သောလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁

**နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ပို့ဆောင်လျက်ရှိရာ တတိယအကြိမ်အဖြစ် ပလ္လင်တော်အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆီမီးခုံဆိပ်ကမ်းမှ ပင့်ဆောင်ပူဇော်ခဲ့ရာ တည်ထားကိုးကွယ်မည့် မင်္ဂလာနေရာသို့ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။**

အဆိုပါ ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၃ နှင့် အပိုင်း ၅ အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ညောင်ကုန်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတအမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဒက္ခိဏသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ညောင်ကုန်းဆရာတော်အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ် အပေါင်းတို့က ရတနတ္တယ ပူဇာ အရိယာသာဝိတ္ထိဂါထာ၊ ဘုရားဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်နှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး၏ အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြေ တောရ မြို့တော်ဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တခေမာနန္ဒတို့က ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို အပူဇော်ခံမည့်နေရာသို့ဆက်လက် ပင့်ဆောင်တော်မူကြသည်။

ယနေ့ ကြိုဆိုပင့်ဆောင်သည့် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်တော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၃ နှင့် အပိုင်း ၅ တို့၏ အလေးချိန်မှာ ၄၇၇ တန်စီရှိပြီး တတိယအကြိမ် အဖြစ် ကြိုဆိုပင့်ဆောင်ခြင်း ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းများကိုဆက်လက်ပင့်ဆောင်ပူဇော်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား COVID- 19 ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ မြောက်ဦးဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဝနဝါသီ ဘဒ္ဒန္တ ဝါယာမိန္ဒအား ကျားရုပ်ပရိယတ္တိစာသင်တိုက်၌လည်းကောင်း၊ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက်မှ သံဃာတော် ၃ ပါးအား အဆိုပါကျောင်းတိုက်၌ လည်းကောင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက စစ်တွေမြို့၊ ကျားရုပ်ပရိယတ္တိ စာသင်တိုက်သို့ သွားရောက်၍ မြောက်ဦးဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဝနဝါသီ ဘဒ္ဒန္တ ဝါယာမိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတကာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်- ၁၉ ရောဂါကြောင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများကျင်းပရန် ရပ်နားရွှေ့ဆိုင်းခဲ့ပြီး ပြည်တွင်း အားကစားပြိုင်ပွဲများလည်း ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခု ကိုဗစ်-၁၉ ရောဂါ လျော့နည်းလာပြီး ရောဂါကာကွယ်မှုနည်းလမ်းများ ပြုလုပ်နိုင်ပြီဖြစ်သောကြောင့် ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ပြန်လည်ကျင်းပမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရေး၊ ပြည်တွင်း အားကစားပြိုင်ပွဲများ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ပြန်လည်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးကျော်ဦး၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ၂၀၂၁ ခုနှစ် အတွင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ စည်းကမ်းနှင့် အညီ ပြန်လည်ကျင်းပမည် ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပါကြောင်း ဧပြီ ၂ ရက်မှ ၁၀ ရက် အထိ (၆)ကြိမ်မြောက် Asian Beach Games ကို တရုတ်နိုင်ငံ ဟိုင်နန် Sanya ကမ်းခြေ၌ အားကစားနည်း ၁၇ နည်းဖြင့် ကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် Dragon Boat အားကစားနည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ (၃၂)ကြိမ်မြောက် Tokyo Olympic Games ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ကို ဂျပန်နိုင်ငံတွင် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၆ ရက်အထိ အားကစားနည်း ၃၃ မျိုးဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အားကစားနည်းခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်ရန် လျှောက်ထားခဲ့သော်လည်း ပြေးခုန်ပစ်နှင့် ကြက်တောင်အားကစားနည်းငါးမျိုးကို လတ်တလောယှဉ်ပြိုင်ခွင့် ရရှိထားကြောင်း။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ အားကစားနည်း ၄၀ ဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ မျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း၊ နှစ်ပတ်အကြာ မသန်စွမ်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုလည်း ဗီယက်နမ်နိုင်ငံမှ အားကစားနည်း ၁၁ မျိုး လက်ခံကျင်းပပြီး ကိုးမျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း၊ တတိယကြိမ်မြောက် အာရှလူငယ် အားကစားပြိုင်ပွဲ (Asian Youth Games) ကို တရုတ်နိုင်ငံ Shan Tou မြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ အားကစားနည်း ၁၈ မျိုး လက်ခံကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံမှ အားကစားနည်းကိုးမျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက် ရှိပါကြောင်း၊ သို့ဖြစ်၍ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိရမည့်အခြေအနေများကို ရှင်းလင်းတင်ပြခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရန်နှင့် မြန်မာ့သိုင်းအား ကစားနည်းကို နိုင်ငံတော်အားကစားနည်းအဖြစ် လေ့ကျင့်ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁)၌ လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့သိုင်းပြိုင်ပွဲများကို နှစ်စဉ် အားကစားပြက္ခဒိန်ရေးဆွဲကျင်းပခဲ့ပြီးဖြစ်သော်လည်း ယခုအခါ မြန်မာ့သိုင်းပြိုင်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရုံသာမက အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင်လည်း မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းသင်ကြားလေ့ကျင့်ဆောင်ရွက်ပေးရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လောလောဆယ် ဒေသတွင်း အားကစားပြိုင်ပွဲများကို နိုင်ငံတော်မှ ချမှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ထည့်သွင်းစဉ်းစားပြီး ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စဉ်းစားချင့်ချိန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ အနေဖြင့် ယခုချက်ချင်း ကျင်းပဆောင်ရွက်ရန်တွင် မလွယ်ကူသောကြောင့် ဒေသတွင်း ကိုဗစ်-၁၉ အခြေအနေ၊ ဒေသတွင်း အခြေနေပေါ် မူတည်ပြီး ဖြစ်နိုင်သော သက်ဆိုင်ရာ အားကစားနည်းများကိုသာ ထည့်သွင်းကျင်းပပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် မြို့နယ်၊ ခရိုင်အားကစားပြိုင်ပွဲများ ကျင်းပ၍ ဒေသတွင်း အားကစားဆပ်ကော်မတီများနှင့် စီစဉ်ဆောင်ရွက်မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နွေရာသီ အားကစားသင်တန်းများ တိုင်း၊ ခရိုင်၊ မြို့နယ် အလိုက် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများက နိုင်ငံတကာအားကစားပြိုင်ပွဲများ အောင်မြင်စွာပါဝင် ယှဉ်ပြိုင်နိုင်ရေး၊ ဒေသတွင်း အားကစားပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေး၍ အားကစားလုပ်ငန်းများ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရေး အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁**

အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာ နည်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရအား ဆန့်ကျင်သော အဖွဲ့အစည်းများအနေဖြင့် ပြည်သူ လူထုအတွင်း နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ Social Media များကို အသုံးပြု၍ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆန္ဒပြမှု ပုံစံအမျိုးမျိုးကို (ကွန်ရက်)စနစ်ဖြင့် ဖော်ပြကာ နေရာဒေသအသီးသီးတွင် ဆူပူမှုမဖြစ်မနေ ဆောင် ရွက်ကြရန် နေ့စဉ်ရက်ဆက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရပါကြောင်း။

၂၀၂၁ ခုနှစ် မတ်လ ၁ ရက်နေ့တွင်လည်း နေရာ ဒေသအချို့၌ ဆူပူအကြမ်းဖက်သူ လူအုပ်စုများ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးခြင်း၊ ကြိုးတုပ်ခြင်း၊ ဒဏ်ရာပြင်းထန်စွာ ရရှိအောင် နှိပ်စက်ခြင်း၊ လှည့်ကင်းဆောင်ရွက်နေသူများအား ရေနွေးပူဖြင့် လောင်းချခြင်း စသည့်အကြမ်းဖက်မှု ပုံသဏ္ဌာန်အမျိုးမျိုးကို ဆောင်ရွက်နေကြသည်ကို ဖြစ်စဉ်များအရ တွေ့ရှိရပါကြောင်း။

**ဖမ်းဆီးထိန်းသိမ်းထား**

၂၀၂၁ ခုနှစ် မတ်လ ၁ ရက် မွန်းလွဲတွင် ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော လမ်း၊ ဗားကရာလမ်းနှင့် ကမာရွတ်မြို့နယ် အင်းစိန်လမ်းမပေါ်တို့တွင် လူစုလူဝေးများ ဖြစ်ပွား ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုး သားတစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းသုံးဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် များက အသံမြည်ဗုံးအသုံးပြု၍ လူစုခွဲခဲ့ရကြောင်း။



ပုသိမ်မြို့ရှိ လမ်းများ၌ ဆူပူဆန္ဒပြသူများ ပြုလုပ်ထားသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားပေးစဉ်။



မန္တလေးမြို့ပေါ်လမ်းများ၌ ဆူပူဆန္ဒပြသူများ ပြုလုပ်ထားသည့် အတားအဆီးများကို ရှင်းလင်း ဆောင်ရွက်စဉ်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ရွှေဘိုနှင့် ကလေးမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံး၊ ၃၈ မီလီမီတာ ရော်ဘာကျည်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူ အော်ဟစ်ဆန္ဒပြသူ အမျိုးသားငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်းရှစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်း ခဲ့ရကြောင်း။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် များက ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ ၃၈ မီလီမီတာ ရော်ဘာကျည်၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ် လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်းခုနစ်ဦးတို့ အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ရှမ်းပြည်နယ် လားရှိုးမြို့ ယုံအော် ဟိုတယ်ရှေ့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒသမ ၁၂ ဗို့ပြောင်းချော သေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရ ကြောင်း။

**လူငယ်များအား ရှေ့တန်းတင်**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေး များအား ကိုင်တွယ်ထိန်းသိမ်းကြရာတွင် ထိခိုက်ဒဏ် ရာရရှိမှုကို အနည်းဆုံးသာဖြစ်ပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း လူစုလူဝေး အတွင်း လူငယ်များအား ရှေ့တန်းတင်ကာ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိ စေရန် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ပိုမို တွေ့မြင်လာရကြောင်း။

လူငယ်ထုအနေဖြင့် မိမိတို့၏ အနာဂတ်မျှော်မှန်း ချက်များ မပျက်ပြားစေရေးအတွက် ယခုဖြစ်ပွားနေ သည့် နိုင်ငံတော်ဆန့်ကျင်ရေး အဖွဲ့အစည်းများတွင် စည်းရုံးမှုမခံရရေးအတွက် လူငယ်များ၏ မိဘ ဆွေမျိုးများက ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးကြ ရန် အေးချမ်းသာယာလုံခြုံစွာနေထိုင်လိုသူ ပြည်သူ လူထုအများစုက လိုလားလျက်ရှိကြောင်း ဖော်ပြပါရှိ သည်။

**သတင်းစဉ်**

## လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ Quarantine Center တွင်ထားရှိသည့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန် မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည် ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသ ကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ COVID- 19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center တွင် ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသား များအား တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များက အထွေထွေ ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခေတ္တပိတ်ထားရာမှ ယနေ့တွင် ပြန်လည်ဖွင့်လှစ် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး (ခုတင်- ၅၀၀)ကို ခေတ္တပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်ရန်အတွက် ဆေးရုံအုပ်ကြီး ဒေါက်တာ စောဘိုဇော်ဝင်း၊ ဦးစီးကျန်းမာရေးဝန်ထမ်း ၂၀ သည် ယနေ့ နံနက်၉နာရီခွဲတွင် ဆေးရုံ၌ပြန်လည်တာဝန်ထမ်းဆောင်နေစဉ် ဆေးရုံပြန်လည်ဖွင့်လှစ်မှုကို မလိုလားသည့် ဆူပူဆန္ဒပြသူ လူတစ်စုက ဆေးရုံအတွင်းသို့ ဝင်ရောက်လာပြီး ဆရာဝန်များ နှင့် ကျန်းမာရေးဝန်ထမ်းများအား အတင်းအဓမ္မပိတ်ပင် တားဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်မှုကြောင့် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက သွားရောက်၍ ဥပဒေနှင့်အညီ သွားရောက် ကူညီဆောင်ရွက်ပေးခဲ့သဖြင့် ဆေးရုံပုံမှန်ဖွင့်လှစ်၍ ဒေသခံ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါတောင်ငူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံ ကြီးတွင် ဆရာဝန် ၈၀ ၊ သူနာပြု ၁၇၃ ဦး၊ ကျန်းမာရေး ဝန်ထမ်း ၈၂ ဦးရှိကြောင်း သိရှိရပြီး ယနေ့တွင် ဆေးရုံအုပ် ကြီး စောဘိုဇော်ဝင်း ဦးစီး၍ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေး ဝန်ထမ်း ၃၈ ဦးဖြင့် ဒေသခံပြည်သူများ၏ ဆေးကုသမှုလုပ်ငန်း များကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက် ပေးလျက်ရှိသော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ ကို ယနေ့တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း ကေအင်န်ယူ၊ တမဟ(၃)၊ ရင်း(၈)အဖွဲ့မှထောင်ထားသည့် ကားမိုင်းဟုယူဆရသော ဒေသန္တရကားမိုင်း ၁ လုံး နင်းမိပေါက်ကွဲသဖြင့် ဒေသခံပြည်သူ ၂ ဦးသေဆုံး

**နေပြည်တော် မတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ခဲဒိုကျေးရွာအုပ်စု မူသဲကျေးရွာနေ ကျေးရွာ အုပ်ချုပ်ရေးမှူး စောခင်သန်းမူနှင့် ၁၀ ဦးသည် ကျောက်ကြီးမြို့၌ ဈေးဝယ်ရန်အတွက် ဆိုင်ကယ်ငါးစီးဖြင့် သွားရောက်စဉ် နံနက် ၈ နာရီခွဲခန့်တွင် မူသဲရွာ၏ အနောက် ဘက်သုံးမိုင်ခန့်အကွာ ကားလမ်းမပေါ်၌ ကားမိုင်းတစ်လုံး နင်းမိပေါက်ကွဲခဲ့ရာ မူသဲရွာနေ စောလေးဖားစေး ၂၃ နှစ်၊ (ဘ) စောလယ်ဝါးစေး နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ သမီးဖြစ်သူ နော်မေရှမ်း ၂၀ နှစ်၊ (ဘ) စောခင်သန်းမူ တို့သည် ပြင်းထန်သော မိုင်းထိ ဒဏ်ရာများဖြင့် ဖြစ်စဉ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အပြစ်မဲ့ဒေသခံပြည်သူလူထုများ ထိခိုက်သေဆုံးခဲ့သည့် မိုင်းဖြစ်စဉ်နှင့် ပတ်သက်၍ တပ်မတော်မှ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပြီး ကေအင်န်ယူ၊ တမဟ(၃)နှင့် ကေအင်န်ယူဗဟိုသို့လည်း သတိပေးကန့်ကွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေလမ်းကောင်းမွန်ရေး၊ ကမ်းပြိုကာကွယ်ရေး၊ ရေကြီးရေလျှံမှုမဖြစ်စေရေး တာဝန်ရှိသူများနှင့်ဆွေးနွေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး အတွင်းနှင့်အခြားနေရာဒေသအသီးသီးသို့ ဖြတ်သန်း စီးဆင်းလျက်ရှိသော မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများ၏ ရေလမ်းကြောင်းကောင်းမွန်ရေး၊ ကမ်းပြိုမှုများ ကာကွယ်ရေးနှင့် ရေကြီးရေလျှံမှု မဖြစ်စေရေးတို့အတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့က ပြုလုပ်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူက မြစ်များ ရေလမ်းကြောင်းကောင်းမွန်ရေး၊ မြို့ဆိပ်ကမ်းများ မပြောင်းရွှေ့ဘဲ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်စေရန်၊ မြို့များရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကမ်းပြိုမှုများကို ကာကွယ်ပေးရန်၊ မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ မြစ်ရေအား သောက်သုံးရေနှင့် စိုက်ပျိုးရေအဖြစ်တစ်နှစ်ပတ်လုံး အသုံးချနိုင်စေရေးအတွက် ဆောင်ရွက်ခြင်း ၊ နယ်စပ်မြစ်များတွင် မိမိပိုင်မြေများ မဆုံးရှုံးစေရေးအတွက် ကာကွယ်တားဆီးရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက်ကြံ့ခိုင်မှုတိုင်းတာစစ်ဆေးခြင်း၊ ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် စည်းကမ်းသတ်မှတ်ကွပ်ကဲရန်၊ မြစ်ကြောင်းများ ရေအနက်မြင့်မားလာစေရေးနှင့် ရေယာဉ်များ ဝန်တင်အလေးချိန်တိုးတက်တင်ဆောင် သွားလာနိုင်ရန် ၊ မြစ်သဲထုတ်လုပ်မှု စနစ်တကျရှိစေရေး၊ တွံတေးတူးမြောင်း၊ လှိုင်မြစ်၊ ကုက္ကိုဝမြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ်များအတွင်း ရေလမ်းသွားလာမှုအတွက် ရေလမ်းညွှန်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း ချမှတ်ထားသော သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးပြီးစီးရေး ကြိုးစား ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းတွင် လတ်တလောပံ့ပိုး ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြသည့်ကိစ္စရပ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

# မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ရေမလိုလက်သန့်ဆေးရည်ပြုလုပ်နည်းကို လက်တွေ့သရုပ်ပြ

**မြဝတီ မတ် ၁**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် Woman club တို့ ပူးပေါင်း၍ ရေမလိုလက်သန့် ဆေးရည်ပြုလုပ်နည်းကို ယနေ့ နံနက်ပိုင်းက မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လက်တွေ့သရုပ်ပြသည်။ **(ယာပုံ)**

အဆိုပါ ရေမလိုလက်သန့်ဆေးရည်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ Woman club ဥက္ကဋ္ဌ ဒေါ်ကေခိုင်က ကိုဗစ်ကာလမှာ အသုံးပြုကြသည့် ရေမလိုလက်သန့်ဆေးရည်ကို ကိုယ်တိုင် ပြုလုပ်အသုံးပြုနိုင်ရန်နှင့် ရေမလိုလက်သန့်ဆေးရည်ပြုလုပ်ရာတွင်လည်း မိမိတို့ကြိုက် နှစ်သက်သည့် အနံ့များကို ထည့်ပြီးအသုံးပြုနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ ရေမလိုလက်သန့်ဆေးရည်ပြုလုပ်ရာတွင် ရေ၊ Gel base၊ Ethanol နှင့် Vitamin–E စသည့် ပစ္စည်းများလိုအပ်ပြီး ရေမလိုလက်သန့်ဆေးရည်ထဲသို့ မိမိတို့ကြိုက်နှစ်သက်သည့် အနံ့များကိုလည်း ထည့်သွင်းအသုံးပြုနိုင်သည်။

ရေမလို လက်သန့်ဆေးရည်ကို ကိုယ်တိုင်ပြုလုပ်အသုံးပြုခြင်းဖြင့် မိမိတို့၏ အိမ်တွင်းအသုံးစရိတ်များ သက်သာစေနိုင်သည့်အပြင် မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ်လည်း ထုတ်လုပ်ပြီး လုပ်ကိုင်နိုင်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးအား ဥပဒေနှင့်အညီ ထပ်မံအမှုဖွင့်အရေးယူထား

**နေပြည်တော်  မတ်  ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ဟောင်း) ဒေါက်တာဝင်းမြတ်အေးသည် ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အရှိန်အဝါကို အသုံးပြု၍ ယင်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင်ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်းကြောင့် ဝန်ထမ်းများ တာဝန်ပျက်ကွက်မှု၊ ဆူပူဆန္ဒပြမှုများတွင် ပါဝင်စေမှုများဖြစ်ပေါ်လာအောင် လှုံ့ဆော်ရာရောက်သဖြင့် ၎င်းအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ထားရှိပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သံသယရှိဖွယ် စာရင်းဇယားနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းရန်ရှိသည်များကို ရှင်းလင်းရန်ခေါ်ယူခြင်းကို လာရောက်ရှင်းလင်းရန် ပျက်ကွက်ခြင်း၊ ဝန်ကြီးဌာန၏ အထွေထွေပိုလျှံငွေအား အသုံးပြု၍ ဆောင်ရွက်ထားသော COVID-19 ကာကွယ်ထိန်းချုပ်ရေး ဆေးဝယ်ယူမှုနှင့် ပတ်သက်၍ ရှင်းလင်းရန် ခေါ်ယူခြင်းအား လာရောက်ရှင်းလင်းရန် ပျက်ကွက်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ယနေ့တွင် ထပ်မံအမှုဖွင့်ထားကြောင်း သိရှိရသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်၍ သတင်းရရှိပါက နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သတင်းပေးတိုင်တန်းရန် ထုတ်ပြန်ထားသည့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားသူများအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးမြို့၌ စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုး၍ တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော်  မတ်  ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဖေဖော်ဝါရီ ၂၇ ရက်က စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုး၍ တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီတွင် အောင်မြေမာန်ရပ်ကွက်နေ ဦးစိုးဝင်း (၅၀ နှစ်) နှင့် တစ်ရပ်ကွက်တည်းနေ ဖြိုးဟန်ကျော် (ခ) ဖြိုးပြည့်စုံကျော် (၂၅ နှစ်) ၏ မိခင်တို့မှာ စကားများ ရန်ဖြစ်နေစဉ် ဖြိုးဟန်ကျော် (ခ) ဖြိုးပြည့်စုံကျော်က ဦးစိုးဝင်း၏ နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး ၎င်း၏သားဖြစ်သူ ဖွဲ့ဆက်နိုင် (၁၈ နှစ်)အား ဓားဖြင့်ထိုးခဲ့ကြောင်း၊ ဦးစိုးဝင်းက ဝင်ရောက်တားဆီးစဉ် ဓားဖြင့် ထပ်မံထိုးခဲ့သဖြင့် ဖွဲ့ဆက်နိုင်မှာ အခင်းဖြစ်နေရာ၌သေဆုံးခဲ့ပြီး ဦးစိုးဝင်းတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဖြိုးဟန်ကျော် (ခ) ဖြိုးပြည့်စုံကျော်အား ကလေး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရွှေဘိုမြို့၌ ဆန္ဒပြလူအုပ်စုမှ ချုပ်နှောင်ရိုက်နှက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော်  မတ်  ၁**

ရွှေဘိုမြို့၌ ဆန္ဒပြလူအုပ်စုမှ ချုပ်နှောင် ရိုက်နှက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်၌ ယနေ့တွင် ရွှေဘိုမြို့မရဲစခန်းမှ ရဲတပ်သား ဝင်းနိုင်ဦးသည် ၎င်း၏ သူငယ်ချင်းဖြစ်သူ ကိုသက်ဦးမောင် (ယခင် အထူးရဲတာဝန်ထမ်းဆောင်ဖူးသူ)၊ ဗမာ/ ဗုဒ္ဓ ၊ (ဘ) ဦးခင်မောင်မြင့်၊ မင်းကွန်းကျေးရွာ၊ ရွှေဘိုမြို့နယ်နေသူနှင့်အတူ ရွှေဘိုမြို့၊ (၄) ရပ်ကွက်၊ အထက (၃) ရှေ့သို့ အရပ်ဝတ်ဝတ်ဆင်လျက် နယ်မြေသတင်း သွားရောက်ယူဆောင်စဉ် ဆန္ဒပြလူစု ၂၀၀ ခန့်က ရဲတပ်သား ဝင်းနိုင်ဦးနှင့် ကိုသက်ဦးမောင်တို့အား ဖမ်းဆီးကာ လက်ပြန်ကြိုးတုပ်၍ ခေတ်တိုင်တွင်ချည်နှောင်ပြီး တုတ်ဖြင့်ရိုက်/ လက်သီးဖြင့်ထိုးခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ရွှေဘိုမြို့မရဲစခန်းမှူး ဦးစီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဲစခန်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရသည်။

ဖြစ်စဉ်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူများ၏ ဝိုင်းဝန်းရိုက်နှက်ထိုးကြိတ်မှုကြောင့် ရဲတပ်သား ဝင်းနိုင်ဦးတွင် ဦးခေါင်းထိပ်/ ယာနဖူး ဖူးယောင်၊ ဝဲလက်မောင်း နာကျင်ဒဏ်ရာများ (မစိုးရိမ်ရ) နှင့် ကိုသက်ဦးမောင်တွင် ယာဂျိုစောင်း ၁ လက်မခန့် ပေါက်ပြဲ၊ ဝမ်းဗိုက်/ပေါင် နာကျင်ဒဏ်ရာများ (မစိုးရိမ်ရ) တို့ အသီးသီးရရှိခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းအား မတရားဖမ်းဆီး ချုပ်နှောင် ရိုက်နှက်ခဲ့သူများအား စုံစမ်း ဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



# စမ်းချောင်းမြို့နယ်၌ လူစုခွဲရန် သွားရောက်ရှင်းလင်းသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရေနွေးပူဖြင့် လောင်းချ

**နေပြည်တော်  မတ်  ၁**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် ဗားကရာလမ်းနှင့် အောင်တော်မူလမ်းကြား၌ ယနေ့ မွန်းလွဲ ၂ နာရီခန့်က ဦးဆောင်သူ (စိစစ်ဆဲ) ပါ အင်အား ၁၀၀ ခန့်သည် စုဝေးဆန္ဒဖော်ထုတ်နေသဖြင့် လုံခြုံရေးဆောင်ရွက်နေသော ဒုတိယရဲမှူးကြီး လှိုင်မင်းစိုး ဦးစီးအဖွဲ့က လူစုခွဲရန် သွားရောက် ရှင်းလင်းစဉ် အောင်တော်မူလမ်းအရောက်၌ လုံခြုံရေးတပ်ဖွဲ့များ ပေါ်သို့ မဒေလီယာမောင်၊ (၃၃ နှစ်)၊ ဗမာ/ဗုဒ္ဓ၊ ကုမ္ပဏီဝန်ထမ်း၊ (ဘ) ဦးမြင့်အောင်၊ တိုက်အမှတ် (၂၅)၊ (၇) လွှာ အောင်တော်မူလမ်း၊ မြေနီကုန်းမြောက် ရပ်ကွက်၊ စမ်းချောင်းမြို့နေသူ အပါအဝင် အမျိုးသမီး ၅ ဦးက ဆိုးရွားသည့် လုပ်ရပ်ဖြစ်သည့် နေအိမ်တိုက်ခန်းပေါ်မှ ရေနွေးပူဖြင့် လောင်းချခဲ့သော်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၌ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာ မရရှိခဲ့ကြောင်းနှင့် မဒေလီယာမောင် အပါအဝင် အမျိုးသမီး ၅ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်တွင် ဆိုလာမီးဖြင့် ဘက်ထရီအားသွင်းရာမှ မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ  မတ်  ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၃ နာရီခန့်က ဆိုလာမီးဖြင့် ဘက်ထရီအားသွင်းရာမှ မီးကြိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာနေ ဦးမဲသဲ (၃၄ နှစ်) သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၃ နာရီခန့်က ၎င်းနေအိမ်တွင် ဆိုလာမီးဖြင့် ဘက်ထရီအားသွင်းရာမှ မီးကြိုးအပူလွန်ကဲပြီး ဆိုလာပြားမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ သွပ်မိုး၊ ထရံကာ ခြေတံရှည် နေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆစွာ အသုံးပြုသူ ဦးမဲသဲအား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။ **အောင်ဇင်မြင့် (ပြန်/ဆက်)**

✳ ***ကျောဖုံးမှ***

ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် မန်ယူအသင်းပြီးနောက် ဒုတိယတိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရှိနေသည်။ ထို့အပြင် မန်စီးတီးအသင်းသည် ခံစစ်ပိုင်းကလည်း လက်ရှိအချိန်အထိ ၁၆ ဂိုးသာ ခွင့်ပြုပေးထားရသောကြောင့် ပရီမီယာလိဂ်တွင် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေသည်။

ဝုဖ်အသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၆ ပွဲတွင် ရဂိုး ၂၇ ဂိုးသာရှိပြီး ပေးဂိုးက ၃၃ ဂိုးအထိ ခွင့်ပြုပေးထားရသည်။ ထို့ကြောင့် ဝုဖ်အသင်းသည် မန်စီးတီးအသင်းကို တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းတွင် မယှဉ်သာသည်ကို တွေ့ရသည်။ ယနေ့ပွဲတွင် စောင့်ကြည့်ရမည့် ကစားသမားအဖြစ် မန်စီးတီးအသင်းမှ စတာလင်းနှင့် ဝုဖ်အသင်းမှ နီတိုတို့ရှိနေသည်။ စတာလင်းသည် ပရီမီယာလိဂ် ၂၃ ပွဲတွင် ကိုးဂိုး သွင်းယူပေးထားနိုင်ပြီး နီတိုက ၂၆ ပွဲတွင် ငါးဂိုးသွင်းယူပေးထားနိုင်သည်။ အဆိုပါနှစ်သင်း၏ ဂိုးသမားနှစ်ဦးကို နှိုင်းယှဉ်ကြည့်သော် မန်စီးတီးအသင်းမှ ဂိုးသမား အီဒါဆင်သည် ပရီမီယာလိဂ် ၂၅ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ဂိုးမပေးရအောင် ၁၅ ပွဲအထိ ရယူထားနိုင်သည်ကို တွေ့ရသည်။ ဝုဖ်အသင်းမှ ပက်ထရီစီယိုက ၂၆ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ခုနစ်ပွဲသာ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်။

ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းမှ အကီ ဒဏ်ရာကြောင့် ပါဝင်ကစားခွင့်ရရန် မသေချာသလို ဝုဖ်အသင်းမှ ပိုဒင့်စ်၊ မာကယ်၊ ဂျီမီနက်ဇ်၊ ဘိုလီစသည့် ကစားသမားများသည်လည်း ဒဏ်ရာကြောင့် ပါဝင်ကစားခွင့်ရရန် မသေချာကြောင်း သိရသည်။ မန်စီးတီးနှင့် ဝုဖ်အသင်းတို့ ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားစဉ်က မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ယခုပွဲစဉ်တွင်လည်း ဝုဖ်အသင်းအနေဖြင့် ခြေစွမ်းအထူးကောင်းမွန်နေသည့် မန်စီးတီးအသင်းကို တိုက်စစ်အားပြုကစားရင်း သရေတစ်မှတ်ရဖွယ်ရှိသည်။

**အောင်ဇော်**

## နေ့အပူချိန်များ

**နေပြည်တော်  မတ်  ၁**

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

**မိုး/ဇလ**

# အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမယ်လို့ အာမခံထားတဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရေရှည်မျှော်တွေး ကြစေချင်ပါတယ်

**တွေ့ဆုံမေးမြန်း ကိုသစ္စာ (KL)**

**ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ Civil Disobedience Movement (CDM) ကို ပြည်တွင်းပြည်ပမှ မသမာသူများ၏ အကွက်ချပုံဖော်မှုနှင့် ပြည်တွင်းမှ သွေးထိုးစည်းရုံး ဖြားယောင်းခံရသူများ၊ ခြိမ်းခြောက် ဖိအားပေးခံရသူများက လိုက်နာလုပ်ဆောင်မှုများဖြင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။**

**ထိုသို့သော လွဲမှားသည့် အကွက်ချပုံဖော်မှုများကြောင့် လူထုအကြား စိုးရိမ်ကြောင့်ကြမှုများ ရှိလာသည်။ CDM ကြောင့် ထိခိုက်ခံစားရသည့်ဝန်ထမ်း၊ စီးပွားရေး လုပ်ငန်းရှင်၊ အငြိမ်းစားဝန်ထမ်းများ၏ စကားသံများကို စုစည်းတင်ပြလိုက်ရပါသည် –**

"CDM ကြောင့် သဘောထား မတိုက်ဆိုင်တဲ့ သူငယ်ချင်းတွေနဲ့ မိတ်ပျက်ရတယ်။ ကျွန်မက CDM မှာ မပါဝင်ဘူး။ ကျွန်မတာဝန်က နေပြည်တော်မှာဖြစ်လို့ လုံခြုံပေမယ့် တခြားနေရာဒေသတွေမှာရှိတဲ့ CDM မှာမပါဝင်တဲ့ ဝန်ထမ်းတွေအတွက် လုံခြုံမှုမရှိနိုင်ဘူးလို့မြင်တယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေက CDM ကို အကြောင်းပြပြီး ဒီမိုကရေစီလို့ အော်နေပေမယ့် သူတို့ရဲ့အပြုအမူတွေက ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ CDM မှာ ပါဝင်လှုပ်ရှားနေသူတွေက CDM မှာမပါဝင်တဲ့သူတွေ ရုံးလုပ်ငန်းခွင်မဝင်နိုင်အောင် သွေးထိုးတာတွေ လုပ်နေတယ်။ စည်းရုံးမရရင် CDM မပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သက်ဆိုင်ရာ ရုံးဌာနတွေအထိသွားပြီး မကြားဝံ့ မနာသာ အော်ဟစ်တာတွေ၊ ခေါက်ပုံ ရိုက်တာတွေ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ သိက္ခာချ ဖော်ပြတာတွေ လုပ်ဆောင်နေကြတယ်။ ပိုဆိုးတာက CDM မှာ မပါဝင်ဘဲ ပြည်သူ့အကျိုး မျှော်တွေးပြီး ရုံးတက်နေကြတဲ့ ဝန်ထမ်းတွေရဲ့ရုပ်ပုံ၊ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်တွေကို ပိုစတာထုတ်ပြီး အများမြင်သာတဲ့ နေရာတွေမှာ ကပ်ထားကြတယ်ဆိုတဲ့ ဒီမိုကရေစီ အကျင့်စရိုက်နဲ့ မလျော်ညီတဲ့ အပြုအမူတွေကို ဆောင်ရွက်နေကြတာပါပဲ။

"အတွေးမတူ ငါ့ရန်သူဆိုတဲ့ သဘောထားတွေ တွေ့နေရတယ်။ ကျွန်မတို့က နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ အတွက် နိုင်ငံရဲ့ အစိုးရယန္တရား လည်ပတ်အောင် လုပ်ဆောင်ပေးကြရမှာဖြစ်တယ်။ နိုင်ငံတော်ရဲ့ ကျေးဇူး သစ္စာကို စောင့်သိကြရမယ့်သူတွေ ဖြစ်တယ်။ ဒါတွေကို CDM လုပ်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ နားလည်စေချင်ပါတယ်" ဟု ဒုတိယဦးစီးမှူးတာဝန်ထမ်းဆောင်နေသူ မချိုချို (အမည်လွှဲ)က ပြောသည်။

### အများကြီး ထိခိုက်စေ

"CDM လှုပ်ရှားမှုကြောင့် အချို့ဒေသတွေ၊ မြို့ကြီးတွေ ဆူပူနေတော့ နိုင်ငံရဲ့ စီးပွားရေးလည်း ထိခိုက်မယ်။ ဆူပူအကြမ်းဖက်မှုတွေရှိနေရင် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စီးပွားရေးအရသော်လည်းကောင်း၊ လုံခြုံမှုမရှိဟု ထင်မှတ်၍လည်းကောင်း နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြတော့မှာ မဟုတ်ဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အများကြီး ထိခိုက်စေမယ်။ အလုပ်အကိုင်တွေ ရှားပါးလာမယ်။ ကျေနပ်မှုမရှိတိုင်းသာ ဆန္ဒပြနေမယ်ဆိုရင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းလည်ပတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ အတွေးအခေါ်၊ အမြော်အမြင်၊ အသိပညာ အားနည်းတဲ့ သူတွေက မှားတယ်၊ မှန်တယ်၊ လုပ်သင့်တယ် မလုပ်သင့်ဘူး ဆိုတာတွေကို ဝေဖန်ပိုင်းခြားမှုတွေ မရှိကြတော့ဘူး။ ရေရှည်မကြည့်ကြတော့ဘူး။ ပွင့်လင်းမြင်သာတဲ့ အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမယ်လို့ အာမခံထားတဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရေရှည်မျှော်တွေး ကြစေချင်ပါတယ်" ဟု ၎င်းက ဆိုသည်။

CDM လှုပ်ရှားမှုများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများလည်း နှောင့်နှေးထိခိုက်ဆုံးရှုံးမှုများလည်း ရှိနေသည်။

"CDM လုပ်နေတဲ့ ဝန်ထမ်းတွေကြောင့် စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်နဲ့ နိုင်ငံတကာရေးရာနယ်ပယ်တွေမှာ ကျွန်တော်တို့ တိုင်းပြည်အတွက် နှောင့်ယှက်မှုတွေ၊ နောက်ကျမှုတွေ ဖြစ်ရတယ်။ ဝန်ထမ်းဆိုတာက ပုဂ္ဂလိကဝန်ထမ်းတွေဖြစ်ဖြစ်၊ အစိုးရဝန်ထမ်းတွေဖြစ်ဖြစ် သူတို့မှာ စည်းမျဉ်း၊ စည်းကမ်းတွေ၊ ကျင့်ဝတ်သိက္ခာတွေ၊ စောင့်စည်းရမယ့် စည်းကမ်း တွေရှိတယ်။ ဝန်ထမ်းတွေ CDM လုပ်တဲ့အတွက် စီးပွားရေးနယ်ပယ်မှာ ငွေကြေးလည်ပတ်စီးဆင်းမှုနှေးကွေးနေတဲ့အတွက် ကုန်စည်စီးဆင်းမှုတွေကို အနှောင့်အယှက်ဖြစ်စေတယ်။

"Company ဝန်ထမ်းတွေဆိုရင်လည်း သူတို့မှာ Company များ အက်ဥပဒေမှာ လိုက်နာရမယ့်စည်းကမ်းတွေ ရှိပါတယ်။ လက်ရှိနိုင်ငံတော်ကို တာဝန်ယူနေတဲ့ နိုင်ငံ့အကြီးအကဲတွေက အခြားအခြေအနေတွေမှာ မိမိကြိုက်နှစ်သက်ရာ ပါတီကို မဲပေးနိုင်ပေမယ့် နိုင်ငံတာဝန်ကို ထမ်းဆောင်တဲ့အချိန်မှာတော့ မိမိတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြဖို့ ဖိအားပေးတဲ့ ပုံစံမျိုးမလုပ်ဘဲနဲ့ စည်းမျဉ်းစည်းကမ်းအရ မေတ္တာရပ်ခံမှုတွေ လုပ်နေတယ်။

### စည်းကမ်းတွေကို ချိုးဖောက်

"အဲဒါတွေကို ကျော်လွန်ပြီး CDM လုပ်နေတဲ့ ဝန်ထမ်းတွေအနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရာရောက်ပါတယ်။ Company ဝန်ထမ်းတွေကိုလည်း Company များ အက်ဥပဒေမှာ လိုက်နာရမယ့် စည်းကမ်းတွေရှိတာကြောင့် တချို့ဘဏ်တွေနဲ့ တချို့စီးပွားရေးအဖွဲ့အစည်းတွေမှာ အရေးယူ ထုတ်ပယ်လိုက်ရတဲ့ ဝန်ထမ်းတွေလည်း ရှိပါတယ်။ ဘယ်လိုအုပ်ချုပ်ရေးစနစ်ပဲ ဖြစ်ဖြစ်၊ ဘယ်လိုအုပ်ချုပ်ရေးစနစ်နဲ့ပဲ သွားသွား အဓိကကျတာက ပြည်သူတွေပြေလည်ဖို့၊ ကုန်စည်စီးဆင်းမှုတွေမှန်ကန်ဖို့၊ သွားရေးလာရေးတွေ အဆင်ပြေဖို့၊ တရားဥပဒေစိုးမိုးဖို့နဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိဖို့က အရေးကြီးပါတယ်"ဟု စီးပွားရေးလုပ်ငန်းရှင် ဦးမျိုးက ပြောသည်။

" စီးပွားရေးလုပ်ငန်းစုတွေဆိုတာ တစ်ဦးတစ်ယောက်နဲ့ ရပ်တည်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ဝန်ထမ်းတွေရှိတယ်။ ဝန်ထမ်းတွေကို မှီခိုနေရတဲ့ မိသားစုတွေလည်း ရှိတယ်။ ကျွန်တော်တို့ မလည်ပတ်နိုင်ရင် မှီခိုနေရတဲ့မိသားစုတွေအများကြီး ထိခိုက်ပါတယ်။ CDM လုပ်နေမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက လည်ပတ်လို့မရတော့တဲ့အတွက် သူတို့ ဒီနိုင်ငံကနေ ထွက်သွားပါလိမ့်မယ်။ အဲဒီလိုထွက်သွားရင် ကျွန်တော်တို့ တိုင်းပြည်အတွက် နစ်နာမှုတွေ ရှိပါတယ်။ လာရာအရပ်ကို မကြည့်ဘဲ လားရာအရပ်ကို ကြည့်ရပါမယ်။ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်ဖို့ဆိုရင် အားလုံးပူးပေါင်းကြဖို့လိုတယ်။ အစဉ်အလာကောင်းတွေကို မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ အမွေအနှစ်အဖြစ် ဆက်ခံစေချင်တယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

### သဘောထား မတိုက်ဆိုင်

CDM လှုပ်ရှားမှုနှင့် သဘောထား မတိုက်ဆိုင်သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများလည်း ရှိပါသေးသည်။

"ဝန်ထမ်းဘဝကနေ အငြိမ်းစားယူတယ်ဆိုတာ ဘဝကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ဖြတ်သန်းဖို့ဖြစ်တယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းဆိုတာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေအပြင် တည်ဆဲဥပဒေတွေကိုပါ လိုက်နာဖို့ တာဝန်ရှိတယ်။ "စည်းတွင်းမှာနေ ကင်းကွေလိမ့်ရန်ဘေး၊ ကမ်းကိုကျော် ချော်ကာကျ များလှရန်ဘေး" ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိတယ်။ ဒါကို သတိမူမိစေချင်တယ်။ စည်းကျော်ပြီး ချော်ကျလို့ အငြိမ်းတောင် မစားရဘဲ ဖြစ်သွားမှာ စိုးရတယ်။ အများအားဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ဆို ခေတ်ပညာတတ်ဖို့လိုတယ်။ ခေတ်ပညာမှာ သင်ကြားခဲ့ရတဲ့ အတွေ့အကြုံတွေကို အခြေခံပြီး ပြင်ပဗဟုသုတတွေနဲ့ ပေါင်းစပ်လို့ အမှားနဲ့အမှန်၊ လုပ်သင့်မလုပ်သင့်ကို ဝေဖန်ပိုင်းခြား ဆင်ခြင်သုံးသပ် လုပ်ဆောင်ကြရမှာ ဖြစ်တယ်။

" အခုလုပ်ဆောင်နေကြတဲ့ CDM ဆိုတာ နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန် ဆက်လက် မထမ်းဆောင်နိုင်အောင် ကန့်ကွက်ခြင်းဖြစ်တယ်လို့ ယူဆတယ်။ CDM လှုပ်ရှားမှုနဲ့ ပတ်သက်လို့ သဘောထားမတူတဲ့သူ၊ CDM မလုပ်လိုတဲ့သူတွေ ရှိနေတယ်ဆိုတာကိုလည်း သိရတယ်။ CDM မလုပ်လိုတဲ့သူတွေရဲ့ သဘောထားဆန္ဒကိုလည်း ထည့်သွင်းတွက်ချက်ကြရမယ်။ CDM လုပ်လို့ ဘယ်သူတွေ ထိခိုက်မလဲ၊ ဘယ်သူတွေပဲ နစ်နာဆုံးရှုံးကြမလဲဆိုတာ စဉ်းစားကြစေချင်တယ်။ အတိတ်က ဖြစ်ရပ်တွေကို သမိုင်းသင်ခန်းစာတွေအဖြစ် ရယူကြစေချင်တယ်။ ဒါကြောင့် နိုင်ငံကို အမှန်တကယ် ချစ်မြတ်နိုးတယ်ဆိုရင် ပြည်သူတွေအတွက် ဝန်ဆောင်မှုကောင်းတွေပေးနိုင်ဖို့ CDM မလုပ်ဘဲ ရုံးတက်ကြပါလို့ ပြောချင်ပါတယ်" ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အငြိမ်းစား ဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးမင်းမော်က ရှင်းပြသည်။

### အများစု၏ဆန္ဒ

စစ်မှန်သည့် ဒီမိုကရေစီစနစ်တွင် အများစု၏ဆန္ဒကို အကောင်အထည် ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပြီး အနည်းစု၏ သဘောထားဆန္ဒများကိုလည်း လေးစားကြရမည်ဖြစ်သည်။ မိမိနှင့် သဘောထားဆန္ဒမတူညီ၍ ရန်သူဟု သတ်မှတ်ရန် မသင့်လျော်ပေ။

ထို့ကြောင့် CDM တွင် ပါဝင်လှုပ်ရှားနေကြသူများအနေဖြင့် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို သစ္စာရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် CDM လှုပ်ရှားမှုတွင် မပါဝင်သော နိုင်ငံ့ဝန်ထမ်းများအား အနိုင်ကျင့်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်သည့် စရိုက်ဆိုးများကို မကျင့်သုံးသင့်ပါကြောင်းနှင့် CDM တွင် ပါဝင်လှုပ်ရှားခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေပါကြောင်း။

# ရန်ကုန်မြစ်တွင်း မြူနှင်းပိတ်မှုကြောင့် ချယ်ရီသင်္ဘောများ ကမ်း၌စောင့်ဆိုင်းခဲ့ရပြီး မြင်ကွင်းရှင်းလင်းချိန် ပုံမှန်ပြန်လည်ပြေးဆွဲ

**ရန်ကုန် မတ် ၁**

ရန်ကုန်(ပန်းဆိုးတန်း–ဒလ) ကူးတို့သင်္ဘောဆိပ်ကမ်း၌ အနယ်နယ် အရပ်ရပ်က ခရီးသွားမိဘပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် အထွေထွေလုပ်သားပြည်သူတို့ကို စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ချယ်ရီသင်္ဘောများဖြင့် နေ့စဉ်ကူးတို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြူနှင်းပိတ်မှုကြောင့် ခရီးသည်နှင့် ရေယာဉ် အန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်ခရီးစဉ်အချို့ ကမ်း၌ စောင့်ဆိုင်းခဲ့ရပြီး နှင်းကွဲချိန် မြင်ကွင်းများရှင်းလင်းချိန်၌ ပုံမှန် ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။ " နှင်းပိတ်တာက နှစ်စဉ် နှစ်တိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါ၊ ရေယာဉ်တွေအနေနဲ့ မြင်ကွင်းရှင်းလင်းအောင် စောင့်ပြီးပြေးဆွဲရတဲ့ အနေအထားဖြစ်လို့ ခရီးသည်နဲ့ ရေယာဉ် သင်္ဘောတွေ အန္တရာယ်ကင်းရှင်းဖို့အတွက် အဓိကထားပြီးတော့ ဆောင်ရွက်ရတဲ့အပိုင်း ဖြစ်ပါတယ်။ မြင်ကွင်းမရှင်းဘဲထွက်ရင် မြစ်တွင်းမှာ စက်တပ်သမ္ဗန်ငယ်တွေ သွားလာရင်း ထိတွေ့မှုတွေ ဖြစ်ပေါ်ခဲ့ရင် အန္တရာယ်ရှိနိုင်တဲ့အတွက် မြင်ကွင်းရှင်းတာကိုစောင့်ပြီး ပြေးဆွဲပေးတာဖြစ်ပါတယ်။ မြစ်အတွင်းမှာ မြူနှင်းပိတ်လို့ မြင်ကွင်း မရှင်းရင် လုံးဝမထွက်ခွာကြဖို့ ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

အဆိုပါ သင်္ဘောဆိပ်ကမ်း၌ ယနေ့နံနက်ပိုင်း ၅ နာရီခွဲခေါက်၊ ၆ နာရီခေါက်၊ ၆ နာရီခွဲခေါက်နဲ့ ၇နာရီခေါက် ပြေးဆွဲခဲ့ပြီး ၇ နာရီ မိနစ် ၂၀ ခေါက်၊ ၇ နာရီ မိနစ် ၄၀ ခေါက်နှင့် ၈ နာရီခေါက်တို့က မြူနှင်း ပိတ်ခြင်းကြောင့် ချယ်ရီရေယာဉ်များ ကမ်းကမထွက်ခွာဘဲ မြင်ကွင်း ပြတ်ပြတ်သားသားမြင်ရသည့်အချိန်တွင် စောင့်ဆိုင်းခဲ့ပြီး ၈ နာရီ မိနစ် ၂၀ ခေါက်အချိန်က စတင်ပြီး သတ်မှတ်ခရီးစဉ်အချိန်ဖြင့် ပုံမှန် ပြန်လည်ပြေးဆွဲပေးကြောင်း သိရသည်။

အဆိုပါ ရန်ကုန်(ပန်းဆိုးတန်း–ဒလ) သင်္ဘောဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ပြီး သင်္ဘောခရီးစဉ်များကို နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီ နောက်ဆုံးအချိန်ထိ ခရီးသည်များကို ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်သွားလာမှုအနေဖြင့် ကျဆင်းသွားပြီး တစ်ရက်လျှင် ခရီးသည် ၆၀၀၀ နှင့် ၇၀၀၀ ကြား ကူးသန်းသွားလာ လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် အစိုးရရုံးဖွင့်ရက်များ တွင် နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက်နှုန်း၊ ရုံးပိတ်ရက်များတွင် နံနက် ၆ နာရီမှ ည ၇ နာရီအထိ အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်။

**နိုင်လင်းကျော်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ် ဩဝါဒါစရိယဆရာတော်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၁**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)(ဗဟို)က ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ် ဩဝါဒါစရိယ ဆရာတော်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်၌ပြုလုပ်ရာ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၏ပဓာန နာယက၊ မော်ကျွန်းဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမဂ်လဓမ္မဇောတိကဓဇ ဦးရဲထွန်းနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

**တရားတော်များနာယူ**

အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မော်ကျွန်းဆရာတော်ထံမှ ငါးပါးသီလနှင့် ဩဝါဒကထာခံယူကာ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်သော ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌက အသင်းကြီး၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာ အောင်မင်းကျော်သူက ဘွဲ့တံဆိပ်တော်များ ကပ်လှူရခြင်းအကြောင်းကို လည်းကောင်း လျှောက်ထားကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် YMBA အသင်းမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ် YMBA အသင်း ဩဝါဒါစရိယဆရာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

**လှူဖွယ်ပစ္စည်းဆက်ကပ်**

ထို့ပြင် YMBA အသင်းမှ တာဝန်ရှိသူများက လူပုဂ္ဂိုလ်များဆိုင်ရာ သာသနာပြု သုဓမ္မဇောတိဓဇ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်းဒေသကြီး YMBA အသင်း ဘဏ္ဍာရေးမှူးနှင့် မရမ်းကုန်းမြို့နယ် YMBA အသင်းနာယက ဦးနေဝင်းမောင်အား ထပ်ဆင့်ဂုဏ်ပြုပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် YMBA အသင်းမှ တာဝန်ရှိသူများက သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက နယ်လှည့်ဓမ္မကထိက ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တပညာဝရထံမှ အနုမောဒနာ တရားနာယူကာ ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

**သတင်းစဉ်**





# စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ယင်းမာပင် မတ် ၁**

စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ခရိုင်စုပေါင်း ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက မိတ်ဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ခရိုင် အဆင့် ဌာနဆိုင်ရာများက ၎င်းတို့ ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ခရိုင်အတွင်းရှိ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်များမှ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၎င်းတို့ မြို့နယ်များတွင် ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုရဲမှူးကြီး ခင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာလျှပ်စစ်မီးလင်းရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ကြီး မတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ၂၀၂၀- ၂၀၂၁ ခုနှစ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသည် မွေတွင်းကျေးရွာတွင်၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေတစ်လုံး တည်ဆောက်ခြင်း လုပ်ငန်း၊ ဆင့်ဂေါင်းရွာနှင့် ကုလားရွာသို့ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၃၆ မိုင် တည်ဆောက်ခြင်းနှင့်၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေတစ်လုံး တည်ဆောက်ခြင်း လုပ်ငန်း၊ လက်ပံခုန်ကျေးရွာသို့ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၈ တည်ဆောက်ခြင်း လုပ်ငန်း၊ ညောင်ပင်သာကျေးရွာသို့ ၁၁ ကေဗွီလိုင်း ၄ ဒသမ ၇၂ မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ သုံးလုံး တည်ဆောက်ခြင်း လုပ်ငန်း၊ တောပုကျေးရွာသို့ ၁၁ ကေဗွီလိုင်း ၁ ဒသမ ၇၁ မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းများ၌ တိုင်ထူခြင်း၊ လိုင်းကြိုးတင်ခြင်း လုပ်ငန်း၊ ကျောက်ကြီးဘက် ကျေးရွာသို့ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၉၂ မိုင်တည်ဆောက်ခြင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုသားကြီး(ကျောက်ကြီး)**



# တနသ်ာရီ၌ ရှေးဦးပြုစုခြင်းစခန်း ဖွင့်လှစ်ထားရှိ

**တနင်္သာရီ မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလမ်းညွှန်ချက်အရ တနင်္သာရီမြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ရှေးဦးပြုစုခြင်းစခန်းအား ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ အထက-တနင်္သာရီကျောင်းဝင်းအတွင်း အရေးပေါ်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

တနင်္သာရီမြို့နယ် ကြက်ခြေနီအသင်း(ခွဲ)အနေဖြင့် မိမိမြို့နယ်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အများပြည်သူများ နာမကျန်းဖြစ်မှုများ ကြုံတွေ့ရသည့်အခါတွင် ထိခိုက်ဒဏ်ရာရမှုများ လျော့ပါးသက်သာစေရန် ရှေးဦးပြုစုခြင်းလုပ်ငန်းများဖြင့် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက် နေ့စဉ်ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း၊ ဒုတပ်ခွဲမှူး အောင်ကျော်ကျော်၏ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက နေ့အလိုက် အလှည့်ကျ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်အောင်ထံမှ သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# လူမှာ အရေးအကြီးဆုံးအရာ

ဇော်လေး

၁။

လူမှာအရေးအကြီးဆုံးအရာက ဘာလဲ။

လူတွေက ဟိုအရာဒီအရာအမျိုးမျိုးအဖုံဖုံ ကိုယ်ထင်ရာမြင်ရာ ပြောဆိုနေတတ်ကြပေမယ့် တကယ့် အဖြေမှန်က ရှိပြီးသား။ ဒါကို လျစ်လျူရှုထားရင် မှားဖို့သာရှိပေမယ်။

အငြင်းပွားစရာမရှိ၊ တိတိကျကျ ဂဃနဏ ပြည့်ပြည့်ဝဝ ဖော်ထုတ်နိုင်ခဲ့ပြီးသား ဖြစ်ပါတယ်။ အချိန်ကာလအားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် အတိတ်မှာ မှတ်သားစရာကောင်းတဲ့ ပုဂ္ဂိုလ်နှစ်ဦးရဲ့ အမေးအဖြေ ဒီစကားတွေဟာ ထင်ရှားပါတယ်။ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။

ဆရာအောင်သင်းလည်း ရေးဖူးတယ်။

ဆရာနန္ဒသိန်းဇံလည်း ရေးဖူးတယ်။

ဆရာမောင်စိန်ဝင်း စာပေဟောပြောပွဲတစ်ပွဲမှာ ဟောပြောတာကိုလည်း ကြားနာရဖူးပါတယ်။

ဆရာတော်သံဃာတော်တွေလည်း ကောက်နုတ်ကိုးကား ဟောကြားတော်မူလေ့ရှိပါတယ်။ သို့ပေမယ့် မကြားဖူးတဲ့ လူတွေများနေတယ်။ ဒါကို ဖတ်ဖူးသူ ကြားဖူးသူတွေရှိပေမယ့်လည်း မသိနားမလည်သူတွေက ဆူဆူညံညံ အော်ဟစ်ပြောဆိုခက်ထန်နေတာကို အတိုက်အခံမငြင်းဆန်လို့တဲ့ အတွက် ငြိမ်သက်တိတ်ဆိတ်နေကြတာ ဖြစ်ကောင်းဖြစ်ပေလိမ့်မယ်။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်မှ သောဏဒဏ္ဍသုတ်ဟာ အခြေခံအရင်းခံဖြစ်ပါလိမ့်မယ်။ သိမှတ်ပြီးသား ပုဂ္ဂိုလ်တွေကတော့ နှစ်ထပ်ကြည့်တော့ မှတ်မိတာပေါ့နော်။

၂။

“လက်တစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့၊ ခြေတစ်ဖက်ကို ခြေတစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့၊ ထို့အတူ သီလကို ပညာဖြင့် ဆေးကြောရာ၏၊ ပညာကို သီလဖြင့် ဆေးကြောရာ၏၊ သီလရှိသူ၌ ပညာရှိ၏။ ပညာရှိသူ၌လည်း သီလရှိ၏။”

**ဂေါတမဗုဒ္ဓမြတ်စွာဘုရား**
**(သောဏဒဏ္ဍသုတ်၊ ဒီဃနိကာယ်မှ)**

အချိန်ကား မဂဓတိုင်းပြည့်ရှင်ဘုရင်ဗိမ္ဗိသာရမင်း စိုးစံချိန်ဖြစ်ပါတယ်။ မဂဓတိုင်းအတွင်းမှာ စမ္ပာဆိုတဲ့မြို့တစ်မြို့ရှိတယ်။ ဗိမ္ဗိသာရဘုရင်က စမ္ပာမြို့ကို လူအများက ချစ်ခင်ကြည်ညိုလေးစားခံရတဲ့ သောဏဒဏ္ဍအမည်ရတဲ့ ပုဂ္ဂိုလ်ကို မြို့စားအဖြစ် ခန့်အပ်တာဝန်ပေးထားခဲ့တယ်။ ရာသီဥတုသာသာယာယာရှိတဲ့နေ့တစ်နေ့။ နေ့ခင်းနေလယ် အချိန်မှာ စမ္ပာမြို့စားသောဏဒဏ္ဍ နေ့လယ်စာစားအပြီး သူနားနေလျှောင်းစက်ရာပြာသာဒ်အမြင့်ထက်မှ လမ်းပေါ်မှာ လူအများသစ်လွင်သန့်ပြန့်တဲ့ အဝတ်အစားကိုဝတ်ဆင်ပြီး အစုလိုက်အအုပ်လိုက် ဂဂ္ဂရာရေကန်ဆီသို့သွားနေကြတာ သူတွေ့မြင်ရတယ်။ စမ္ပာမြို့စား သောဏဒဏ္ဍက အမတ်တစ်ယောက်ကိုမေးကြည့်တဲ့အခါ စမ္ပာမြို့သူမြို့သားတွေဟာ ဂဂ္ဂရာရေကန် အနီးရောက်ရှိနေတဲ့ ဂေါတမဗုဒ္ဓ သီတင်းသုံးရာသို့ သွားနေကြတာဖြစ်ကြောင်း သိရတယ်။

ဂေါတမဗုဒ္ဓဟာ အင်္ဂတိုင်းအတွင်း ခရီးလှည့်လည်ရာမှ နောက်ပါရဟန်းများစွာနဲ့ ယနေ့စမ္ပာမြို့သို့ရောက်ရှိနေလို့ ကျော်ကြားထင်ရှားသူဖြစ်တဲ့အတွက် မြို့သူမြို့သားတွေ တွေ့မြင်ချင်လို့သွားနေကြတာကိုး။

**မကောင်းမှုပြုသူ၏ ဆိတ်ကွယ်ရာ အရပ်မည်သည်မရှိ။ လူမှာ အရေးအကြီးဆုံး အရာနှစ်ခုရှိပါတယ်။**

**ဒီနှစ်ခု ချွတ်ယွင်းချို့တဲ့နေတဲ့ လူတစ်စုရဲ့ လုပ်ပုံကြောင့် ပျားရည်တစ်စက် တိုင်းပြည်ပျက်မယ် ပုံပြင်ထဲက ကိန်းရောက်လုလု ဖြစ်နေရတာ အမြင်မှန်အတိုင်း အမှန်မြင်ပါစေ။ ကယ်တင်ဆယ်ယူနိုင်ကြပါစေ။**

**ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါစေနဲ့။ ကိုယ်ကျင့်နဲ့ပညာကို ဘဝတစ်သက်တာ တန်ဖိုးထားနိုင်ကြပါစေ။**

မြို့စားက မြို့သူမြို့သားတွေနဲ့အတူ သူလည်း ဂေါတမဗုဒ္ဓထံသွားမယ်လို့လည်း ပြောလိုက်ရော ဒီသတင်းဟာ တောမီးပမာလျင်မြန်စွာ တစ်မြို့လုံးပျံ့သွားပြီးအခြားမြို့များမှ စမ္ပာမြို့ကို ရောက်နေကြတဲ့ ပုဏ္ဏားဒေသ့သည် ငါးရာလောက်ဟာ လာပြီးတားကြတယ်။

ဖြဟ္မဏပုဏ္ဏားတို့က တစ်ယောက်ပြီး တစ်ယောက် အကျိုးအကြောင်းပြောပြပြီး တားမြစ်ကြတယ်။ အတောမသတ်ဖြစ်နေပါရော။

ဘာပဲပြောပြော စမ္ပာမြို့စား သောဏဒဏ္ဍက တော့ “သမဏဖြဟ္မဏအချို့ ငါတို့မြို့ကိုရောက်လာရင် သူတို့ဟာ ငါတို့ဧည့်သည်။ ငါတို့က အိမ်ရှင်။ ဧည့်ဝတ်အရ အလေးအမြတ်ပြုရမှာ အကျွန်ုပ်ရဲ့ တာဝန်ပေပဲ” လို့ ဖြေကြားပြီး တားတာကိုလက်မခံဘူး။

“တားလို့မရရင် ကျွန်ုပ်တို့လည်းလိုက်ကြမယ်ကွာ” ဆိုပြီး ဧည့်သည်ဖြဟ္မဏပုဏ္ဏား ငါးရာကျော်လည်း စမ္ပာမြို့စားနဲ့အတူ ဘုရားကိုဖူးမြော်ဖို့ လိုက်ပါလာကြတယ်။ သူတို့အားလုံးက ဗုဒ္ဓဘာသာဝင်တွေမဟုတ်ကြပါ။ ဂဂ္ဂရာရေကန်အနီးမှာ ခေတ္တယာယီ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို သွားရောက်တွေ့ဆုံ မိတ်ဆက်၊ နှုတ်ဆက်ကြတယ်။ ယခင်က မတွေ့မမြင်ဖူးကြဘူး။ တစ်ဦးအကြောင်း တစ်ဦး သတင်းသာကြားရဖူးတာ။ အမည်နဲ့လူကို အခုမှ တွေ့ကြပေတာကိုး။

နှုတ်ဆက်စကားတွေပြောဆိုပြီး ပရိသတ်တို့ ဆိတ်ငြိမ်သွားတဲ့အခါ စမ္ပာမြို့စား သောဏဒဏ္ဍဟာ ဂေါတမဗုဒ္ဓက ဘာတွေမေးမှာလဲ။ ဘာတွေမေးရင် ငါဘယ်လိုဖြေရပါ့မလဲအတွေးနဲ့ ဂနာမငြိမ်ဖြစ်နေမိပါတယ်။ စိတ်လှုပ်ရှားတဲ့မျက်နှာ။

မြတ်စွာဘုရားက တည်ငြိမ်ချိုအေးတဲ့အသံနဲ့ မြို့စားကြီးသောဏဒဏ္ဍကို မေးပါတယ်။

“မြို့စားကြီးသောဏဒဏ္ဍ ဘယ်လိုဂုဏ်အင်္ဂါတို့နဲ့ ပြည့်စုံသူကိုမှ သူမြတ် (ဖြဟ္မဏ) လို့ခေါ်ပါသလဲ”

အမေးစကားကိုကြားရတဲ့အခါ ကြိုတင်ပြီး သူစိတ်ပူပန်လာတာတွေ ပျောက်သွားကာ ကျေနပ်ရွှင်လန်းသွားတယ်။ ဒီမေးခွန်းက လွယ်လွယ်လေးပဲ။ သူကောင်းကောင်းဖြေနိုင်တယ်။ သူသိတယ်။

“အရှင်ဂေါတမ၊ ငါးပါးသော ဂုဏ်အင်္ဂါတို့နဲ့ ညီညွတ်ပြည့်စုံသူကို ဖြဟ္မဏရယ်လို့ ခေါ်ဝေါ်ပါတယ်”

“ဘယ်လို ဂုဏ်အင်္ဂါငါးပါးလဲ”

“အရှင်ဂေါတမ။ ဒါတွေပါပဲ–

၁။ မျိုးရိုးသန့်စင်သူ ဖြစ်ရမယ်။

၂။ဝေဒကျမ်းတို့ကိုတတ်မြောက်ရပါမယ်။

၃။ရုပ်အဆင်းလှပတင့်တယ်ရမယ်။

၄။သီလမြဲသူဖြစ်ရမယ်။

၅။အသိဉာဏ်ပညာရှိရပါမယ်။”

ပရိသတ်များစွာဟာ အားရဝမ်းသာတဲ့အသံနဲ့ ထောက်ခံသဘောကျကြောင်း တီးတိုးတီးတိုး ပြောဆိုကာ သဘောကျနေကြတယ်။ အသံတွေ ထွက်လာတယ်။

“မြို့စားကြီး သောဏဒဏ္ဍ...တကယ်လို့ အသင်ပြောပြတဲ့ ဂုဏ်အင်္ဂါငါးပါးအနက်က ပထမ ဂုဏ်အင်္ဂါမပါဘဲ ကျန်တဲ့ဂုဏ်အင်္ဂါလေးပါးနဲ့သာ ပြည့်စုံတယ်လို့ဆိုပါစို့၊ သို့ဖြစ်လျှင်ကော...ဖြဟ္မဏလို့ ခေါ်နိုင်ပါသလား”

“အရှင်ဂေါတမ.... ခေါ်နိုင်ပါတယ်။ မျိုးရိုးမသန့်သော်လည်း ကျန်တဲ့ ဂုဏ်အင်္ဂါလေးပါး ပြည့်စုံပါက ရပါတယ်”

“ဒုတိယ ဂုဏ်အင်္ဂါ မပါရင်ကော...။”

“အရှင်ဂေါတမ.... ဝေဒကျမ်းတွေမတတ်ပါသော်လည်း ကျန်တဲ့ဂုဏ်အင်္ဂါသုံးပါး ပြည့်စုံရင် ရပါတယ်”

“အကယ်၍ တတိယဂုဏ်အင်္ဂါမပါရင်ကော”

“အရှင်ဂေါတမ...အဆင်းမလှလည်းရပါတယ်”

ဒီအခါ အနီးရှိပုဏ္ဏားတို့က ထပြီးကန့်ကွက်စကားဆိုကြပါလေရော။ အမျိုးမျိုးအပြစ်တင်တာပေါ့။

“မြို့စားကြီး သောဏဒဏ္ဍ။ ဒီလိုမဖြေသင့်ဘူးလေ။ သင်ကမျိုးရိုးကိုလည်းပစ်ပယ်။ ဝေဒကျမ်းတွေလည်းပစ်ပယ်။ ရုပ်အဆင်းလည်းပစ်ပယ်။ အသင်ဟာ ရဟန်းဂေါတမရဲ့ နောက်လိုက်ဖြစ်သွားပြီ” စသဖြင့် ကဲ့ရဲ့ကြပါလေရော။

ဒီအခါမှာ ဗုဒ္ဓကကြားဝင်ပြီး–

“ပုဏ္ဏားတို့ မြို့စားကြီးသောဏဒဏ္ဍကို သင်တို့အပြစ်မတင်ကြပါနဲ့။ မြို့စားကြီးမတတ်ကျွမ်းတာကို သင်တို့တတ်ကျွမ်းတယ်ထင်ရင် သင်တို့ငါနဲ့ စကားဆိုကြပါ။ ဒီလိုမဟုတ်ဘဲ မြို့စားကြီး သောဏဒဏ္ဍကိုပဲ တတ်ကျွမ်းတယ်ထင်ရင်လည်း သူ့ကိုသာ ငါနဲ့စကားဆက်ပြီးဆိုပါရစေ...” ပုဏ္ဏားအုပ်စု ငြိမ်သက်သွားတယ်။

ဒီအခါ မြို့စားကြီးသောဏဒဏ္ဍက ဂေါတမအားလှမ်း၍ “အရှင်ဂေါတမ၊ နေတော်မူပါ။ ဖြဟ္မဏတို့ကို ကျွန်ုပ်ပင် အကြောင်းယုတ္တိနဲ့တကွ ပြောပြပါမယ်” တောင်းပန်ပြီး ဖြဟ္မဏတို့ဘက်ကိုလှည့်ကာ “အချင်းဖြဟ္မဏတို့ ငါ့ကိုဒီလိုမစွပ်စွဲပါနဲ့။ ငါပြောခဲ့သမျှသည် သင်တို့စွပ်စွဲသလိုမဟုတ်ပါ။ သင်တို့ငါ့တူ အင်္ဂကကိုကြည့်ပါ။ (ပရိသတ်ရဲ့ရှေ့ကျကျနေရာမှာရှိတဲ့ ဥပမိရုပ်တင့်တယ်တဲ့ လုလင်တစ်ဦးကို ညွှန်ပြရင်း)။ သူဟာ မျိုးရိုးသန့်စင်တယ်။ ဝေဒကျမ်းတွေလည်းတတ်တယ်။ အဆင်းလှပခြင်းလည်း ပြည့်စုံတယ်။ ဒါပေမယ့် အင်္ဂကအနေနဲ့ တကယ်လို့များ သူတစ်ပါးသားမယားကိုလည်း မတော်မတရား ပြစ်မှားမယ်။ သူတစ်ပါးကို သတ်မယ်။ သူတစ်ပါး မပေးတာကိုလည်း ခိုးမယ်။ မဟုတ်မမှန်တဲ့ စကားကိုလည်း လိမ်ညာပြောဆိုတယ်။ အရက်သေစာလည်း သောက်စားမယ်ဆိုရင် ဘယ့်နှယ်ဖြစ်မလဲ။ သင်တို့ စဉ်းစားကြည့်ပါ။

အကျင့်သီလမကောင်းရင် မျိုးရိုး၊ အဆင်း၊ ဝေဒကျမ်းတတ်ခြင်းတွေဟာ အချည်းနှီး၊ အလကားပဲ မဟုတ်လား”

ဖြဟ္မဏတို့ ငြိမ်သက်သွားတယ်။

တုတ်တုတ်မျှ မလှုပ်ကြတော့ဘူး။

သူက ဆက်ပြောတယ်–

**“အချင်းတို့၊ စင်စစ်အားဖြင့်ကောင်းမြတ်တဲ့ သီလရှိခြင်း၊ ထက်မြက်တဲ့ဉာဏ်ပညာရှိခြင်းဆိုတဲ့ ဂုဏ်အင်္ဂါနှစ်ပါးသည်သာ လူမှာအရေးအကြီးဆုံး ဖြစ်ပါတယ်”**

စမ္ပာမြို့စားကြီး သောဏဒဏ္ဍရဲ့ စကားကို ပြန်လှန်ချေပမယ့်သူ တစ်ယောက်မျှမရှိဘဲ တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။

မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

“မြို့စားကြီး သောဏဒဏ္ဍ သင့်စကားမှန်ပါတယ်။ သီလကိုလည်း ပညာနဲ့ဆေးကြောရတယ်။ အမြော်အမြင်အဆင်ခြင်နဲ့ ထိုးထွင်းသိမြင်တဲ့ ပညာရှိမှ အကျင့်သီလမှန်လည်းရှိနိုင်တယ်။ အကျင့်သီလကောင်း၊ အကျင့်သီလမှန်မှလည်း၊ ရှိမှလည်း အသိပညာရှိသူ ဖြစ်နိုင်ပါတယ်။ အကျင့်သီလနဲ့ ပညာကို လောကမှာအမြတ်ဆုံးလို့ ဆိုသင့်ပါတယ်”

စမ္ပာမြို့စားကြီး သောဏဒဏ္ဍက မေးလျှောက်တဲ့အတွက် မြတ်စွာဘုရားက အကျင့်သီလကောင်းမွန်ခြင်းရဲ့ သီလဂုဏ်၊ သီလသိက္ခာအရေးကြီးပုံ၊ ပညာပြည့်စုံခြင်းရဲ့ ပညာဂုဏ်၊ ပညာသိက္ခာအရေးကြီးပုံတို့ကို အကျယ်ဟောကြားတော်မူခဲ့ပါတယ်။ ဒီတရားဟာ လေးနက်ပါတယ်။

လိမ်ညာလှည့်ဖြား မတရားတဲ့နည်းနဲ့ မတရားမသမာအနိုင်ရရင် ပြီးရောမလုပ်ပါနဲ့။ မှားယွင်းတဲ့နည်းလမ်း၊ ကိုယ်ကျင့်တရားပျက်ပြားတဲ့ ခိုးဝှက်မှုမျိုးနဲ့ အောင်ပွဲမခံချင်ပါနဲ့။ (အကဲခတ်ရိပ်မိနေလို့ စေတနာနဲ့ အကြိမ်ကြိမ်) ကြိုတင်သတိပေးဟန့်တားခဲ့ကြပေမယ့် အာဏာလောဘဇော မွှန်နေတဲ့ ခေါင်းဆောင်တစ်စုဟာ အကျင့် “သီလပျက်ပြားတာလေးက ဘာမှအရေးမကြီးပါဘူး” လူမသိဘူးလို့ ယူဆထင်မှတ်ခဲ့လေတော့ အပျက်အပျက်နဲ့နှာခေါင်းသွေးထွက်ခဲ့ရတော့တာပေါ့။ မကောင်းမှုပြုသူ၏ ဆိတ်ကွယ်ရာ အရပ်မည်သည်မရှိ။ လူမှာ အရေးအကြီးဆုံး အရာနှစ်ခုရှိပါတယ်။

ဒီနှစ်ခု ချွတ်ယွင်းချို့တဲ့နေတဲ့ လူတစ်စုရဲ့ လုပ်ပုံကြောင့် ပျားရည်တစ်စက်တိုင်းပြည်ပျက်မယ် ပုံပြင်ထဲက ကိန်းရောက်လုလု ဖြစ်နေရတာ အမြင်မှန်အတိုင်း အမှန်မြင်ပါစေ။ ကယ်တင်ဆယ်ယူနိုင်ကြပါစေ။

ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါစေနဲ့။ ကိုယ်ကျင့်နဲ့ပညာကို ဘဝတစ်သက်တာ တန်ဖိုးထားနိုင်ကြပါစေ။

**သင် ရပ်တည်ချက် မှန်ပါစေ။**
**ကောင်းမြတ်တဲ့သီလရှိကြပါ။**
**ထက်မြက်တဲ့ဉာဏ်ပညာရှိကြပါ။**

# မြို့သစ်မြို့ ဗိုလ်မင်းရောင်လမ်း အုတ်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်

**မြို့သစ် မတ် ၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မြို့သန့်ရှင်း သာယာ လှပစေရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး အတွက် မြို့တွင်းရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ တူးဖော်ခြင်း၊ အများပြည်သူသွားလာမှု လွယ်ကူ အဆင်ပြေစေရေးအတွက် လမ်းနှင့် တံတားများကို ဘဏ္ဍာနှစ် အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မြို့သာယာလှပ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင် အထည် ဖော်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုငွေကျပ် သန်း ၂၅ ဒသမ ၈၀ ဖြင့် ဈေးရပ်ကွက် ဗိုလ်မင်းရောင် လမ်းအုတ်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်း အလျား ပေ ၁၁၁၀၊ အနံ ၂ ဒသမ ၅ ပေ၊ အနက် ၂ ဒသမ ၅ ပေကို ဇန်နဝါရီလ ပထမပတ်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အုတ်စီရေမြောင်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ကြီးကြပ်အင်ဂျင်နီယာ ဦးဇော်မောင်မောင် (မြို့ပြ အင်ဂျင်နီယာ)က သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးအတွက် ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ ဆိတ်အကောင်ရေ ၁၈၁ ကောင်ကို သန်ချရောဂါကာကွယ်ဆေး ထိုးနှံခြင်းဆောင်ရွက်

**ပွင့်ဖြူ မတ် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရန်နှင့် ဆိတ်မွေးမြူ ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူများ တစ်ပိုင်တစ်နိုင် မွေးမြူထားရှိသည့် ဆိတ်အကောင်ရေ ၁၈၁ ကောင်ကို သန်ချရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ပျောက်ဆုံးမှုမရှိစေရေး Ear Tag (နားကပ်တပ်ခြင်း)များ အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇော်ထွေးက ကျေးလက်နေပြည်သူများအား တစ်ပိုင် တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သိရှိလိုက်နာ ရမည့် ဆိတ်မွေးမြူရေး နည်းစနစ်များနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်နည်းစနစ်များ၊ မွေးမြူရေးခြံ သန့်ရှင်းရေး ဆောင်ရွက် ရန် နည်းလမ်းများနှင့် သားလျှောရောဂါ မဖြစ်ပွားစေရေး ဆောင်ရွက် ရမည့် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးဟော ပြောသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သန့်ဇော် ထွေးနှင့် ဝန်ထမ်းများက ကျေးရွာများရှိ လူထုတိရစ္ဆာန် ကျန်းမာရေး လုပ်သားများနှင့် ပူးပေါင်း၍ ဖလံကျင်းကျေးရွာရှိ မွေးမြူထားရှိသော ဆိတ်အကောင်ရေ ၁၈၁ ကောင်ကို သန်ချရောဂါ၊ အဆုတ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ သားလျှောရောဂါ၊ သွေးအားနည်းရောဂါများ မဖြစ်ပွားစေရေး ကာကွယ် ဆေးများ ထိုးနှံပေးပြီး ဆိတ်တစ်ကောင်ချင်းစီ၏ ကျန်းမာရေးနှင့် အထွေထွေစစ်ဆေးမှု လွယ်ကူစေရန် Ear Tag (နားကပ်တပ်ခြင်း)များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

ရဲဝင်းနိုင် (ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် မတ် ၁**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင် လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှု ပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၀၀၃<br>၀၄၂-၂၀၂၃၀၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# ဒလမြို့မှ အံ့ဖွယ်ခုနစ်ပါးနှင့်ပြည့်စုံသည့် မုနိဘွဲ့တော်ခံ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

မောင်ယဉ်ဦး(ဒလ)

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာ၌ မုနိဘွဲ့တော်ခံ သူရိယမုနိ ကြေးသွန်းဘုရားကြီးကို လွန်ခဲ့သော နှစ် ၁၀၀ နီးပါး အချိန်ကပင် တည်ထားကိုးကွယ်လျက်ရှိသည်။ ဗုဒ္ဓဘာသာ သာသနာတော် ထွန်းလင်းတောက်ပသည့် မြန်မာနိုင်ငံတော်ကြီးတွင် မုနိဘွဲ့တော်ခံ တန်ခိုးတော်ထင်ရှား စေတီပုထိုး ဘုရားများ သမိုင်းထင်ရှား ရှိသည့်အနက် ပျော်ဘွယ်ကြီး စံပြကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် သူရိယမုနိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်ကြီးသည်လည်း တစ်ဆူ အပါအဝင်ဖြစ်ပေသည်။

ပျော်ဘွယ်ကြီးကျေးရွာသည် ကမ္ဘာကျော် လယ်တီဆရာတော်ကြီး၏တပည့် တရားပြဆရာကြီး အနာဂါမ်ဆရာသက်ကြီး၏ မွေးရပ်ဇာတိဖြစ်သည်။ တိုက်နယ်ဆေးရုံ၊ တယ်လီဖုန်းဆက်သွယ်ရေးရုံး၊ အခြေခံပညာအထက်တန်းကျောင်း၊ နယ်မြေရဲစခန်း၊ ဈေး၊ ကျေးရွာစာကြည့်တိုက်များရှိကာ အိမ်ခြေ တစ်ထောင်ကျော်ရှိပြီး ဆန်စက်များနှင့် ပြည့်စုံသည့် စံပြကျေးရွာလည်း ဖြစ်သည်။ ထို့အပြင် ခေတ်မီ လက်ရာများသာမက ရှေးမူလက်ရာများအတိုင်း ဆောက်လုပ်လှူဒါန်းထားသော ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်စသည့် သာသနိက အဆောက်အအုံများလည်း တည်ရှိသည်။

အနာဂါမ်ဆရာသက်ကြီး၏ ဒါနဖြင့် လှူဒါန်းဆောက်လုပ်ခဲ့ပြီး ကိုယ်တိုင် တရားပြခဲ့ရာ တရားပြ တန်ဆောင်းတော်ကြီးလည်း တည်ရှိနေဆဲဖြစ်ပြီး နိုင်ငံခြား တိုင်းပြည်များမှ ခရီးသွားများပင် လာရောက်လေ့လာလျက်ရှိသည့် စံပြကျေးရွာကြီးတစ်ရွာလည်း ဖြစ်သည်။

ရွာ၏တည်နေရာ အကျယ်အဝန်းနှင့် သွားလာမှုအဆင်ပြေစေမည့် နေရာအား ရွေးချယ်ကာ သာသနာတော် သက္ကရာဇ် ၂၄၆၉ ခုနှစ် (ခရစ်နှစ် ၁၉၂၅)၊ ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက် တနင်္ဂနွေနေ့တွင် ရုပ်ပွားတော်ကြီး သွန်းလုပ်ခြင်းနှင့်အတူ ပလ္လင်တော်၊ ဂန္ဓကုဋီတိုက်နှင့် တန်ဆောင်းတော်ကြီး တည်ဆောက်ရန် ပန္နက်တင်သည့်မင်္ဂလာနှင့် ဘုရားတည်သည့်လုပ်ငန်းများတွင် အသုံးပြုရန် ရေကန်တူးဖော်ခြင်း မင်္ဂလာကိုလည်း ဆောင်ရွက်ခဲ့သည်။

သူရိယမုနိ ကြေးသွန်းဘုရားကြီး၏ အံ့ဖွယ်ခုနစ်ပါးတို့မှာ –

(၁) မင်္ဂလာရေကန် တူးရာတွင် အကျယ် ၁၀ တောင်ပတ်လည် တူးဖော်ရာ အနက် သုံးတောင်သို့ တူးမိသောအခါ ကြည်လင်သန့်ရှင်းသောရေများ တစ်ဟုန်ထိုး ထွက်ရှိလာခဲ့သည်။ ထွက်ရှိလာသော ရေသန့်ရေကြည်များသည် ရေကန်နှင့်အညီသာ ထွက်ရှိနေပြီး လျှံထွက်ခြင်း အလျှဉ်းမရှိသကဲ့သို့ ခပ်ယူသုံးစွဲသလောက် လျော့နည်းကုန်ခန်းသွားခြင်း မရှိသည်မှာလည်း ပထမအံ့ဖွယ်ဖြစ်သည်။

(၂) ထွက်ရှိလာသောရေများသည် ကြည်လင်သန့်ရှင်းနေပြီး ဒေသခံပြည်သူများက ထူးခြားသည့် နတ်ရေစင်များဟု ယုံကြည်ကာ ခံစားဖြစ်ပေါ်နေသည့်ရောဂါများ ပျောက်ကင်းရန် သောက်သုံးကြရာ ပျောက်ကင်းမှုများရှိခဲ့သဖြင့် ဒုတိယအံ့ဖွယ်ဖြစ်သည်။



(၃) ရုပ်ပွားတော်မြတ်ကြီးအား ကြေးသွန်းလောင်း ပူဇော်ရာတွင် လက်ငင်ဖို ၁၁ ဖို၊ စက်ဖို လေးဖိုတို့ဖြင့် ကြေးများကို အရည်ကျိုလေသည်။ ကြေးရည်ကျိုရာတွင် ရပ်နီးရပ်ဝေးနှင့် ရွာခံဒေသမှ အလှူရှင်များသည် ပါလာသမျှ ရွှေ၊ ငွေ၊ ကြေးတို့သာမက ဝတ်ဆင်လာသည့် လက်ဝတ်ရတနာများကိုပါ ချွတ်လှူကြလေသည်။ ထိုသို့ ရတနာများ လှူဒါန်းကြရာတွင် ရွာခံပြည်သူလည်း မဟုတ်၊ အနီးပတ်ဝန်းကျင်နေပြည်သူလည်းမဟုတ်သော လှပချောမောသည့် မိန်းမပျိုနှစ်ဦးသည် ဝတ်ဆင်လာကြသည့် ကိုယ်လုံးညွတ်မျှ ရွှေထည်များကို ရက်ရောစွာ လှူဒါန်းပြီး ပြန်လည်ထွက်ခွာရာ သတိထားမိသော ကျေးရွာသားအချို့က နောက်မှ ထက်ကြပ်မကွာ လိုက်လံကြည့်ရှုလေသည်။ ထိုအမျိုးသမီးငယ်နှစ်ဦးသည် ဘုရားပရိဝုဏ်၏ အနောက်မြောက်ထောင့် (ယခင် ဆပ်သွားဖူးရုံထူထပ်သည့်နေရာ)အရောက်တွင် လိုက်လံကြည့်ရှုသူတို့၏ အမြင်အာရုံများ ရုတ်တရက် ဝေဝါးကာ ကွယ်ပျောက်သွားလေသည်။ ထို့ကြောင့် ဘုရားကြီး တည်ထားရာတွင် လူများသာမက နတ်များပါ လာရောက်လှူဒါန်းကြသည်ဟု တတိယအံ့ဖွယ်အဖြစ် မှတ်တမ်းဝင်ခဲ့လေသည်။

(၄) ကြေးနှင့်တကွ ရတနာ အလေးချိန်ပေါင်း ၅၇၃၃ ပိဿာရှိ ရုပ်ပွားတော်မြတ်ကြီးအား သွန်းလောင်းပြီးစီးခဲ့ပြီးနောက် အအေးဓာတ်များရရှိစေရန် အုန်းရည်များ၊ နံ့သာဆီများ၊ ရေမွှေးများဖြင့် ပူဇော်ကြပြီးနောက် နတ်ရေကန်မှ ရေစင်တို့ဖြင့် ရေသပ္ပယ်ခြင်းမင်္ဂလာ ပြုကြသည်။ ထူးဆန်းသည်မှာ ပန္နက်တော်တင်မင်္ဂလာ အစမှ အဟုန်ပြင်းစွာ ထွက်ရှိနေပြီး ခပ်ယူမကုန်သည့် ရေများမှာ ရုပ်ပွားတော်ကြီးအား ရေသပ္ပာယ်ခြင်းမင်္ဂလာ ပြုပြီးသည်နှင့် အလိုအလျောက် လျင်မြန်စွာ ခန်းခြောက်ပျောက်ကွယ်သွားခဲ့သည်မှာလည်း ရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထမြောက်အံ့ဖွယ်ဖြစ်သည်။

(၅) ရုပ်ပွားတော်ကြီး သွန်းလောင်းသည့်နေရာနှင့် ပူဇော်ထားရှိမည့် ပလ္လင်တော် အကွာအဝေးသည် ၁၆၃ တောင် ၆ လက်မ (ပေအား ဖြင့် ၂၄၉ ပေ) ကွာဝေးလေသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သာသနာနှစ် ၂၄၇၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (ခရစ်နှစ် ၂၄.၄.၁၉၂၆)၊ စနေနေ့ နံနက်အချိန်တွင် ရွာနေပြည်သူများက အပရာဇိတ ရွှေပလ္လင်ထက်သို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်ရာတွင် မူလနေရာမှ ၁၄၅ ပေသို့ အရောက်တွင် မည်သို့မျှ ဆက်လက်ပင့်ဆောင်၍ မကြွတော့ပေ။ ထို့ကြောင့် ပလ္လင်တော်ပေါ်ရောက်ရန် ပေ ၁၀၀ တိတိ အလိုတွင် တစ်ညတာ သီတင်းသုံးခဲ့ခြင်းသည်လည်း ပဉ္စမမြောက်အံ့ဖွယ်ဖြစ်သည်။

(၆) ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (စနေနေ့)တွင် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ပါသော်လည်း ကြွတော်မမူဘဲ ဗုဒ္ဓနေ့ဖြစ်သည့် ၁၂၈၈ ခုနှစ် ကဆုန်လပြည့် တနင်္ဂနွေနေ့ ရောက်မှသာ ပလ္လင်ထက်သို့ တက်လှမ်းတော်မူသည်မှာ ဘုရားကြီး၏ ဆဋ္ဌမမြောက် အံ့ဖွယ်တစ်ပါးဖြစ်သည်။

(၇) ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ပုံတော်ရယူရန် ဖယောင်းရုပ်ပွားတော်ကြီးအဖြစ် စတင်ဖူးမြင်ရသည့်နေ့၊ အလှူတော် စတင်ကျင်းပရာနေ့၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအဖြစ် ရွှေပလ္လင်ထက် စံပယ်တော်မူသည့်နေ့၊ ရဟန်းရှင်လူ ပြည်သူအများ စတင်ဖူးမြင်ရသော နေ့များသည် တနင်္ဂနွေနေ့များနှင့်သာ တိုက်ဆိုင်ဖြစ်ပေါ်ရခြင်းသည်လည်း သတ္တမမြောက် အံ့ဖွယ်ပင်ဖြစ်သည်။

ဤကဲ့သို့ အံ့ဖွယ်(၇)ပါးနှင့် ပြည့်စုံသည့် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သူရိယမုနိကြေးသွန်းဘုရားကြီးဟု ဘွဲ့မည်တော်ပေး၍ ပူဇော်ခဲ့ကြသည်။ ဘုရားကြီး၏ ဉာဏ်တော်မှာ ၁၆ ပေ ၆ လက်မ (အတောင်အားဖြင့် ၁၁ တောင်)ရှိပြီး ဘူမိဖဿမုဒြာပုံစံနှင့် ထိုင်တော်မူဖြစ်သည်။ ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာရှိ သူရိယမုနိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ်မှ ၁၂၉၃ ခုနှစ်အထိ ခြောက်နှစ်ကြာအောင် ဆံစုတော်နှင့် သင်္ကန်းဝတ်ရုံထားသည့် ပုံတော်ကို ဖူးမြော်ကြည်ညိုခဲ့ရပြီး ကောဇာသက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် ပျော်ဘွယ်ကြီးကျေးရွာ ဈေးပိုင်းနေ ဝန်ထောက်ကြီး ဦးနီထွန်းဦးနှင့် ဇနီး ဒေါ်ဖွားအိုတို့က မကိုဋ်မှ စလွယ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

မကိုဋ်စလွယ်တော်နှင့် ဖူးမြော်ခွင့်ရသည့် သူရိယမုနိ ကြေးသွန်းဘုရားကြီးသည် ရခိုင်ပြည်နယ် ဓညဝတီတွင် နန်းစံသည့် စန္ဒသူရိယမင်းလက်ထက်က သွန်းလောင်းကိုးကွယ်ခဲ့ပြီး ရခိုင်မင်းအဆက်ဆက် ကိုးကွယ်ခဲ့သည့် မဟာမုနိ(ယနေ့ထက်တိုင် မန္တလေးမြို့တွင် သီတင်းသုံးတော်မူသော မဟာမြတ်မုနိ)ဘုရားကြီး ပုံတော်သဏ္ဌာန် ဖူးမြင်ကြရမည်ဖြစ်သည်။

ကြေးပိဿာချိန် ၅၇၃၃ ပိဿာရှိပြီး အံ့ဖွယ်ခုနစ်ပါးနှင့် ပြည့်စုံကာ ဆုတောင်းလည်းပြည့်ဝသည့် သူရိယမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံ ဒေသအနှံ့မှ ပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြရန် ဘုရားကြီးဂေါပကအဖွဲ့နှင့် ပျော်ဘွယ်ကြီး စံပြကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများကလည်း ဖိတ်မန္တကပြုလျက်ရှိပေသည်။ ။

**ပန္နက်တော်တင်မင်္ဂလာ အစမှ အဟုန်ပြင်းစွာ ထွက်ရှိနေပြီး ခပ်ယူမကုန်သည့် ရေများမှာ ရုပ်ပွားတော်ကြီးအား ရေသပ္ပာယ်ခြင်းမင်္ဂလာ ပြုပြီးသည်နှင့် အလိုအလျောက် လျင်မြန်စွာ ခန်းခြောက်ပျောက်ကွယ်သွားခဲ့သည်မှာလည်း ရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထမြောက်အံ့ဖွယ် ဖြစ်သည်။**

## ဖန်းမောက်မြို့နယ်ကနန်းဒေသ၌ တောင်ခမောက်စေတီ ထီးတော်တင်ပွဲကျင်းပ

ဖန်းမောက် မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ကနန်းဒေသစိတ် နန်းညွှင်းကျေးရွာအနီး ဇီးဖြူတောင်တန်းပေါ်တွင် တည်ထားသည့် တောင်ခမောက်စေတီတော် ရွှေထီးတော်တင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

ထီးတင်ပွဲသို့ ကနန်းဒေသ ဂိုဏ်းအုပ်ဆရာတော် ဘဒ္ဒန္တဉာဏိဿရ လိပ်စောဆရာတော် အမှူးပြုသည့် ဆရာတော် သံဃာတော် ၄၅ ပါးနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြပြီး ဆရာတော် သံဃာတော်များက ဧည့်ပရိသတ်များအား ငါးပါးသီလချီးမြှင့်သည်။ ထို့နောက် ဆရာတော်များက ရွှေထီးတော်ကို သပြေခက်နှင့် အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ပန်းရထားဖြင့် စေတီတော်ပေါ်သို့ တင်လှူပူဇော်ခဲ့ကြသည်။ ဆက်လက်၍ ဟော်ယောဆရာတော်က ရေစက်ချ အမျှပေးဝေခဲ့ပြီး ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား ဧည့်ပရိသတ်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။

လှိုင်ဘွား(ဖန်းမောက်)

# ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်ဝင်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ် စောင့်ကြည့်ထား

**ကော့သောင်း မတ် ၁**

နေရပ်ပြန် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း အလုပ်သမား ၆၃ ဦးသည် မတ် ၁ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာကြကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင် ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများ ဖြစ်သည်။ ယခု ပြန်လည်ဝင်ရောက်လာကြသည့် ယင်းအလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ရောဂါကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်းရှိမရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများ ပါဝင်လာခြင်းရှိမရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများလည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသည့် မြန်မာ အလုပ်သမားများအား ကော့သောင်းမြို့ရှိ Community Based Facility Quarantine Center များတွင် ၁၄ ရက်ကြာ အသွားအလာကန့်သတ်ထားရှိစောင့်ကြည့်ပြီးနောက် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခြင်း မရှိမှသာ ၎င်းတို့နေထိုင်ရာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပါချန်မင်းသား**



ကော့သောင်းဆိပ်ကမ်းမှ ပြန်လည်ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းလုပ်သားများ။

# မျိုးအလိုက်၊ ဒေသရာသီအလိုက် ခရမ်းချဉ်ပင်များကို သားတက်ဖဲ့ပေးပါ

**ခရမ်းချဉ်ပင်**

ခရမ်းချဉ်ပင်ကို နေရောင်ခြည်သုံး သကြားစက်ရုံလို့ တင်စားကြပြီး ခရမ်းချဉ်ပင်ဟာ အစာဖြစ်တဲ့ သကြားဓာတ်တွေ ထုတ်လုပ်ပါတယ်။ အဲဒီအစာတွေကို အပင်အစိတ်အပိုင်းတွေ တည်ဆောက်ဖို့နဲ့ အသီးတွေကြီးထွားဖို့ အသုံးပြုပါတယ်။ ခရမ်းချဉ်ပင်က စိုက်ပြီး ပထမလအတွင်းမှာ အပင်ပိုင်း ကြီးထွားခြင်းကိုပဲ ဦးစားပေး လုပ်ဆောင်ပြီး နှစ်ပတ်အတွင်းမှာ နဂိုအရွယ်အစားထက် နှစ်ဆကြီးတဲ့အထိ ပင်ပိုင်းကြီးထွားမှု မြန်ဆန်လာပါတယ်။ အရွက် ၁၀ ရွက်နဲ့ ၁၃ ရွက်(မျိုးအလိုက်ကွဲပြား)ရှိရင် ပထမဆုံးပန်းခိုင် စထွက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ပင်စည်ကနေ သားတက်တွေ ထပ်ထွက်လာတာဖြစ်ပါတယ်။

**ခရမ်းချဉ်ပင်ကို သားတက်ဖဲ့ခြင်းရဲ့ အဓိကရည်ရွယ်ချက်ကဘာလဲ။**

"သားတက်ဖဲ့ပေးခြင်းကြောင့် ခရမ်းချဉ်ပင်ရဲ့ အစာတွေဟာ အသီးဆီကိုပဲ ဦးတည်ပြီး ရောက်ရှိသွားမှာဖြစ်ပါတယ်။ သားတက်ဖဲ့ခြင်း မပြုခင်မှာ ကိုယ်စိုက်ပျိုးထားတဲ့ ခရမ်းချဉ်ပင်ဟာ ပင်ပုမျိုး/တိုင်လွတ်မျိုးလား၊ ဒါမှမဟုတ် ပင်ရှည်မျိုး/တိုင်ထောင်မျိုးလား အရင် သိရှိရပါမယ်။ မြန်မာပြည်မှာတော့ ပင်လတ်မျိုး(semi-determinate)တွေ များပါတယ်။ သားတက်ဖဲ့တဲ့လုပ်ငန်းစဉ်ကို တိုင်ထောင်မျိုးတွေမှာ မဖြစ်မနေ လုပ်ပေးသင့်ပါတယ်။ တိုင်လွတ်မျိုးတွေမှာတော့ မိမိမျိုးအနေအထားအရ လုပ်သင့်မလုပ်သင့် ဆုံးဖြတ်ပါ"ဟု စိုက်ပျိုးရေးပညာရှင် ဦးအောင်ကိုလတ် က ပြောပါတယ်။

**သားတက်(sucker) ဆိုတာဘာလဲ။**

သားတက်ဆိုတာ ပန်းခိုင်တစ်ပါတည်း ပါတတ်တဲ့ ဘေးကိုင်းဖြစ်ပြီး အဲ့ဒီသားတက်ကို မပယ်ရင် အပင်ရဲ့ အဓိကပန်းခိုင်တွေမှာ အသီးသေးခြင်း၊ အသီးအရေအတွက် နည်းခြင်း၊ အသီးရင့်မှည့်ချိန်နောက်ကျခြင်း၊ ပိုး/ရောဂါ ကျလွယ်ခြင်း၊ ဆေးဖျန်းရခက်ခဲခြင်း၊ ဆေးဖိုးနဲ့ လုပ်အားခ ပိုမိုကုန်ကျခြင်း စတဲ့ ဆိုးကျိုးတွေ တွေ့ရတတ်ပါတယ်။

ခရမ်းချဉ် သားတက်ဖဲ့ခြင်းဆိုရာမှာ သားတက်ဖဲ့ခြင်း၊ ထိပ်ဖျားဖြတ်ခြင်း၊ အမြစ်ဖြတ်ခြင်း၊ အရွက်ညှပ်ခြင်း စတာတွေ အားလုံးလည်း အကျုံးဝင်ပါတယ်။ သီးကိုင်းမွေးခြင်းသားတက်ဖဲ့ခြင်း လုပ်ငန်းစဉ်တွေကို ခရမ်းချဉ်မျိုးအလိုက်၊ ဒေသရာသီအလိုက် အခြေအနေအရ ဆောင်ရွက်ရတာပဲ ဖြစ်ပါတယ်။

**နန်းထက်ထက်ချစ်**



# ဆောမြို့နယ်အတွင်းမှ လယ်မြေများ၌ စိုက်ပျိုးထားသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီများ ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေ

**ဆော မတ် ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးသည့် လယ်မြေများတွင် စပါးစိုက်ပျိုးပြီးနောက် သီးထပ်အဖြစ် ကြက်သွန်ဖြူနှင့် ကြက်သွန်နီများကို ဒေသခံတောင်သူများက စိုက်ပျိုးထားကြရာ မကြာမီ ကြက်သွန်များ ပေါ်တော့မည်ဖြစ်၍ ကြက်သွန်ပေါ်ချိန်တွင် ဈေးကောင်းရရှိရန် တောင်သူများအနေဖြင့် မျှော်လင့်နေကြကြောင်း သိရသည်။

လယ်မြေများ၌ သီးထပ်အဖြစ် ကြက်သွန်ဖြူနှင့် ကြက်သွန်နီများ စိုက်ပျိုးရာတွင် အစိုဓာတ်မီသော လယ်မြေများတွင်လည်းကောင်း၊ ရေသွင်းမှုလွယ်ကူသည့် လယ်မြေများတွင်လည်းကောင်း စိုက်ပျိုးကြကာ ဆောင်းသီးနှံအဖြစ် သီးထပ်စိုက်ပျိုးကြခြင်းဖြစ်သည်။

"စပါးပြီးရင် ဆောင်းသီးနှံအဖြစ် ကြက်သွန်ဖြူကို အဓိကထားစိုက်ပျိုးပါတယ်၊ စက်ငှားပြီး ထွန်ရပါတယ်၊ ပြီးတော့ သဘာဝမြေဩဇာ၊ အာမိုမြေဩဇာ စတာတွေ ထည့်ပြီး မြေပြင်ပါတယ်၊ တစ်ပင်နဲ့တစ်ပင် လေးသစ်တဝါးခွာပြီး စိုက်ပါတယ်၊ ပြီးရင် ရေသင့်အောင် သွင်းပါတယ်၊ တစ်ပတ်အကြာမှာ အပင်ပေါက်တွေကို တွေ့ရပါတယ်၊ တစ်ကေစိုက်ပျိုးစရိတ်အနေနဲ့ ကျပ်တစ်သိန်းကျော် ကုန်ကျမှုရှိပါတယ်။ မနှစ်က ကြက်သွန်ပေါ်တဲ့အချိန်မှာ ကြက်သွန်ဖြူ တစ်ပိဿာကို ကျပ် ၁၃၅၀ နဲ့ ကြက်သွန်နီ တစ်ပိဿာကို ကျပ် ၅၀၀ ပဲ ရရှိခဲ့ပါတယ်။ လက်ရှိပေါက်ဈေးက ကြက်သွန်ဖြူတစ်ပိဿာကို ကျပ် ၂၃၀၀ နဲ့ ကြက်သွန်နီ တစ်ပိဿာကို ကျပ် ၇၀၀ နှုန်းအထိ ရှိနေတော့ ကြက်သွန်ပေါ်ချိန်မှာလည်း အဲလို ဈေးကောင်းရမယ်လို့ မျှော်လင့်ပါတယ်"ဟု အညာကတင်းကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးထားသော ကြက်သွန်များမှာ မတ်လ နောက်ဆုံးပတ်ခန့်တွင် ထွက်ပေါ်မည်ဖြစ်ပြီး ကြက်သွန်ပေါ်ချိန်၌ ဒေသတွင်း ရောင်းဝယ်ခြင်းအပြင် ချောက်၊ ဆိပ်ဖြူ၊ ပခုက္ကူ စသည့် မြို့များသို့ တင်ပို့ ရောင်းချမှုများလည်းရှိကြောင်း သိရသည်။ (၁၄၄)



လယ်မြေများတွင် စိုက်ပျိုးအောင်မြင်နေသော ကြက်သွန်ခင်းများ။

# ငါန်းဇွန်မြို့နယ် ရေလည်သောင်(အရှေ့)ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားလိုင်းသွယ်တန်းနေ

**ငါန်းဇွန် မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ရေလည်သောင်(အရှေ့) ကျေးရွာ၌ ရွာတွင်း လျှပ်စစ်မီးလင်းရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၁၁ သန်းနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေ ကျပ် ၁၆ ဒသမ ၂၄ သန်း၊ စုစုပေါင်း ကျပ် ၂၇ ဒသမ ၂၄ သန်းဖြင့် ကုမ္ပဏီတစ်ခုက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းသွယ်တန်းနေမှုကို ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများက မတ် ၁ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး လုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် ကုမ္ပဏီနှင့် ကျေးရွာမှ တာဝန်ရှိသူများအား မှာကြားသည်။

လက်ရှိအချိန်တွင် ရေလည်သောင်(အရှေ့) ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# တိုရီနိုအသင်းရဲ့ ရှန်းအား လာဇီယိုအသင်းအပေါ် မည်မျှအထိ သက်ရောက်မှုရှိမလဲ



■ မိုးဇက် - စုစည်းသည်

**လာဇီယို vs တိုရီနို**

ပထမအကျော့ရလဒ် တိုရီနို ၃-၄ လာဇီယို

အီတလီစီးရီးအေပွဲစဉ် (၂၅) အဖြစ် လာဇီယိုအသင်းနဲ့ တိုရီနိုအသင်းတို့ပွဲစဉ်ကို မတ် ၃ ရက် နံနက်အစောပိုင်းမှာ လာဇီယိုအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ လာဇီယိုအသင်းရဲ့ ခြေစွမ်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းကို လေးဂိုး-တစ်ဂိုး၊ ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းအကျဘက်ရောက်နေပါတယ်။ ပြီးခဲ့တဲ့ပွဲမှာ ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းကောင်းမွန်ခဲ့တာကို တွေ့ရတယ်။ လာဇီယိုအသင်းက မတ် ၇ ရက်မှာ အသင်းကြီး ဂျူဗင်တပ်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ယခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ တိုရီနိုအသင်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ခုနစ်ပွဲမှာ ခြောက်ပွဲအထိ သရေကျထားပြီး တစ်ပွဲသာ နိုင်ပွဲရယူထားနိုင်ပေမယ့် ခြေစွမ်းကအကောင်းဘက် ဦးတည်နေတာကို တွေ့ရတယ်။ စီးရီးအေအမှတ်ပေးဇယားမှာ ၂၃ ပွဲကစားပြီး ရမှတ် ၂၀ ဖြင့် တန်းဆင်းဇုန်အထက်မှာ ရပ်တည်နေတာကြောင့် နိုင်ပွဲရရှိအောင် အားစိုက်ကစားလာမှာ သေချာပါတယ်။ ဒီနှစ်သင်း ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာတော့ အပြန်အလှန် သွင်းဂိုးတွေနဲ့အတူ သုံးဂိုး-လေးဂိုးနဲ့ လာဇီယိုအသင်းက အနိုင်ရရှိထားပါတယ်။

### စီးရီးအေ ၂၃ ပွဲမှာ သုံးပွဲသာ နိုင်ပွဲရရှိ

လာဇီယိုအသင်းက ယခုနှစ်စီးရီးအေမှာ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်း ၁၂ ပွဲမှာ ၂၃ မှတ်စုဆောင်းထားနိုင်ပါတယ်။ အဝေးကွင်း ၁၂ ပွဲမှာ ရမှတ် ၂၀ စုဆောင်းထားနိုင်ပါတယ်။ ဒါကြောင့် လာဇီယိုအသင်းအနေနဲ့ ယခုနှစ်ရာသီ စီးရီးအေမှာ အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်မှု ကောင်းမွန်နေတာကို သတိပြုရမယ်။ တိုရီနိုအသင်းက ယခုနှစ်ရာသီ စီးရီးအေမှာ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်း ၁၁ ပွဲမှာ ခုနစ်မှတ်သာ ရရှိထားပါသေးတယ်။ အဝေးကွင်း ၁၂ ပွဲမှာ ၁၃ မှတ်စုဆောင်းထားနိုင်တာကြောင့် အဝေးကွင်းစွမ်းဆောင်ရည် ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ တိုရီနိုအသင်းအနေနဲ့ ယခုနှစ်ရာသီ စီးရီးအေ ၂၃ ပွဲမှာ သုံးပွဲသာ နိုင်ပွဲရရှိထားပါတယ်။ ရရှိထားတဲ့ နိုင်ပွဲသုံးပွဲကလည်း အဝေးကွင်းမှာပါ။

### တိုရီနိုရဲ့ ရှန်းအားကို စောင့်ကြည့်ရမယ်

ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်းနဲ့ တိုရီနိုတိုက်စစ်မှူး ဗာဒီတို့ရှိနေပါတယ်။ အင်မိုဘိုင်းက စီးရီးအေ ၂၂ ပွဲမှာ ၁၄ ဂိုးအထိ သွင်းယူပေးထားနိုင်ပြီး တိုရီနိုတိုက်စစ်မှူး ဗာဒီက ၁၉ ပွဲမှာ တစ်ဂိုးသာ သွင်းယူထားနိုင်ပါသေးတယ်။ မည်သို့ပင်ဆိုစေ တန်းဆင်းဇုန်ဖိအားကြောင့် ရှန်းထွက်လာမယ့် တိုရီနိုအသင်းအနေနဲ့ လာဇီယိုအသင်းအပေါ် ဘယ်လောက်အထိ သက်ရောက်မှုရှိမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# နိုင်ပွဲရရှိရေးဦးတည်လာမယ့် ဂျူဗင်တပ်စ်ကို စပီဇီယာအသင်း ဟန့်တားသွားနိုင်မလား



**ဂျူဗင်တပ်စ် vs စပီဇီယာ**

ပထမအကျော့ရလဒ် စပီဇီယာ ၁-၄ ဂျူဗင်တပ်စ်

အီတလီစီးရီးအေပွဲစဉ် (၂၅) အဖြစ် ဂျူဗင်တပ်စ်အသင်းနဲ့ စပီဇီယာအသင်းတို့ပွဲစဉ်ကို မတ် ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်မှာ ဂျူဗင်တပ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းက စီးရီးအေ ၂၃ ပွဲကစားပြီးချိန်မှာ ရမှတ် ၄၆ မှတ်နဲ့ အဆင့် (၃) နေရာမှာ ရပ်တည်နေပါတယ်။ ဒါကြောင့် ယနေ့ပွဲမှာ ဦးဆောင်သူ အင်တာမီလန်အသင်းနဲ့ရမှတ်ကွာဟမှုကို လျှော့ချနိုင်ဖို့အတွက် နိုင်ပွဲရရှိရေးကို ဦးတည်လာမှာပါ။ ဂျူဗင်တပ်စ်အသင်းက အဆိုပါ ၂၃ ပွဲမှာ ပေးဂိုး ၂၀ သာ ခွင့်ပြုပေးထားရတာကြောင့် ယခုနှစ်ရာသီ စီးရီးအေမှာခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ စပီဇီယာအသင်းက ၂၄ ပွဲမှာ ၂၅ မှတ်နဲ့ အဆင့် (၁၄) နေရာမှာ ရပ်တည်နေပါတယ်။ အဆိုပါ ၂၄ ပွဲမှာ ပေးဂိုးက ၄၃ ဂိုးအထိ ရှိတာကြောင့် ခံစစ်အဆိုးဆုံးအသင်းမှာ ပါဝင်နေပါတယ်။ ဂျူဗင်တပ်စ်အသင်းက ပြီးခဲ့တဲ့ နှစ်ပွဲမှာ ခရိုတုန်းအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပြီး ဗီရိုနာအသင်းနဲ့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိတာကို တွေ့ရတယ်။ စပီဇီယာအသင်းက ပြီးခဲ့တဲ့ နှစ်ပွဲမှာ ဖီအိုရင်တီးနားအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပေမယ့် ပါးမားအသင်းနဲ့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေကျထားပါတယ်။

### စီးရီးအေ ပွဲ ၂၀ မှာ ၁၉ ဂိုးသွင်းထား

ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး စီရော်နယ်ဒိုနဲ့ စပီဇီယာအသင်းတိုက်စစ်မှူး အင်ဇိုလာတို့ရှိနေပါတယ်။ စီရော်နယ်ဒိုက စီးရီးအေ ပွဲ ၂၀ မှာ ၁၉ ဂိုးအထိ သွင်းယူပေးထားနိုင်တာကို တွေ့ရတယ်။ အင်ဇိုလာက ၁၄ ပွဲမှာ ကိုးဂိုးသာ သွင်းယူထားနိုင်ပါသေးတယ်။ ဒ့ါအပြင် စီရော်နယ်ဒိုက အဆိုပါ ပွဲစဉ် ၂၀ မှာ ဂိုးပေါက်တည့်မတ်မှု ၄၄ ကြိမ်အထိ ကန်သွင်းယူထားနိုင်ပေမယ့် အင်ဇိုလာက ၁၄ ပွဲမှာ ၁၂ ကြိမ်သာ ဂိုးပေါက်တည့်မတ်အောင် ကန်သွင်းယူထားနိုင်တာကို တွေ့ရတယ်။ ကွင်းလယ်ပိုင်းမှာ ဂျူဗင်တပ်စ်အသင်းမှ ချီယေဆာနဲ့ စပီဇီယာအသင်းမှ ရစ်စီတို့ရှိနေသည်။ ဂျူဗင်တပ်စ်အသင်းက မတ် ၇ ရက်မှာ လာဇီယိုအသင်းနဲ့ပွဲကျပ်ကစားရမှာဖြစ်တာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာဖြစ်သလို အမှတ်ပေးဇယားဦးဆောင်သူ အင်တာမီလန်အသင်းနဲ့ ရမှတ်ကွာဟမှု လျှော့ချနိုင်ဖို့လည်း ယနေ့ပွဲစဉ်မှာ နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ စပီဇီယာအသင်းကလည်း တန်းဆင်းဇုန်က ကက်ဂလီယာလီအသင်းနဲ့ ရမှတ်ကွာဟမှု ခုနစ်မှတ်သာရှိတာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဒါပေမယ့် ခံစစ်အကောင်းဆုံးအသင်းအဖြစ်ရှိနေတဲ့ ဂျူဗင်တပ်စ်အသင်းကို အနိုင်ရရှိဖို့ မလွယ်ပါဘူး။

## နောက်ဆုံးရ သတင်းတိုများ

■ ဘိုင်ယန်မြူးနစ်အသင်းသည် နာပိုလီအသင်းမှ အသက် ၂၉ နှစ်အရွယ် ဆီနီဂေါဗဟိုခံစစ်ကစားသမား ကူလီဗာလီအတွက် ပေါင် ၃၉ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ရီးရဲမက်ဒရစ်အသင်းသည် ဆက်ဆူအိုလိုအသင်းမှ အီတလီကွင်းလယ်ကစားသမား လိုကာတယ်လီ (၂၃နှစ်) ကို ခေါ်ယူရေးတွင် မန်စီးတီး၊ ဂျူဗင်တပ်စ်အသင်းနှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဆက်ဆူအိုလိုအသင်းအတွက် စီးရီးအေ ၂၁ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။

■ တနင်္ဂနွေနေ့တွင် လက်စတာအသင်းက အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့သောပွဲစဉ်၌ လက်စတာအသင်းမှ တောင်ပံကစားသမား ဘားနက်စ်သည် ဒူးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နည်းပြ ရော်ဂျာက အဆိုပါ ကစားသမားအနေဖြင့် ဒဏ်ရာကို ခွဲစိတ်ကုသရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။



■ ဘန်လေနှင့် နယူးကာဆယ်အသင်းတို့သည် ဘင်ဖီကာအသင်းမှ အသက် ၂၁ နှစ်အရွယ် တာဗာရက်စ်ကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ အဆိုပါ ကစားသမားကို အီတလီကလပ် နာပိုလီအသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ ပေါ်တူဂီလိဂ်တွင် ၁၁ ပွဲပါဝင်ကစားခွင့် ရရှိထားသည်။

■ လီဗာပူးနည်းပြ ကလော့ပ်က အသင်းမှ အီဂျစ်တိုက်စစ်မှူး ဆာလာသည် အန်ဖီးလ်တွင် အရေးပါသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ အသင်းတွင် ကာလရှည်နေသွားရန် မျှော်လင့်နေကြောင်း ပြောကြားလိုက်သည်။ ဆာလာသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် အသင်းအတွက် ၂၅ ပွဲတွင် ၁၇ ဂိုးသွင်းယူပေးထားနိုင်သည့် ကစားသမားဖြစ်သည်။

# စတန်းဖို့ဒ်ဘရစ်မှာ တစ်မှတ်စီခွဲယူခဲ့တဲ့ ချယ်ဆီးနဲ့ မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၆) အဖြစ် ချယ်ဆီးနှင့် မန်ယူအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေ ရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

### ချန်ပီယံဖြစ်ရေး မေးမှိန်စပြုလာ

ချယ်ဆီးအသင်းရော မန်ယူအသင်းပါ နိုင်ပွဲရရှိရေးကို ဦးတည်လာသော်လည်း အဆုံးသတ်မသေချာမှု၊ ဂိုးသမားများ ကာကွယ်ထားနိုင်မှုတို့ကြောင့် ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ယခုပွဲစဉ်ကို သရေကျခဲ့သောကြောင့် ရမှတ် ၅၀ ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေသော်လည်း ဦးဆောင်သူ မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှုတွင် ၁၂ မှတ်အထိ ရှိလာပြီဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ယခုနှစ်ရာသီ ပရီမီယာလိဂ် ချန်ပီယံဖြစ်ရေးတွင် မေးမှိန်စပြုလာပြီဖြစ်သည်။ ချယ်ဆီးအသင်းက ယခုပွဲစဉ်ကို သရေကျမှုကြောင့် ရမှတ် ၄၄ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည်။

### နှစ်ကျော့စလုံး ဂိုးမရှိသရေကျ

ချယ်ဆီးနှင့် မန်ယူအသင်းတို့ ယခုပွဲစဉ်ကို သရေကျခဲ့ခြင်းသည် ၁၉၂၁-၂၂ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်တွင် ပထမဆုံးအကြိမ် နှစ်ကျော့စလုံး ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ချယ်ဆီးနည်းပြ တူချယ်သည် ၂၀၁၁-၂၀၁၂ ခုနှစ် ရော်ဂျာပြီးနောက် ပရီမီယာလိဂ်တွင် အိမ်ကွင်းလေးပွဲဆက် ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည့် ဒုတိယမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



ချယ်ဆီးနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ချယ်ဆီးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၅ ရက်တွင် အသင်းကြီး လီဗာပူးအသင်းနှင့် ထပ်မံရင်ဆိုင်သွားရမည် ဖြစ်သည်။ မန်ယူအသင်းက လာမည့်ပွဲစဉ်အဖြစ် မတ် ၄ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ဗီလာရီးရဲကို နှစ်ဂိုးပြတ် အနိုင်ယူခဲ့တဲ့ အေတီမက်

စပိန်လာလီဂါပွဲစဉ် (၂၅) အဖြစ် ဗီလာရီးရဲအသင်းနှင့် အမှတ်ပေးဇယားဦးဆောင်သူ အက်သလက်တီကို မက်ဒရစ်အသင်းတို့ပွဲစဉ်ကို မတ် ၁ ရက် နံနက်ပိုင်းက ဗီလာရီးရဲအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အေတီမက်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာမှ ဘာစီလိုနာအသင်းကို ငါးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

အေတီမက်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန်အတွက် အဓိကကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ ပွဲချိန် ၂၇ မိနစ်တွင် ဗီလာရီးရဲအသင်းမှ ပီဒရာဇာ ကိုယ့်ဂိုးကိုယ် သွင်းယူမိသလိုဖြစ်ခဲ့၍ အေတီမက်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အေတီမက်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် ဖီးလစ်က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အေတီမက်အသင်းသည် ဗီလာရီးရဲအသင်းကို အနိုင်ရရှိခဲ့သည်ဆိုသော်ငြား စုစုပေါင်း ဂိုးကန်သွင်းချက် ခြောက်ကြိမ်သာရှိခဲ့သည်။ ဗီလာရီးရဲအသင်းက ဂိုးကန်သွင်းချက် ၁၉ ကြိမ်အထိ ရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲခြင်း မရှိသောကြောင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အေတီမက်အသင်းသည် ယခုနှစ်ရာသီ လာလီဂါ ၂၄ ပွဲကစားပြီး ၁၆ ဂိုးသာ ခွင့်ပြုပေးထားရသောကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေသည်။ အေတီမက်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် အသင်းကြီး ရီးရဲမက်ဒရစ်အသင်းနှင့် မတ် ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ဗီလာရီးရဲအသင်းဘက်သို့ အက်သလက်တီကို မက်ဒရစ်အသင်း ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

■ အောင်ဇော် - စုစည်းသည်



အေစီမီလန်မှ ကက်ဆီ ပယ်နယ်တီဘောလုံးကန်သွင်းစဉ်။

# ရိုးမားကို အနိုင်ယူပြီး ချန်ပီယံအိပ်မက် ပြန်လည်ရှင်သန်လာတဲ့ အေစီမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၄) အဖြစ် ရိုးမားအသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်ကို မတ် ၁ ရက် နံနက်ပိုင်းက ရိုးမားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်အသင်းအတွက် ဂိုးများကို ကက်ဆီနှင့် ရီဘစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အမှတ်ပေးဇယားရပ်တည်မှုအရ အနိုင်ရရှိရေး ဦးတည်လာသည့် အသင်းနှစ်သင်းဖြစ်သောကြောင့် ပွဲစသည်နှင့်တစ်ပြိုင်နက် အကြိတ်အနယ်ရှိခဲ့သည်။ ဦးဆောင်ဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် အေစီမီလန်အသင်းက စတင်ရရှိခဲ့သည်။ အဆိုပါဂိုးကို ပယ်နယ်တီမှတစ်ဆင့် ကက်ဆီက သွင်းယူပေးနိုင်ခဲ့သည်။ ရိုးမားအသင်းအတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၅၀ တွင် ဗီရီတော့က သွင်းယူပေးနိုင်ခဲ့သည်။ အေစီမီလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ရီဘစ်က ပွဲချိန် ၅၈ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် အမှတ်ပေးဇယားဦးဆောင်သူ အင်တာမီလန်အသင်းနှင့် ရမှတ်ကွာဟမှု လေးမှတ်အကွာသို့ ရောက်ရှိလာခဲ့သည်။ အေစီမီလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၄ ရက်တွင် အူဒီးနိစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို မချမ်းဘောမြို့ ကျေးရွာခြောက်ရွာ၌ အကောင်အထည်ဖော်မည်

**မချမ်းဘော မတ် ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို ကျေးရွာခြောက်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါစီမံကိန်း၏ ရည်ရွယ်ချက်များမှာ ကျေးလက်နေ ပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်ရေးဆွဲ ဖော်ထုတ်နိုင်ရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့် ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများကို မြို့နယ်အဆင့် ဦးစီးဌာနများ၏ ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန်ဟူ၍ ဖြစ်သည်။

စီမံကိန်း၏ ရည်ရွယ်ချက်၊ အကောင်အထည်ဖော်သည့် နည်းလမ်း စသည်တို့ကို ရှင်းလင်းစွာ သိရှိနားလည်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန် ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၈ ရက်က သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ **(အပေါ်ပုံ)** သင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာခြောက်ရွာမှ သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် မတ် ၁**

ပြည်ပမှ ပြန်လည် ဝင်ရောက်လာသည့် မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ်အဆောင်၌ ကန့်သတ်ထားရှိခဲ့သည်။

ထိုသို့ ကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည် ဝင်ရောက်လာသူ ၁၀၃ ဦးကို ဖေဖော်ဝါရီ ၂၈ ရက်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော် ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## သွေးသည် အသက်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
### တာချီလိတ်မြို့နယ် တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၆

| | | |
|---|---|---|
| တက မြင့်နိုင် | **နှင့်** | ဒေါ်စန်းထွေး |
| ခ-မ-ရ(၅၂၆) | | ဓမ္မာရုံလမ်း၊ မအူကုန်းရပ်ကွက်၊ |
| တာချီလိတ်မြို့ | | လက်ပံတန်းမြို့နယ်၊ |
| | | ပဲခူးတိုင်းဒေသကြီး |
| **တရားလို** | | **တရားပြိုင်** |

ဓမ္မာရုံလမ်း၊ မအူကုန်းရပ်ကွက်၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေ ဒေါ်စန်းထွေးအား သိစေရမည်။

သင်တို့အပေါ်၌ တရားလို တကမြင့်နိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက် (၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီဟအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တာချီလိတ်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အမက(မိုင်းလုံး)မှ မူလတန်းကျောင်းအုပ် ဒေါ်အေးခင်(ခ) ဒေါ်ခေင် ၁၃/ညရန(နိုင်)၀၀၈၈၉၇ မှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်ဦးဖော်(ခ) ဦးဖော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ ရွှေနံ့သာအရှေ့ရပ်၊ မြေရေိယာ ဝဒသမ ၀၈၂ ဧက၊ မြေကွက်အမှတ် (ဥ-၁၇၃၅)၊ ဒေါ်ယဉ်ယဉ်ထွန်း (ဘ) ဦးအိုက်ကိုရီ ၉/ ပဥလ(နိုင်)၀၂၀၀၂၄ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခိုင်ဇာလွင် (ဘ) ဦးသန်းလွင် ၈/ သရန(နိုင်)၀၇၇၀၀၉ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာ ယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန်ထရိုက်တာ ဦးမောင်မောင်စည်သူလှိုင် ၁၂/ မရက(နိုင်)၀၀၂၃၉၁ နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ အမှတ်(၉၈)နေ (၁)ဦးအောင်မြင့်၊ (၂) ဦးထွန်းဖြူ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ အမှတ်(၉၈)၊ အကျယ် ပေ(၂၅x၅၀) မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးမောင်မောင်စည်သူလှိုင်နှင့် မြေရှင်များဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေတို့သည် နှစ်ခန်းတွဲ (၆- ထပ်) တိုက်သစ်ဆောက်လုပ်ရန် (၁၃-၁၀-၂၀၁၃)ရက်တွင် စာချုပ်ချုပ်ဆိုခဲ့သော်လည်း ဦးမောင်မောင်စည်သူလှိုင်သည် တိုက်သစ် ဆောက်လုပ်ရန် လုပ်ငန်းတစ်စုံတစ်ရာ ပြင်ဆင်ခြင်း၊ လုပ်ဆောင်ခဲ့ခြင်းမရှိသဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ပေးပါရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းလုံးဝမရှိခဲ့ကြောင်း၊ ထို့နောက်ပိုင်းတွင် စာချုပ်လိပ်စာပါ နေအိမ်မှ ပြောင်းရွှေ့သွားပြီဖြစ် ကြောင်း၊ ယနေ့ထိတိုင် ဆက်သွယ်၍ မရခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိခဲ့ရပါသည်။

၂။ သို့ပါ၍ ကန်ထရိုက်တာ ဦးမောင်မောင်စည်သူလှိုင်သည် ဤကြေညာစာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေများနှင့် ဆက်သွယ်၍တိုက်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် တစ်စုံတစ်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက (၁၃-၁၀-၂၀၁၃)ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက်စနစ်အရ (နှစ်)ခန်းတွဲ (၆-ထပ်)တိုက် အပြည့် (RC) အဆောက်အအုံအသစ် တည်ဆောက်ခြင်းနှင့် တိုက်ခန်းအကျိုး ခွဲဝေခံစားခြင်း နှစ်ဦးသဘောတူကတိစာချုပ်ကို အပြီး တိုင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေများပိုင် အထက်အပိုဒ် (၁) ပါမြေကွက်သည်လည်း ဦးမောင်မောင်စည်သူလှိုင်နှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း၊ အခွင့်အရေးတောင်းဆိုခွင့် လုံးဝမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**LL.B, D.I.R, D.I.L,D.M.L,DL-101(WIPO)**
**ဦးတင့်ကျော် (အထက်တန်းရှေ့နေ၊ စဉ်-၃၀၉၁၃)LL.B**
**အမှတ်(၆၅၃)၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
ဖုန်း-၀၉-၅၁၉၇၉၃၂ **Email:htarnwekhin92@gmial.com**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၂၄၈ တွင် ဖွင့်လှစ်ထားသော လင်းလက်ရွှေရည် ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၁၄၆၁၉၉၆၅)သည် ၂၇-၂-၂၀၂၁ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် (၉၀၀)(တန်ဖိုးကျပ်သိန်း ၉၀၀)မှ အစုရှယ်ယာအရေအတွက် (၇၅၀)(တန်ဖိုးကျပ်သိန်း ၇၅၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒါရိုက်တာအဖွဲ့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်နေ ဦးသန်းဦး ၁၃/ ရစန(နိုင်) ၀၂၈၀၃၈-ဒေါ်မြင့်မြင့်စိန် ၉/ တသန(နိုင်)၀၆၉၁၂၁တို့၏ သား မောင်ကျော်ဇင်သက် ၁၃/ရစန(နိုင်)၀၉၄၅၇၈ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူ နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသန်းဦး- ဒေါ်မြင့်မြင့်စိန်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ ပန်းခင်းရပ်၊ ဦးပိုင်/မြေကွက်အမှတ်(၁၆၃/၂)၊ ဧရိယာ ဝဒသမ၀၅၅ဧကရှိမြေအား ဦးကျော်ထင် ၇/ သနပ(နိုင်)၀၇၆၁၂၇ မှ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မော်လမြိုင်မြို့နယ်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၅၆ နှင့်ဆက်နွှယ်သည့် ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ်-၃

| | | |
|---|---|---|
| ၁။ ဦးမင်းသိန်းရွှေ | | ဦးမောင်သိန်း |
| ၂။ ဒေါ်မိထွေးထွေးရီ | နှင့် | |
| ဒီကရီအနိုင်ရသူများ | | တရားရှုံး |

မော်လမြိုင်မြို့၊ ပဲခူးချောင်းရပ်၊ ဓမ္မစာရီလမ်း၊ အမှတ်(၄/အေ)နေ ဦးမောင်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရ မည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၅၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမင်းသိန်းရွှေပါ(၂)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ အကြောင်းပြနိုင်သည့် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ခုနှစ်၊ မတ် ၂၅ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိဖြိုးဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## အများပြည်သူများသဘောထားတောင်းခံခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်)ရရှိထားသော Irrawaddy Green Towers Limited က မိခင်ကုမ္ပဏီဖြစ် သောIrrwaddy Towers Asset Holding Pte. Ltd (စင်ကာပူ)မှ ပိုင်ဆိုင်သည့် အစုရှယ်ယာ(၁၀၀%)အား CVC Capital Partners (Asia Pacific) မှ ထိန်းချုပ်ထားရှိသော Mercury Sea Pte.Ltd (စင်ကာပူ)သို့ လွှဲပြောင်းရောင်းချလိုခြင်းအတွက် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၃၀ (ဃ) နှင့် အညီ အများပြည်သူသဘောထားတောင်းခံအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း စာတိုက်မှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူပေးပို့၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂-ခ)၊ ဦးပိုင်အမှတ်(၃၅)၊ မြေရေိယာ (၀ဒသမ၀၈၃)ဧကရှိ မြေကွက်အား မူလက ဦးဖော်ဝီးလ အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး (၁-၉-၁၉၉၈)ရက်တွင် ဦးဖော်ဝီးလထံ မှ ဦးဇော်အောင်ကလည်းကောင်း၊ (၁၂-၁၁-၂၀၀၄)ရက်တွင် ဦးဇော်အောင်နှင့် ဒေါ်နန်ဘူတို့(၂)ဦးထံမှ ဦးဆွမ်ဒွဲတန်ဆန်းကလည်းကောင်း၊ (၅-၈-၂၀၀၅)ရက်တွင် ဦးဆွမ်ဒွဲတန်ဆန်းထံမှ ဒေါ်ဂျာတောမ်ကလည်းကောင်း၊ (၁၆-၂-၂၀၁၇)ရက်တွင် ဒေါ်ဂျာတောမ်ထံမှ ဒေါ်ဇယ်နန်းကလည်းကောင်း၊ (၁-၁၀-၂၀၁၈)ရက်တွင် ဒေါ်ဇယ်နန်းထံမှ ဒေါ်ဂျာဆိုင်းကလည်းကောင်း နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြကာ ဒေါ်ဂျာဆိုင်း ၁/မကန(နိုင်)၀၂၇၁၈၂ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် (၁၀-၇-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၇၆၇/၂၀၂၀)ကို (၂၂-၇-၂၀၂၀)ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၃၇၃/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

ဝန်ထမ်းတာဝန်ကို နားလည်ပေးပါ
စာ ၉

ဗြိတိန်နိုင်ငံတွင် လူဦးရေ ၃၀ ရာခိုင်နှုန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေး ပထမဆုံးအကြိမ် ထိုးနှံပေးပြီးဖြစ်
စာ ၁၃

တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြတဲ့ အစ္စရေးနိုင်ငံ၏ ကိုဗစ် - ၁၉ ကာကွယ်ဆေး လျင်မြန်စွာ ထိုးနှံပေးမှု
စာ ၁၄

## ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ကြေညာချက်အမှတ် (၄ / ၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

၁။ နိုင်ငံတော်အနေဖြင့် COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးတို့အတွက် အခွန်ဆိုင်ရာဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပို့ကုန်အပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား ၁–၄–၂၀၂၀ ရက်နေ့မှ ၂၈–၂–၂၀၂၁ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်ခဲ့မှုများ ဆက်လက်ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ ယနေ့အထိ စုစုပေါင်း ၁၃၁၄၈၇ ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်

### COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၈–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၈၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၁,၈၂၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၉၁၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၈၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်း ဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဂွမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာလအတွင်း ယာယီရပ်နားထားရသည့် မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

ဂွ မတ် ၁

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ကာလကြာမြင့်စွာ ယာယီရပ်နားထားခဲ့သည့် မော်တော်ယာဉ်လိုင်းများသည်ဖေဖော်ဝါရီ ၂၇ ရက်မှစတင်ကာ ခရီးစဉ်ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိသည်။

### လိုက်နာဆောင်ရွက်

ထိုသို့ မော်တော်ယာဉ်များ ပြန်လည်ပြေးဆွဲရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ပုံမှန်ကူးသန်း

ဂွမြို့နယ်သည် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေး စသည့် ကုန်စည်စီးဆင်းရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးအတွက် အခြားမြို့နယ်များသို့ မော်တော်ယာဉ်လမ်းကြောင်း ကိုးလိုင်းဖြင့် ယခုအခါ ပုံမှန်ကူးသန်း ဆက်သွယ်သွားလာနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပုံစံကောင်းရရှိနေတဲ့ မန်စီးတီးအသင်းကို ဝုဖ်အသင်း ဟန့်တားသွားနိုင်မလား

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ပွဲကြိုအဖြစ် နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့် ဝုဖ်အသင်းတို့၏ ပွဲစဉ်ကို မတ် ၃ ရက် နံနက် ၂ နာရီခွဲတွင် မန်စီးတီး အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်စီးတီး အသင်းသည် ပရီမီယာလိဂ် ၂၆ ပွဲကစားပြီးချိန်တွင် ၆၂မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် အသင်း ဖြစ်သည်။ ဝုဖ်အသင်းက ၂၆ ပွဲကစားပြီး ၃၄ မှတ်ရရှိထားသည့်အသင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ပွဲ ၂၀ တွင် ပွဲ ၂၀ စလုံးအနိုင်ရရှိအောင် စွမ်းဆောင်ထားသည့်အတွက် ခြေစွမ်းအထူးကောင်းမွန်နေသည့် အသင်းဖြစ်သည်။ ဝုဖ်အသင်းက ဆောက်သမ်တန်၊ လိဒ်စ်အသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သော်လည်း ပြီးခဲ့သည့် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားသောကြောင့် ခြေစွမ်းအတက်ဘက် ဦးတည်နေသည်။ မန်စီးတီးအသင်းသည် မတ် ၇ ရက်တွင် မြို့ခံပြိုင်ဘက် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရန် အားစိုက်ကစားလာဖွယ်ရှိနေသည်။ ထို့အပြင် မန်စီးတီးအသင်းသည် လက်ရှိအချိန်အထိ ပရီမီယာလိဂ် ၂၆ ပွဲတွင် ရဂိုး ၅၂ ဂိုး အထိ ရှိသောကြောင့်

*စာမျက်နှာ ၂၀ ကော်လံ ၄* ☼

